မြို့တော်ရန်ကုန်

ခြောက်ထပ်ကြီး ဘုရားကြီးတိုက်

အဂ္ဂမဟာပဏ္ဍိတ

**မဟာနာယက ဘဒန္တ အာစိဏ္ဏ**

မဟာထေရ်-ရှေသွားစီရင်တော်မူသည်

ပါဠိတော်အဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ်၍ သောတာပန်

သီလဆိုင်ရာစသည် ဆုံးဖြတ်အပ်သော

# သောတာပန္နသီလပ္ပကာသနီကျမ်း

နှင့်

# ဂိလာန ပရိစ္စာဘာဏနာဒီ နယဒီပနီ

---

ဣဋ္ဌာသယ ပိဋကတ် စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၁၈။ ကောဇာ-၁၃၃၆။ ခရစ်-၁၉၇၄။

ရန်ကုန်မြို့တော်

ခြောက်ထပ်ကြီး ဘုရားကြီးတိုက်

အဂ္ဂမဟာပဏ္ဍိတ

# မဟာနာယက ဘဒ္ဒန္တ အာစိဏ္ဏ

မဟာထေရ်-ရေးသားစီရင်တော်မူသည်

ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ်၍ သောတာပန်
သီလဆိုင်ရာစသည် ဆုံးဖြတ်အပ်သော

# သောတာပန္နသီလပ္ပကာသနီကျမ်း

နှင့်

# ဂိလာန ပရိက္ခာရဘာဏနာဒိ နယဒီပနီ

—:o:—

ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
သာသနာ-၂၅၁၈။ ကောဇာ-၁၃၃၆။ ခရစ်-၁၉၇၄။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၇၀၅၃)

ကင်းလွတ်ခွင့်အမှတ်(၀၂၄၁၇)

**ထုတ်ဝေသူ** — ဦးဣန္ဒြိယ
ခြောက်ထပ်ကြီး ဘုရားကြီးတိုက်
ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** — ဦးသန်းမောင်
ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၉၄)
ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄–လမ်း၊ ရန်ကုန်မြို့။

**ဓမ္မဒါန**

**ပထမအကြိမ် စာအုပ်ရေ (၂၀၀၀)**

**၁၃၃၆–ခု၊ နယုန်လ။** **၁၉၇၄–ခု၊ဇွန်လ**

## သံဃာတော်-၁၀၇၀-အလှူအောင်ပွဲ

---

ပေါင်းတော်ချုပ် ဆရာတော်ကြီး၏-ဩဝါဒ

အားထား ကိုးကွယ်ရန်မှာ-

☆ ဗုဒ္ဓံ....ဓမ္မံ....သံဃံ

မိတ်ဆွေအစစ်က-

☆ ကံ....ဉာဏ်....ဝီရိယ

ရန်သူကြီးက-

☆ လောဘ....ဒေါသ....မောဟ

နေ့စဉ်အလုပ်ကြီးက-

☆ ဒါန....သီလ....ဘာဝနာ

အမြဲနှလုံးသွင်းကြရန်-


☆ အနိစ္စ....ဒုက္ခ....အနတ္တ

ဦးမောင်ငွေ အမှတ်-၁၅၊ ၁၄၇-လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ (၁၆-၅-၇၃)

ရန်ကုန်မြို့
ခြောက်ထပ်ကြီး ဘုရားကြီးတိုက်
မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏ
မဟာထေရ်မြတ်၏

# ဇာတာတော်

(သက္ကရာဇ် ၁၂၅၈–ခု၊ နှောင်းတာကူးလဆန်း ၁၀–ရက်
တနင်္ဂနွေနေ့နံနက် နေတက် ၁၀–နာရီဘွား)




ဇေယျတုသက္ကရာဇ် ၁၂၅၈–ခု ခရစ်သက္ကရာဇ် ၁၈၉၇–ခု ဧပြီလ ၁၁–ရက် ကလိယုဂ် ၄၉၉၇–နှစ်ကြွင်း ၁၂၅၈–သူရိယမာသ မိန်ဝေါဟာရမာသ ၁၂၅၈–ခု နှောင်းတာကူးလဆန်း ၁၀–ရက် တနင်္ဂနွေနေ့ နံနက်စက် ၁၀–နာရီနေတက် မြန်မာ

# မဟာထေရ်မြတ်၏ ဇာတာတော်

၁-ချက်တီးကျော် ၂-နာရီ ၃၀-ဗီဇနာပြည့် မေထုန်လဂ် ကြဋ္ဌ စန်း တနင်္ဂနွေ ဟောရတ် တနင်္ဂနွေတြင်း အင်္ဂါ နဝင်း လင်္ဂစီး နက္ခတ် ၄-လုံး ၃-ပါတ် ၆-ဃဋီ ၁၃-ဝိဃဋီ အနုဃဋီထက် လဂ်စီးလျက် ထိုနာရီ၏ ဣဋ္ဌ ဘဝါးသော်ကား ၃-ဘဝါး ၄၀-မုယော ၃-ဆံခြည်ပြည့်ရသော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏဆရာတော် လောင်းလျာ သတိုးသား ရတနာကို ဖွားမြင်သည့် ဇာတာ အာယု ၁၂၀-ရှည်ပါစေ သတည်း။

ဇာတာဖွဲ့ဆရာများ


ဦးဘစိုး အငြိမ်းစား ငါးထပ်ကြီးလမ်း၊

မောင်သောင်းထွန်း (အောဘီစီ-ကူးတို့ဆိပ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်

**သမ္မတနှင့် အစိုးရတို့က သဘော်ာ, ရထား ပထမတန်း**

လက်မှတ်များ ချီးမြှင့်ခြင်းခံရသော



**ဘဒ္ဒန္တ အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)**

**မဟာနာယက-မဟာထေရ်**

# အကြောင်းပြန်နိဒါန်း

အချို့သော ပုဂ္ဂိုလ်များမှာ သပ္ပုရိသူပနိဿယတည်းဟူသော ဆရာကောင်း သမားကောင်း မမှီဝဲ မဆည်းကပ်ဘဲ မိမိဘာသာ အားထုတ်နေသဖြင့်၎င်း၊ အချို့မှာ ဆရာ့ထံပင်မသင်ယူဘဲ စာအုပ် စာတမ်းမျှကို ကြည့်ရှုအားထုတ်သဖြင့်၎င်း၊ မိမိကိုယ်ကို အရိယာဟုသမုတ်ပြီး ငါ-ပညာရှိကြီးဟု အထင်ကြီးနေကြ၏။

ထိုသူများသည် မိမိတို့၏ အပြုအမူ စိတ်နေ စိတ်ထား ဝါသနာစရိုက်နှင့် အရိယာတို့၏ အကျင့်သီလ ခြားနားနေပုံ အမှန်မသိသဖြင့် ရွှေရည်စိမ်ထား လက်ကောက်များ ငရဲမီးက စားသည်ဆို၍ ရွှေကိုလည်း ငရဲမီးက လောင်တတ်သေးသည်ဟု ပြောကာ ရွှေတုကို ညာရောင်းသူကဲ့သို့ အရိယာပုဂ္ဂိုလ်များကိုမဆိုထားဘိ ကလျာဏပုထုဇန် သူတော်စင်တို့ ခါးဝတ်ပုဆိုးကဲ့သို့ အမြဲနိစ္စ အလေးအမြတ်ပြု၍ စောင့်ထိန်းအပ်သော အရိယကန္တ ငါးပါးသီလကိုပင် သောတာပန်ပုဂ္ဂိုလ်များ မလုံခြုံသယောင် ပြောဆိုရေးသားနေကြသည်ကို ကြားရ ဖတ်ရသောအခါ များစွာစိတ်မချမ်းမသာ ဖြစ်ခဲ့ရပါ၏။

ကျမ်းဂန် ဗဟုသုတ မပြည့်ဝသော ပုဂ္ဂိုလ်များ အဘို့ အမှန်-အမှား ခွဲခြားသိနိုင်ရန် ဂန္ထန္တရ ဗဟုသုတနှင့် ပြည့်စုံ

သော ဆရာတော်ကြီးများထံမှ ရှင်းလင်းချက်များကိုလည်း တောင်းတမိခဲ့ပါ၏။

၁၃၂၆-ခု ကဆုန်လပြည့်ကျော် ၃-ရက် စနေနေ့က ပြဿနာတခုနှင့် ဆရာတော်ဘုရားထံ ဖူးမျှော်ရန်ရောက်သဖြင့် ဆရာတော်က ဦးဉာဏုတ္တရထံမှ ၎င်းပြဿနာနှင့် စပ်လျဉ်းသော စာတစောင်ရရှိထားကြောင်း မိန့်ကြားပါသည်။

သို့သော် မကျန်းမမာသည်က တချက် အလုပ်များလွန်းသည်ကလည်း တကြောင်းတို့ကြောင့် ဆရာတော် ဦးဉာဏုတ္တရ လျှောက်ထားသောကိစ္စများကို မဆောင်ရွက် မရေးသားရသေးပေ၊ အားလပ်ကာကူညီ၍ ရေးပေးရန် အမိန့်ရှိသဖြင့် မိမိ အချိန်ကြာမြင့်စွာက မျှော်လင့် တောင်းတခဲ့သော ဆုကြီး တခု ဒီတခါ ပြည့်စုံတော့မှာပါ ကလား-ဟု စဉ်းစားမိ၍ ဝမ်းမြောက်စွာ ဝန်ခံလိုက်ပါ၏။

ဆရာတော်က ရေးသားပုံနှုတ်ဖြင့် ပြောအပ်သည်တို့ကို၎င်း၊ ပါဠိတော် အဋ္ဌကထာတို့မှ ထုတ်နုတ် ဆောင်ယူအပ်သောသာဓကတို့ကို၎င်းအကြမ်းရေးသားပြီးလျှင် ဆရာတော်အား ထပ်မံ၍ ဖတ်ကြားလျှောက်ထားရပါသည်။

ဤကျမ်းစာ အစမှ အဆုံးထိ အပိုစကားများ မညှပ်ဘဲ အမေးပြဿနာ ပုဂ္ဂလဓိဋ္ဌာန်မပါဘဲ ဓမ္မဓိဋ္ဌာန် အားဖြင့် သောတာပန္နအရိယပုဂ္ဂလ၏ အကျင့်သီလနှင့် စပ်လျဉ်းသည့် ပါဠိတော်နှင့် အဋ္ဌကထာဋီကာတို့မှ ထုတ်နုတ်ခါ အခဏ်း အသီးသီး ပိုင်းခြား၍ တိတိကျကျ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။

**သောတာပန္န**၏ အကျင့်သီလတို့ကို ထင်ရှားစွာ ဖော်ပြထားသောကြောင့် ဤကျမ်းကို (**သောတာပန္နသီလပ္ပကာသနီကျမ်း**)ဟု ဆရာတော်က အမည်ပေးထားပါ၏၊ ကိုယ်လုံးပေါ်မှန်ကြီးသည် မိမိကိုကြည့်လာသူတို့၏ ရုပ်ပုံကို ပကတိပုံမှန်အတိုင်း ပြနေသကဲ့သို့ ဤကျမ်းကလည်း သောတာပန္နအရိယာပုဂ္ဂလတို့၏ အလေ့အလာ ဝါသနာစရိုက် အကျင့်တို့ကို ကျမ်းဂန်လာအတိုင်း အတိအကျ ပြထားသောကြောင့် (မဏိအာဒါသ ပတ္တမြားမှန်ကြီး)သဘွယ် ဖြစ်ပါပေသည်။

ထို့ကြောင့် ဤ (သောတာပန္နသီလပ္ပကာသနီကျမ်း)ကို လူတန်းစားမရွေး ယောကျ်ား,မိန်းမ ဘာသာ မခွဲခြားဘဲ ခေတ်ပညာတတ် လူကြီး, လူရွယ်, လူငယ်တိုင်းပင် အကြိမ်ကြိမ် ကြည့်ရှုမှတ်သားပါက ဗဟုသုတတိုးပွား အကျိုးများမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

**အရှင်ခေမိန္ဒသာမိ**

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ

နှင့်

သာသနဓဇဝိနယပါဠိပါရဂူ

ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ရန်ကုန်မြို့။

# ( ခ ) မိတ်ဆက်နိဒါန်း

ဤနိဒါန်းကို မရေးသားမီ ဆရာတော် ရေးသားပြီးခဲ့သော ကျမ်းစာများကို စာရေးသူ အနေနှင့် အနည်းငယ် တင်ပြ အစီရင်ခံလိုပါသည်၊ ဆရာတော်ရေးသားပြီးသမျှသော ကျမ်းများမှာ များသောအားဖြင့် နိဿယကျမ်းနှင့်ယောဇနာ ကျမ်းများသမို့ အချို့ပါဝင်ပြီး ဝိနိစ္ဆယကျမ်းတို့ ဖြစ်ပါသည်၊ နိဿယအဖြစ် ရေးသားပြီးစီးသော ကျမ်းများမှာ-

၁။ ထေရဂါထာပါဠိတော်နိဿယ

၂။ ထေရီဂါထာပါဠိတော်နိဿယ

၃။ လက်ရေးမူနှင့် သံယုတ်ဂါထာ ယောဇနာ

၄။ ဇိနာလင်္ကာရဂါထာ ယောဇနာ

၅။ ဆန်းဂါထာဖွဲ့နည်း အဓိပ္ပါယ် အကျဉ်းများ ဖြစ်ပါသည်။

သမိုင်းကျမ်းစာများမှာမူ-

၁။ ဘုရားကြီးတိုက်သမိုင်း

၂။ ခြောက်ထပ်ကြီး မူလ ရွှေသာလျောင်း သမိုင်း အတ္ထုပ္ပတ္တိအဖြစ် အတ္ထုပ္ပတ္တိများ

၃။ ကောဏ္ဍည ထေရာပဒါန်

၄။ မဟာထေရာစိတ္တဇာတ်နှင့် ထေရုပ္ပတ္တိများ

၅။ အာပတ္တာဓိကရဏ ဝိနိစ္ဆယနှင့် တေဝိဇ္ဇာပတ္တာဓိကရဏ ဝူပသမနစာစောင်

၆။ အိမ်တွင်းအုပ်ချုပ်ရေး ဥပဒေသ

၇။ မရဏာနုဿတိနှင့် ဝိပဿနာကမ္မဋ္ဌာန်းကျမ်း

ဂ။ ဘုရားရှင်၏ အင်္ဂါရပ် ဝိနိစ္ဆယကျမ်းငယ်

ဃ။ သောတာ ပန္န သီလပ္ပကာသနီကျမ်း မှာလည်း သောတာပန္နသီလဆိုင်ရာ စသည်တို့ကို ပါဠိတော် အဋ္ဌကထာ ဋီကာ စုံလင်စွာဖြင့် တန်းဆာ ဆင်ကာ ခက်ရာခက်ဆစ် အဓိပ္ပါယ် အဆီအနှစ်တို့ကိုဖွင့်လှစ်၍ အတိအကျ ဆုံးဖြတ်ရေးသားထားသောကျမ်း ဖြစ်သဖြင့် ဝိနိစ္ဆယကျမ်းစာအဖြစ်ဖြင့် ပါဝင်ပေသည်။ နောက်ဆက်တွဲအနေဖြင့် ပရိတ်ရွတ်သူနှင့် ဂိလာန များအတွက် ကျကျနန ကျင့်သုံးရန် ဂိလာနပရိတ္တာ ဘာဏနာဒိနယ ဒီပနီကိုလည်း ရေးသား ထားပါသည်။

ဤကျမ်းကို ကြည့်ရှု လေ့လာခြင်းအားဖြင့် သောတာပန္န သီလဆိုင်ရာ စသည်၌ မရေမရာ မသေမချာ ဃဂဏန မသိကြသူတို့အဘို့မှောက်ထားသောအိုးကိုလှန်ပြလိုက်ဘိသကဲ့သို့ရင်း၊ အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိလိုက်ဘိသကဲ့သို့ရင်း၊ မျက်စိလည် လမ်းမှား ခရီးသွားနေသူကို လမ်းမှန်ခရီးမှန်ကို ညွှန်ကြားဘိသကဲ့သို့ရင်း အသိဉာဏ် အမြင်မှန်ရအောင် ပို့ဆောင်ပေးသောကျမ်း ဖြစ်သည်ကား မြေကြီးလက်ခတ်မလွဲပေ။

ဤကျမ်းသည် ဆရာတော် ရေးသားပြီးစီးခဲ့သမျှ ကျမ်းစာများတွင် အသေးငယ်ဆုံးသောကျမ်း ဖြစ်သော်လည်း ပဋိပတ္တိသာသနာတော်ဝယ် မင်းသားများ၏ ပထမဦးဆုံး ဆင်မြန်းအပ်သည့် မကိုဋ်သရဖူ တန်ဆာနှင့်တူစွာ ရှေးဦးစွာ

ထိုးထွင်းသည့် ပဋ္ဌမဖလ အရိယပုဂ္ဂလ၏ အရိယာသီလ စောင့်ထိန်းရာဝယ် အဘယ်မျှ ခန္တီ သောရစ္စ မေတ္တာ ကရုဏာ အစွမ်းအားရှိသည်ကို မှတ်ကျောက်တင်ထားရသော ကျမ်းစာဖြစ်သဖြင့် (စာပလ္လင် တင်ကာပြ ယှဉ်သမျှတွင်ဖြင့် သူကသာလျှိုပင် ယဉ်ပါတယ်)ဟု ဆိုရမလောက် ရေးသားပုံဝါကျအနေအထားနှင့် အသုံးအနှုန်း စကားလုံးများက ထိလှမိလှပြီး တိကျနေသည်ကို ဘတ်ရှုသူကိုယ်တိုင်ပင် ခံစားရသည့်ဓမ္မရသ-က သက်သေခံပါလိမ့်မည်။

နက်နဲသောစာပေတို့ကို ပေါ်လွင်ထင်ရှား သိနားလည်အောင် ရေးသားထား၍ ပတ္တမြားမျက်ရှင် လက်ငယ်တာင်ကလွန်ပင်လှပ ရှုမဝသို့-ဟူသည့် အတိုင်း ကြည့်ရှု သူတိုင်း၏စိတ်ဝယ် အမှား-အမှန် ဝေဘန် ပိုင်ခြားနိုင်ပြီး အမှောင်ကွယ်ပျောက် အလင်းရောက်ကာ လျှမ်းတောက်သရေပြည့်ဖြိုးစေနိုင်လိမ့်မည်ဟု ထင်မိပါသဖြင့် ဗုဒ္ဓဘာသာဝင်တို့အဘို့ကိုမဆိုထားဘိ ဘာသာ အမျိုးမျိုး လိုက်စား ဘာသာရေးသမား ပညာရှိတိုင်း လေ့လာ ဘတ်ရှုသင့်ကြောင်း စာရှုသူများအား မိတ်ဆက်စကား ရေးသားလိုက်ပါသည်။

**အရှင်စန္ဒိမာ**
သာသနဓဇ ဓမ္မာစရိယ
ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၊
ရွှေဂုံတိုင်လမ်း၊
ရန်ကုန်မြို့။

## (၈) အဘိဓာန်ဋီကာ

သို့-

ဘုရားကြီးဆရာတော်
အဂ္ဂမဟာပဏ္ဍိတ မှ-
ဘုရားကြီးတိုက် ဦးညာဏုတ္တရ
ရွှေဂုံတိုင်လမ်း၊ ရန်ကုန်မြို့။ အဂ္ဂမဟာပဏ္ဍိတ
တိပိဋကပါဠိမြန်မာ
အဘိဓာန်ဌာန
ဇမ္ဗူဒိပကျောင်းဆောင်
ကမ္ဘာအေးစေတီ
ရန်ကုန်မြို့။

နေ့စွဲ၊ ၁၃၂၇-ခု နယုန်တန်ခူးလဆန်း (၈)ရက်၊

ဤစာနှင့်အတူ ပူးတွဲလျက် ရွှေဥဒေါင်း၏ ဆွေးနွေးခဏ်း ဆောင်းပါးမှ သောတာပန်နှင့် စပ်လျဉ်းသော အချက် အလက်များကို ကူးယူပြီး ရိုသေစွာ ဆက်ကပ်တင်ပြ အပ်ပါ သည်ဘုရား။

ယင်း ဆောင်းပါး၏ ခေါင်းစီး၌ ခေတ်လူငယ်များ စဉ်းစားထိုက်သည့် အချက်အလက်များဟု ပါရှိသော်လည်း ဤခေတ်နှောင်း ခေတ်လူငယ် လူကြီးအားလုံးပင် စဉ်းစား ထိုက်သည့် အချက်အလက်များဖြစ်ပါသည်ဘုရား။

စင်စစ်အားဖြင့် သံဃာများက ပိုမို၍ပင် စဉ်းစားထိုက် သည့် အချက်အလက်များဟု သဘောရပါသည်အရှင်ဘုရား။

သို့ပါသောကြောင့် ဆက်ကပ်တင် ပြအပ်သော ယင်း ဆောင်းပါးရှင် ရွှေဥဒေါင်း၏ ယူဆရေးသားချက်များကို

သုံးသပ်ဆင်ခြင်တော်မူပြီးလျှင် မည်သည့်အချက်သည် မှန်၏ ဘုရားအလိုတော်အား လျော်၏။

ဘုရား တရား သံဃာကို ချီးမွမ်းရာရောက်၏၊ သာသနာ တော် တည်တံ့စည်ပင်ခြင်းငှာ ဖြစ်၏၊ မည်သည့်အချက်ကား မှား၏၊ ဘုရားအလိုတော်နှင့် ဆန့်ကျင်၏၊ ဘုရား တရား သံဃာကို ကဲ့ရဲ့ရာရောက်၏။

သာသနာတော်ဆုတ်ယုတ် ပျောက်ကွယ်ခြင်းငှာ ဖြစ်၏၊ ဤသို့ စသည်ဖြင့် နှစ်သက်လက်ခံတော်မူသည့် အတိုင်း အကိုးအစုံအလင်နှင့်တကွ အဆုံးအဖြတ် ပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားပါသည်ဘုရား။

အမှန်အမှား မခွဲခြားနိုင်မှု၍ သို့လော သို့လော တွေး တောယမ်းဆ ဒွေဠ္ဟကဖြစ်လျက်ရှိကြသော လူ ရှင် ရဟန်းတို့ အား သနားကရုဏာ ထားတော်မူသော အားဖြင့် အမှန် အမှား ထင်ရှား စေတော်မူလိမ့်မည်ဟု ယုံကြည်မျှော်လင့် ပါသည်ဘုရား။

ဉာဏုတ္တရ။

# အဘိဓာဝစ်ကနှင့် စပ်သောစကားများ

၁၃၂၇-ခုတပေါင်း လပြည့်ကျော် ၇-ရက် တနင်္ဂနွေနေ့ လုပ်သားပြည်သူ့ သတင်းစာမှ ထုတ်နှုတ်ချက် ဗုဒ္ဓဝါဒရှုဒေါင့် ၃၉- ရွှေဥဒေါင်း၏ ဆွေးနွေးခန်း ခေတ်လူငယ်များ စဉ်းစားထိုက်သည့်အချက်အလက်များ

(ခ) တက္ကသိုလ်ကျောင်းသားနှင့် ဆွေးနွေးခန်း။

**တက်။** ။ကိုယ်ကျင့်တရားနှင့် ပတ်သက်လို့ ကိုယ်ချင်းစာနာ တတ်လျှင် လုံလောက်ပြီလား ဆရာကြီး။

**နှုပ်။** ။မကောင်းမှု ပယ်ရုံလောက်ကတော့ လုံလောက် ပါတယ်၊ သို့သော်မောင်က သောတာပန်ဖြစ်ချင်တဲ့ လူတယောက်ဖြစ်လေတော့မကောင်းမှုပယ်ရုံလောက် နဲ့မပြီးပေဘူး၊ ကောင်းတဲ့ အရည်အချင်း များပါ ပြည့်စုံအောင် ပြုလုပ်ထားဘို့လိုတယ်။

**တက်။** ။လုပ်ပါမည်ခင်ဗျာ၊ ပြောသာပြောပါ။

**နှုပ်။** ။နံပါတ်(၁)ကတော့ ဖြောင့်စင်းသော စိတ်မျိုး ရှိစေရမယ်၊ ပုထုဇန် အနေနဲ့ မကောင်းမှုမှ အခါ ခပ်သိမ်း ရှောင်ကြဉ်ဘို့ မဆိုထားနဲ့ သောတာပန် ပုဂ္ဂိုလ်များတောင် မနိုင်တဲ့ဝန်ကို လွတ်ကျတာမျိုးကို တခါတရံ အကျဉ်းအကြပ်ထဲမှာ မကောင်းမှုပြုမိ သေးတယ်၊ ရတနသုတ်မှာ ဗုဒ္ဓဟောတော်မူခဲ့တယ်။

**တက်။** ။မနိုင်တဲ့ဝန်ဆိုတာ ဘယ်လို အမှုမျိုးလဲ ဆရာကြီး။

## (ည) အဘိဓာတ်ကနှင့် စပ်သောစကားများ

နုပ်။ ။ကျွဲနဲ့ ရင်ဆိုင်ပြီး တွေ့တယ်ဆိုပါတော့၊ မိမိ အသက်ကို ကာကွယ်ရေးအတွက် သေနပ်ပါလျှင် ပစ်တဲ့အလုပ်မျိုးပေါ့ မောင်ရယ်။

တက်။ ။ဘယ့်နှယ်ကြောင့် မနိုင်ဝန်လို့ ခေါ်ရ တာလဲ ဆရာကြီး။

နုပ်။ ။သတ္တဝါမည်သည် မသေချင်ဘူး မောင်ရဲ့၊ ကျွဲ ကိုက်လျှင် သေရမည်၊ ကျွဲကို ပစ်သတ်လျှင် ဒုစရိုက်မှုပင် ဖြစ်သော်လည်း မိမိအသက် ကာကွယ် လိုတဲ့ လောဘစိတ်ကို မထိန်းသိမ်းနိုင်သည့် အတွက် ကြောင့် ပစ်သတ်ရခြင်းကို မနိုင်ဝန်လို့ ခေါ်တယ်၊ မောင်ရဲ့။

---

၁၃၂၇-ခု တပေါင်းလပြည့်ကျော် ၁၀-ရက် ဗုဒ္ဓဟူးနေ့ လုပ်သားပြည်သူ့သတင်းစာမှ ထုတ်နှုတ်ချက် ဗုဒ္ဓဝါဒရှုဒေါင့် ၄၀-ရွှေဥဒေါင်းဆွေးနွေးခန်း ခေတ်လူငယ်များ စဉ်းစားထိုက်သည့် အချက်အလက်များ

### (ဂ) တက္ကသိုလ်ကျောင်းသားများနှင့် ဆွေးနွေးခန်း။

တက်။ ။သောတာပန်ဟာ သီလ ဘယ်လောက် လုံသလဲ ဆရာကြီး။

နုပ်။ ။မကောင်းမှုကိုပြုခြင်းရဲ့ အကြောင်း ရင်းဟာ လောဘ ဒေါသဘဲ မောင်ရဲ့၊ လောဘ ဒေါသကို အကြွင်းမဲ့ မပယ်နိုင်သေးတဲ့ သတ္တဝါဟူသမျှမှာ

ဘယ်သူမှ စိတ်မချရဘူး မောင်ရဲ၊ ဆရာရေးခဲ့ဘူးပါတယ်၊ လောဘ ဒေါသတို့ဟာ "ပက်ထရိ"နဲ့တူပါတယ်၊ ပက်ထရိ တို့မည်သည် လုံလောက်အောင် ပူလျှင် ပေါက်ကွဲရတာချည်းဘဲ၊ မပေါက်ကွဲဘူး ဆိုလျှင် လုံလောက်အောင် မပူသေးလို့ဘဲ ဖြစ်ရမယ်၊ ဘယ်လောက်ဘဲ မကောင်းမှုကို မပြုပါဘူး၊ သီလလုံခြုံလှပါတယ်ဆိုစေ အပြင်းအထန် သွေးဆောင်ခြင်းခံရတဲ့အခါ (လောဘ ဒေါသ ရှိနေသူများ အတွက်မှာ ဖောက်ဖျက် မိမှာချည်းဘဲ မှတ်ထားပါ)။

**တက်**။ ။ဘယ်လို သွေးဆောင်ခြင်းမျိုးလဲ ဆရာကြီး။

**နုပ်**။ ။သောတာပန် တယောက်မှာ သားတွေ သမီးတွေ ငတ်နေလို့ ငိုနေကြတယ် ဆိုပါတော့ ပွင့်နေတဲ့ သေတ္တာ တလုံးတွေ့က နှိုက်ယူပြီး ကလေးတွေကို ကျွေးမိမှာဘဲ မောင်ရေ့။

**တက်**။ ။မလုပ်တဲ့လူ မရှိဘူးလား ခင်ဗျာ။

**နုပ်**။ ။မလုပ်လျှင် သား သမီးကို သိပ်မကြင်နာတတ်သလို သော်ရင်း၊ ပုလိပ်ဖမ်းမှာကို ကြောက်လို့သော်ရင်း ဖြစ်ရမယ်၊ ငရဲကြီးမှာကို ကြောက်လို့တော့ မဟုတ်နိုင်ဘူး။

**တက်**။ ။ဒါဖြင့်သောတာပန်ဟာ အကြပ်အတည်းတွေ့လာလျှင် ဘာကိုမှ မရှောင်ဘူးလား ဆရာကြီးရယ်၊ အခြားလူများနဲ့ အတူတူပါဘဲလား ခင်ဗျာ။

နှုပ်။　　။သောတာပန်ဟာ ဘယ်နည်းနဲ့မှပြုလို့မဖြစ်တဲ့ အမှု မျိုးရှိတယ်၊ ကံကြီး ငါးပါးကိုတော့ သူမပြုဘူး။

တက်။　။ငါးပါးသီလလားဆရာကြီး။ မဟုတ်ဘူး၊ ပဥ္စာနန္တ ရိယကံကြီး ငါးပါးကိုတော့ သူ့အဘို့ပြုလို့ ဖြစ်ကို မဖြစ်ဘူး မောင်ရဲ့။

မိတ္တူမှန်။

## အဘိဓာယာစကကထာမှ လိုရင်းအချက် ၃–ချက်ကိုပြခြင်း

၁။　　၁၃၂၇–ခု တပေါင်းလပြည့်ကျော် ၇–ရက် တနင်္ဂနွေ နေ့ လုပ်သားပြည်သူ့ သတင်းစာ၊ ဗုဒ္ဓဝါဒရှုဒေါင့် ၃၉– ရွှေဥဒေါင်း၏ ဆွေးနွေးခန်းမှ ခေတ်လူငယ် များ စဉ်းစားထိုက်သည့် အချက်အလက်များ (ခ) ဆိုသည့် စကားရပ်ကား သောတာပန်သည် ပါဏာတိ ပါတ ဒုစရိုက်ကို မလုံခြုံကြောင်းကို ရည်ရွယ်၍ ပြောဆို ရေးသား ပါသည်။

၂။　　၁၃၂၇–ခု တပေါင်းလပြည့်ကျော် ၁၀–ရက် ဗုဒ္ဓဟူး နေ့ လုပ်သားပြည်သူ့ သတင်းစာ၊ ဗုဒ္ဓဝါဒ ရှုဒေါင့် ၄၀–ခေတ်လူငယ်များ စဉ်းစားထိုက်သည့် အချက် အလက်များ (ဂ) စသော စကားရပ်ကား သောတာပန်သည် အဒိန္နာဒါန ဒုစရိုက် ခိုးမှု မလုံ ခြုံကြောင်းကို ပြောဆိုရေးသားသည်။

၃။　　သောတာပန်သည် ပဥ္စာနန္တရိယကံ ငါးပါးကိုတော့ သူ့အဘို့ပြုလို့ဖြစ်ကို မဖြစ်ဘူး မောင်ရဲ့၊ ဤဆွေးနွေး

ခဏ်းအရ သောတာပန်သည် ပဥ္စာနန္တရိယကံငါးပါး လုံးခြုံ၍ ပါဏာတိပါတ စသော ပကတိ ဂရုဓမ္မ ငါးပါးသီလ မလုံခြုံကြောင်းကို ပြောဆိုရေးသား သည်။

ဤ ဖော်ပြပါ အချက်သုံးချက်ကို မူတည်၍ အဆုံးအဖြတ် ရေးသားပေအံ့။

# သောတာပန္နသီလပ္ပကာသနီကျမ်း

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | အကြောင်းပြနိဒါန်း | (က) |
| (ခ) | မိတ်ဆက်နိဒါန်း | (ဃ) |
| (၁) | အဘိယာစကကထာ | (ဆ) |
| (၂) | အဘိယာစက ကထာမှ လိုရင်း အချက် ၃-ချက်ကို ပြခြင်း | (ဍ) |


အခန်း (၁)


| | | |
|---|---|---|
| ၁။ | ရတနတ္တယ ဝန္ဒနာနှင့် ပဋိညာ ဥယျောဇန | ၁ |
| ၂။ | ယောဂီ၏ ပရိညာ ၃-ပါး ဖြစ်ပုံ | ၃ |
| (၃-က)။ | အရိယပုဂ္ဂလတို့၏ မဂ် ၄-ပါးဖြင့် သံယောဇန စသည် ပယ်ပုံ | ၆ |
| (၃-ခ)။ | တနည်း မဂ်၄-ပါးဖြင့် သံယောဇနပယ်ပုံ | ၁၀ |
| ၄။ | မဂ် ၄-ပါးဖြင့် အနုသယ ၇-ပါး ပယ်ခွါပုံနှင့် ဘဝမှ ထပုံ | ၁၂ |
| ၅။ | မဂ် ၄-ပါးဖြင့် အာသဝ ၄-ပါးပယ်ပုံ | ၁၃ |
| ၆။ | မဂ်လေးပါးဖြင့် အကုသလစိတ် ၁၂-ပါးပယ်ပုံ | ၁၄ |
| ၇။ | မဂ် ၄-ပါးဖြင့် ဒုစ္စရိတပယ်ပုံ | ၁၅ |
| ၈။ | ဝိရတီ ၃-ပါး | ၁၆ |

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

## အခန်း (၂)
## သောတာပန်အရိယာတို့၏ ပါဏာတိပါတမှ ရှောင်ကြဉ်ကြောင်း ဝတ္ထုများ


(က) သာမာဝတီဝတ္ထု　　၁၈

(ခ) သီဟာစစ်သူကြီး ဝတ္ထု　　၂၀

(ဂ) ငါးများသမား ဗာလိသိကဝတ္ထု　　၂၁

(ဃ) ကုက္ကုဋမိတ္တမုဆိုးဝတ္ထု　　၂၃

(င) ဗိမ္ဗိသာရမင်းကြီးဝတ္ထု　　၂၇

(စ) ကာဠယက္ခိနီဝတ္ထု　　၂၈

(ဆ) အာဠဝကဝတ္ထု　　၃၀

(ဇ) သောတာပန်ကုန်သည်ဝတ္ထု　　၃၂


## အခန်း (၃)
## သောတာပန်၏ အဒိန္နာဒါနမှ ရှောင်ကြဉ်ကြောင်း


(က) ခုဇ္ဇုတ္တရာဝတ္ထု　　၃၄

(ခ) သပိတ်ကုန်သည်ဝတ္ထု　　၃၆

(ဂ) ဂဏ္ဍိဘောဒက စောရ ခါးပိုက်နှိုက်ဝတ္ထု　　၃၈


## အခန်း (၄)
## သောတာပန်၏ ကာမေသု မိစ္ဆာစာရမှ ရှောင်ကြဉ်ကြောင်း


(က) ခေမကသူဌေးသားဝတ္ထု　　၄၀

(ခ) သိရိမာဝတ္ထု　　၄၁

ဦးရေ အကြောင်းအရာ စာမျက်နှာ

## အခန်း (၅)

## သောတာပန်၏ မုသာဝါဒမှ ရှောင်ကြဉ်ကြောင်း

(က) မာဂဏ္ဍိမိဖုရား၏ ဘက်တော်သားများဝတ္ထု ၄၈
(ခ) ပုထုဇ္ဇန်၏ အနရိယဝေါဟာရ ၈-မျိုး ၅၁

## အခန်း (၆)

## သောတာပန်၏ သေရည်သေရက် မသောက်ကြောင်း

(က) ဝိသာခါ၏ သဟာယ်ချင်းမငါးရာဝတ္ထု ၅၃
(ခ) သောတာပန်၏ခံတွင်းသို့ အရက်မဝင်ကြောင်း ၅၅
(ဂ) ဘယ သောကဖြင့် အရက်မူးပျက်ပျယ်နိုင်လျှင် မဂ္ဂ ဖလ ဈာန သတ္တိတို့ဖြင့် အရက်မူး ပျက်ပျယ်နိုင်ပုံ ၅၇
(ဃ) လောကီ မေတ္တာ သီလ သစ္စာ သတ္တိတို့ဖြင့် ဆိမ်းမပူ ခေါ်လုံးပြီး အဆိပ်ပျက်ပျယ်သလို မဂ္ဂ ဖလ ဈာန်တို့ဖြင့် ပျက်ပျယ်နိုင်ပုံ ၅၈
(င) အရက်၏အပြစ် ၆-ပါး ၆၁

ဦးရေ အကြောင်းအရာ စာမျက်နှာ

အခဏ်း (၇)

(က) သောတာပန်၏ အဘယ မဟာဒါန ၅-ပါး ၆၂
(ခ) သောတာပန်သည် ခေတ်ကြီး၄-ပါး ဖောက်ပြန်သော်လည်း အကျင့်သီလ မဖောက်ပြန်၍ အပါယ် မလားနိုင်ပုံ ၆၆
(ဂ) သောတာပန်၏ (၅)ပါးသီလမြဲပုံ ၆၇

အခဏ်း (၈)

ပုထုဇ္ဇနနှင့် သောတာပန်အရိယတို့ စိတ်ခေတ် ခြားနားပုံ

(က) ဗာလပုထုဇ္ဇနများ ၅-ပါးသီလ မစောင့်ရှောက်၍ အပါယ်နိုရဲဘုံသို့ မုချ ကျကြောင်း ၆၉
(ခ) ကလျာဏပုထုဇ္ဇနနှင့် သောတာပန်အရိယာများ ၅-ပါးသီလ စောင့်ရှောက်၍ နတ်ပြည်သို့ ရောက်ကြောင်း ၇၀
(ဂ) သောတာပန် အရိယာ၏ သင်္ခါရတို့ကို အနိစ္စ ဒုက္ခ အသုဘ အနတ္တာရှု၍ ပုထုဇန်များကား နိစ္စ သုခ သုဘ အတ္တာဟု ရှုကြောင်း ၇၁
(ဃ) သောတာပန်၏ ခန္ဓာ ၅-ပါးတို့၌ ရှုဆင်ခြင်ပုံ ၇၃
(င) ဝိပ္ပလ္လာသ ၃-ပါးရှိသူ သံသာရ လည်၍ ဝိပ္ပလ္လာသ မရှိသူ နိဗ္ဗာန်ရောက်ပုံ ၇၄

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

## အခန်း (၉)

(က) သောတာပန်၏ ပဉ္စာနန္တရိယကံ ၅-ပါး မှချ မကျူးလွန်ပုံ ၇၈
(ခ) အဋ္ဌကထာ၏ ရှင်းလင်းချက်များ ၈၁
(ဂ) ရတနသုတ္တပါဠိ ၈၄
(ဃ) သောတာပန်၏ ကိုယ် နှုတ် စိတ်ဖြင့် သတိ မေ့လျော့၍ စဉ်းငယ်မကောင်းမှု ပြုမိသော်လည်း ဖုံးကွယ်မထား ထင်စွာပြုပုံ ၈၈

## အခန်း (၁၀)

### စာရေးဆရာနှင့် ဓမ္မကထိကများ သတိပြုရန်

(က) မိစ္ဆာဒိဋ္ဌိကသုတ်ဒေသနာ ၉၃
(ခ) သမ္မာဒိဋ္ဌိကသုတ်ဒေသနာ ၉၅
နိဂမန ၉၇

## ဂိလာနာဒိပရိတ္တဘာဏကနယကျမ်း

# မာတိကာ

---


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပရိတ်ရွတ်ခြင်း၏ စည်းမျဉ်း | ၉၉ |
| (၁) | ပရိတ်ရွတ်သော ပုဂ္ဂိုလ် အင်္ဂါ ၃-ပါး | ၉၉ |
| (၂) | ရွတ်သူ၏ အင်္ဂါ ၃-ပါး လင်္ကာသံပေါက် သာဓကပါဠိများ | ၁၀၀ |
| (၃) | ပရိတ်တရားနာသူ၏ အင်္ဂါ ၂-ပါးစီနှင့် သံပေါက်လင်္ကာများ | ၁၀၃ |
| (၄) | အာဋာနာဋိယသုတ်ရွတ်ခြင်း၏ စည်းမျဉ်းများ | ၁၂၄ |
| (၅) | ကမ္မဝါစာ ဖတ်ရွတ်ပုံနည်း | ၁၂၉ |
| (၆) | အာဋာနာဋိယသုတ် ရွတ်မည့်သူ၏ အသက်သတ်လွတ် စားနည်းနှင့် သုသာန် ဓုတင်ဆောက်တည် သူအသက်သတ်လွတ်စားနည်း | ၁၂၉ |
| (၇) | ပရိတ် ၁၁-သုတ် ရွတ်ပုံ သစ္စာ ပြုပုံများ | ၁၄၂ |



# သောတာပန္နသီလပ္ပကာသနီကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အခန်း (၁)

### (၁) ရတနတ္တယဝန္ဒနာနှင့် ပဋိညာ ဥယျောဇန

မဟာကရုဏာ ရှိတော်မူသည်ဖြစ်၍ သိမ်မွေ့ နက်နဲခက်ခဲ ဆန်းကြယ်သော တရားတော်မြတ်ကို နည်းအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်၍ ပုဂ္ဂလဇ္ဈာသယ ဒေသနာဝိလာသ အားဖြင့် ဟောပြောတော်မူတတ်သောမြတ်စွာဘုရားကိုလည်းကောင်း။

ဘုရားရှင်အစ သူတော်စင် ဟူသမျှတို့သည် ပူဇော်အပ် မြတ်နိုးအပ် ကျင့်သုံး အပ်သော တရားတော် မြတ်ကို လည်းကောင်း၊

သီလ စသည်တို့ဖြင့် အလွန်မြတ်၍ ကုသိုလ်ကောင်းမှု တည်းဟူသော မျိုးစေ့၏ စိုက်မျိုးရာဖြစ်သော အရိယာသံဃာ

တော် မြတ်ကိုလည်းကောင်း ဦးခေါင်းရတနာ မြတ်အင်္ဂါ ဖြင့် ရှိသေမြတ်နိုး ရှိခိုးပါ၏၊ ရှိခိုးပြီး၍–

သွန်သင်ဆုံးမ နည်းလမ်းပြ၍ ပရိယတ္တိ ပဋိပတ္တိ တို့ကို ပို့ချ ဆုံးမ သင်ကြားပေးတတ်သော ဆရာသခင် ကျေးဇူး ရှင် တို့ကိုလည်း ရှိခိုးပါ၏၊ ရှိခိုးပြီး၍–

"ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပ ကျောင်းဆောင်၌ သီတင်းသုံး တော်မူသည့် တိပိဋက ပါဠိမြန်မာ အဘိဓာန် ဌာန အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏုတ္တရ မဟာထေရ် မြတ် သည် ရွှေဥဒေါင်း၏ သောတာပန်နှင့် စပ်လျဉ်းသော တက္ကသိုလ် ကျောင်းသားနှင့် ဆွေးနွေးခဏ်း ဆောင်းပါးကို အကြောင်းပြု၍ ခိုင်လုံသော အကိုးအကား အစုံအလင်ပြ၍ ဝိနိစ္ဆယပေးတော်မူပါ"ဟု လျှောက်ထားတောင်းပန်ခံရသော အကျွန်ုပ်သည် ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းဂန်လာ တို့နှင့် လျော်ညီစွာ သူ့နေရာနှင့်သူ ဖြေရှင်း၍ သောတာပန္န အရိယာ၏ သီလဂုဏ်ကို ပြရာ ပြကြောင်း ဖြစ်သော ဤ (သောတာပန္န သီလပ္ပကာသနီကျမ်း) ကို မကျဉ်းမကျယ် သိလွယ်စိမ့်သောငှါ ရေးသားပြုပြင် စီရင်ပေတော့အံ့။

သူတော်ကောင်း အပေါင်းတို့သည် ထို (သောတာပန္န သီလပ္ပကာသနီကျမ်း) ကို ဟုတ်တိုင်းမှန်စွာ သိရှိကြရန် အစ အလယ် အဆုံး ဉာဏ်လက်သုံးဖြင့် ကြည့်ရှုတော်မူကြပါ ကုန်လော့။

## (၂) ယောဂီ၏ပရိညာ ၃-ပါးဖြစ်ပုံ

တတ္ထ ကတမာ ဉာတ ပရိညာ။ ပထဝီဓာတုံ ပရိဇာနာတိ၊ အယံ ပထဝီဓာတု အဇ္ဈတ္တိကာ အယံ ဗာဟိရာ၊ ဣဒမဿာ လက္ခဏံ၊ ဣမာနိ ရသပစ္စုပဋ္ဌာန ပဒဋ္ဌာနာနီတိ၊ အယံ ဉာတပရိညာ။

(မဇ္ဈိမနိကာယ မူလပဏ္ဏာသ အဋ္ဌကထာ) (၁-မူလ ပရိယာယ ဝဂ္ဂ) (၁- မူလပရိယာယ သုတ္တ ဝဏ္ဏနာ ၃၀)။

### အဓိပ္ပါယ် အကျဉ်း

မေး။ ။ဘယ်သဘောဟာဉာတပရိညာ မည်ပါသနည်း။

ဖြေ။ ။ယောဂီသည် ဤပထဝီ ဓာတ်သည် ကိုယ်တွင်း အဇ္ဈတ္တိက စက္ခုစသည် ဆက်စပ်နေသော ဣန္ဒြိယဗဒ္ဓ၊ ဤ ပထဝီဓာတ်သည် အပြင်ဗာဟိရ၊ ရူပစသည် အနိန္ဒြိယဗဒ္ဓ၊ ဤ ကြမ်းထမ်း ခက်ထန်သော ကက္ခဋတ္တသည် ပထဝီဓာတ်၏ လက္ခဏာ၊ ဤတည်ရာ ပတိဋ္ဌာနသည် ပထဝီဓာတ်၏ရသ၊ ဤလက်ခံ သိမ်းပိုက်သော သမ္ပဋိစ္ဆနသည် ပထဝီဓာတ်၏ ပစ္စုပဋ္ဌာန၊ ကြွင်းကျန်သော ဓာတ်သုံးပါးသည် ပထဝီဓာတ်၏ ပဒဋ္ဌာန်၊ ဤသို့ပထဝီဓာတ်ကို ဝိပဿနာဉာဏ်ဖြင့်လက္ခဏာ စသည် တင်လျက် အဇ္ဈတ္တိက ဗာဟိရ စသောအားဖြင့် ထင်ရှားစွာ ပရမတ္ထ သဘောအား လျော်စွာသိ၏၊ ဤသို့ သိခြင်းသည် ယောဂီ၏ ဉာတပရိညာမည်၏။

ထိုနည်းတူစွာ ကြွင်းသော မဟာဘူတ သုံးပါးတို့နှင့် အာယတန ဓာတ်တို့၏ အဇ္ဈတ္တိက ဗာဟိရ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့ကိုလည်း ဝိပဿနာဉာဏ်ဖြင့် ထင်ရှား သည်ကို ပြုလျက်ပိုင်းခြား၍သိသော ဤဝိပဿနာ အသိသည် ယောဂီ၏ ဉာတပရိညာ သဘောမည်၏၊ ဒိဋ္ဌိဝိသုဒ္ဓိနှင့် နာမရူပ ပရိစ္ဆေဒ ဉာဏ်လည်းမည်ပါ၏။

> ကတမာ တီရဏ ပရိညာ။ ဧဝံဉာတံ ကတွာ ပထဝီ ဓာတုံ တီရေတိ အနိစ္စတော ဒုက္ခတော ရောဂတော တိ ဒွါစတ္တာလီသာယ အာကာရေဟိ၊ အယံ တီရဏ ပရိညာ။ ။(ၒင်းအဋ္ဌကထာ)။

မေး။ ။ဘယ် သဘောဟာ တီရဏ ပရိညာမည်ပါ သနည်း။

ဖြေ။ ။ယောဂီသည် ပထဝီဓာတ်၌ ဉာတပရိညာ ထင် အောင် ပြုလုပ်ပြီး၍ ပထဝီဓာတ်စသော အဇ္ဈတ္တိက, ရူပ စသော ဗာဟိရ တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ ရောဂဟု ၄၂-မျိုးသော အခြင်းအရာတို့ဖြင့် ထင်မြင် လာအောင် ကလာပ သမ္မသနအစ အနုလောမ အဆုံးရှိသော လောကီ ဝိပဿနာ ဉာဏ်ဆယ်တန်ဖြင့် ရှုဆင်ခြင်သုံးသပ်ဆုံးဖြတ်လျက် ပိုင်းခြား၍သိ၏၊ ဤသို့ ဓာတ်စသည်တို့၌ အနိစ္စ စသော အားဖြင့် ရှုဆင်ခြင်သုံးသပ် ဆုံးဖြတ်လျက် ပိုင်းခြား၍သိခြင်း သည် ယောဂီ၏ တီရဏပရိညာမည်ပါ၏။

## လောကီ ပဟာန ပရိညာ

ကတမာ ပဟာနပရိညာ။ ဝေံ တီရယိတွာ အဂ္ဂမဂ္ဂေန ပထဝီဓာတုယာ ဆန္ဒရာဂံ ပဇဟာတိ၊ အယံ ပဟာန ပရိညာ။ ။(ငုင်း အဋ္ဌကထာ)။

မေး။ ။ဘယ်သဘောဟာ ပဟာန ပရိညာ မည်ပါ သနည်း။

ဖြေ။ ။ယောဂီသည် ဤသို့ အဇ္ဈတ္တိက ဗာဟိရ ပထဝီ စသည်တို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ရောဂစသော အခြင်းအရာ အားဖြင့် လောကီ ဝိပဿနာဉာဏ် ဆယ်တန်ဖြင့် ရင့်သန်လာ အောင် ပွားများခဲ့သည်ရှိသော် လောကီဉာဏ်ဖြင့် အဇ္ဈတ္တိက ဗာဟိရ ပထဝီ စသည်တို့၌ ဆန္ဒရာဂစသည်တို့ကို တဒင်္ဂပဟာန အားဖြင့် ပယ်စွန့်၏။ ဤသို့ ဝိပဿနာ ဉာဏ်ဆယ်တန်ဖြင့် ပထဝီဓာတ်စသည်၌ဖြစ်သော ဆန္ဒရာဂကိုပယ်စွန့်၏။ ဤ တဒင်္ဂ ပဟာနသည် ယောဂီ၏လောကီပဟာနပရိညာမည်ပါ၏။

## လောကုတ္တရာ ပဟာန ပရိညာ

ပဌမမဂ် ဒုတိယမဂ် တတိယမဂ် အဂ္ဂမဂ္ဂမည်သော စတုတ္ထ အရဟတ္တမဂ်တို့ဖြင့် သမုစ္ဆေဒ၏အစွမ်းအားဖြင့် ပထဝီ စသော အဇ္ဈတ္တိက ဗာဟိရတရားတို့၌ ဆန္ဒရာဂ စသည်တို့ကို အစဉ် အတိုင်း အကြွင်းမဲ့ ပယ်စွန့်၏၊ ဤသို့ ပိုင်းခြားသိ၏၊ ဤသို့ ပထဝီဓာတ်စသည်တို့၌ အစဉ်အတိုင်း ဆန္ဒရာဂ စသည်တို့ကို

အကြောင်းမဲ့ ပယ်စွန့်၏ဟု ပိုင်းခြား၍ သိခြင်းသည် ယောဂီ၏ လောကုတ္တရာ ပဟာန ပရိညာ မည်ပါ၏။

ပရိညာခဏ်းပြီး၏။

---

## (၃-က) အရိယပုဂ္ဂလတို့၏ မဂ်လေးပါးတို့ဖြင့် သံယောဇနဆယ်ပါး ပယ်ပုံ

### အဘိဓမ္မာနည်း သံယောဇန ၁၀-ပါး

ကတမေ ဓမ္မာ သညောဇနာ။ ဒသ သညောဇနာနိ ကာမရာဂ သညောဇနံ ပဋိဃ သညောဇနံ မာန သညောဇနံ ဒိဋ္ဌိသညောဇနံ ဝိစိကိစ္ဆာသညောဇနံ သီလဗ္ဗတပရာမာသသညောဇနံ ဘဝရာဂသညောဇနံ ဣဿာသညောဇနံ မစ္ဆရိယသညောဇနံ အဝိဇ္ဇာ-သညောဇနံ။

(ဓမ္မသင်္ဂဏီပါဠိ ၃-နိက္ခေပကဏ္ဍ ၂၂၄)။

### သုတ္တန်နည်း သံယောဇန ၁၀-ပါး

ပဉ္စိမာနိ ဘိက္ခဝေ ဩရမ္ဘာဂိယာနိ သံယောဇနာနိ။ ကတမာနိ ပဉ္စ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသော ကာမစ္ဆန္ဒော ဗျာပါဒေါ၊ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ။ ပဉ္စိမာနိ ဘိက္ခဝေ ဥဒ္ဓမ္ဘာဂိယာနိ သံယောဇနာနိ။ ကတမာနိပဉ္စ၊ ရူပရာဂေါ အရူပရာဂေါ မာနော

ဥဒ္ဒစ္စံ အဝိဇ္ဇာ၊ ဣမာနိခေါ ဘိက္ခဝေ ပဥ္စုဒ္ဓမ္ဘာဂိယာနိ သံယောဇနာနိ။

(မဟာဝဂ္ဂသံယုတ္တပါဠိ မဂ္ဂသံယုတ္တ ဩဃဝဂ္ဂ ၅၆)။

## သောတာပတ္တိမဂ်ဖြင့် သံယောဇဉ်ငါးပါး ပယ်၍ ဝီထိကျပုံ

ဝိပဿနာယာနိကယောဂီသည် ရုပ်နာမ်ခန္ဓာတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု ရှုဆင်ခြင်ရသော သမ္မသနဉာဏ်မှစ၍ အနုလောမဉာဏ်ဆယ်တန်တိုင်အောင် ရှုပွားသဖြင့် သောတာပတ္တိမဂ် ရလိုက်သည်ရှိသော် မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဟုဆိုအပ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော မဟာကုသလ ဉာဏသမ္ပယုတ်စိတ် လေးပါးတို့တွင် တပါးပါး၊ ထိုနောင် သောတာပတ္တိမဂ် တကြိမ်၊ ထို့နောင် သောတာပတ္တိဖလနှစ်ကြိမ်၊ ထို့နောင် ဘဝင်ကျ၏၊ ယင်း သောတာပတ္တိမဂ်ဖြင့် သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ ဣဿာ မစ္ဆရိယ အကုသလ စေတသိက သံယောဇန တရားငါးပါးတို့ကို အပြီးအပြတ် ပယ်သတ်အပ်ကုန်၏။ မပယ်သတ်အပ်သေးသော သံယောဇနငါးပါး ကျန်သေး၏။

## မန္ဒပုဂ္ဂလ၏သောတာပတ္တိမဂ္ဂဝီထိ

ဘ– မ– ပ– ဥ– နု– ဂေါ– မ– ဖ– ဖ– ဘ–
∘∘∘ ∘∘∘ ∘∘∘ ∘∘∘ ∘∘∘ ∘∘∘ ∘∘∘ ∘∘∘ ∘∘∘ ∘∘∘

ပရိကမ္မ- ဥပစာရ- အနုလောမ- ဂေါတြဘု- မဂ္ဂ-ဖလ-ဖလ၊ ဤသို့ လောကီ-လောကုတ္တရ အရော-ဇော ၇-ကြိမ် ကျရမည်။

မှတ်ချက်။ ။ရှေ့ဘင် နောက်ဘင် တို့သည် ကံ ကမ္မနိမိတ် ဂတိနိမိတ်အာရုံ၊ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံတို့သည် တေဘုမ္မက သင်္ခါရအာရုံ၊ ဂေါတြဘူ မဂ္ဂ(၁)ဖလ(၃)တို့သည် နိဗ္ဗာန် အာရုံ ပြုကုန်၏။

## တိက္ခပုဂ္ဂလ၏သောတာပတ္တိမဂ္ဂဝီထိ

ဘ- မ- ဥ- နု- ဂေါ-မ ၁- ဖ ၂-ဖ ၃- ဘ

ဤ တိက္ခသောတာပတ္တိ မဂ္ဂဝီထိ၌ ဥပစာရ-အနုလောမ-ဂေါတြဘု- ဝုဋ္ဌာန ဂါမိနီ ဝိပဿနာဇော-၃၊ မဂ်-၁၊ ဖလ-၃-ကြိမ်၊ ဤသို့ လောကီ-လောကုတ္တရဇော အရော ၇-ကြိမ်ကျ၏။ ဤကား မန္ဒ-တိက္ခ-မဂ္ဂဝီထိတို့ အထူးတည်း။

## သောတာပန် မပယ်သေးသော သံယောဇဉ်ငါးပါး

၁-ကာမရာဂသံယောဇဉ် ၂-ပဋိဃသံယောဇဉ် ၃-မာန သံယောဇဉ် ၄-ဘဝရာဂ သံယောဇဉ် ၅-အဝိဇ္ဇာ သံယောဇဉ် ဤငါးပါးတို့တည်း၊ ထိုငါးပါးတို့တွင် အပါယ်ဘုံသို့ သွားရာ သွားကြောင်း ဖြစ်သော အပါယဂမနီယ ကာမရာဂ-ပဋိဃ၊ ဤသံယောဇဉ် နှစ်ပါးတို့ကို ယင်း သောတာပတ္တိ မဂ်ဖြင့် ပယ်သတ်အပ်ကုန်၏။

## သကဒါဂါမိမဂ်ဖြင့် သံယောဇဉ်နှစ်ပါးပယ်၍ မန္ဒပုဂ္ဂလ၏ သကဒါဂါမိ မဂ္ဂဝီထိကျပုံ

သကဒါဂါမိမဂ်ဖြင့် ဩဠာရိက ကာမရာဂ ပဋိဃ၊ ဤ သံယောဇဉ်နှစ်ပါးတို့ကို တနုကရအားဖြင့် ပယ်သတ်အပ်ကုန်၏။ သောတာပန်ပုဂ္ဂိုလ်တို့သည် အထက် သကဒါဂါမိ-ဖလကို မျက်မှောက် ပြုရန်အတွက် တောဘုမ္မက သင်္ခါရကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ကြိမ်ဖန်များစွာ စီးဖြန်း၍ သကဒါဂါမိ မဂ်-ဖလ ဝီထိကျလိုလတ်သည် ရှိသော် မနော ဒွါရာဝဇ္ဇန ပရိကံ ဥပစာ အနုလုံ ဂေါတြဘု ဟု ဆိုအပ် သော ဝုဋ္ဌာနဂါမိနီဝိပဿနာ မဟာကုသလညာဏသမ္ပယုတ် ဇော လေးပါးတို့တွင် တပါးပါး၊ ထို့နောင် သကဒါဂါမိ မဂ်တကြိမ်၊ သကာဂါမိဖလနှစ်ကြိမ်၊ ထို့နောင် ဘဝင်ဖြစ်၍ ချုပ်၏။

မ-ပ-ဥ-နု-ဂေါ-မ-ဖ-ဖ-ဘ- ဤကား မန္ဒာ-ဝီထိ
မ- ဥ-နု-ဂေါ-မ-ဖ-ဖ-ဘ- ဤကား တိက္ခ-ဝီထိ

## အနာဂါမိမဂ်ဖြင့် သံယောဇဉ်နှစ်ပါးပယ်၍ မန္ဒတိက္ခ ပုဂ္ဂလတို့၏ အနာဂါမိမဂ္ဂ ဝီထိကျပုံ

အနာဂါမိမဂ်ဖြင့် အနုသဟဂတ ကာမရာဂ ပဋိဃ၊ ဤ သံယောဇဉ်နှစ်ပါးတို့ကို အကြွင်းမဲ့ ပယ်သတ်အပ်ကုန်၏။

မ-ပ-ဥ-နု-ဂေါ-မ-ဖ-ဖ-ဘ-ဤကား မန္ဒဝီထိတည်း။
မ- ဥ-နု-ဂေါ-မ-ဖ-ဖ-ဘ-ဤကား တိက္ခဝီထိတည်း။

## အရဟတ္တမဂ်ဖြင့် သံယောဇနငါးပါးပယ်၍မန္ဒ တိက္ခ ပုဂ္ဂလတို့၏ အရဟတ္တမဂ္ဂဝီထိကျပုံ

အရဟတ္တမဂ်ဖြင့် မာန ဘဝရာဂ အဝိဇ္ဇာ ဥဒ္ဓစ္စ ဤ သံယောဇဉ်လေးပါးတို့ကို အဘိဓမ္မာနည်းအားဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်ကုန်၏။ သုတ္တန် နည်းအားဖြင့် ဥဒ္ဓမ္ဘာဂိယ သံယောဇန ငါးပါးတို့ကို အကြွင်းမဲ့ ပယ်သတ်အပ်ကုန်၏။

(အဋ္ဌသာလိနီ အဋ္ဌကထာ-၄၀၈)။

မ-ပ-ဉ-နု-ဝေါ-မ-ဖ-ဖ-ဘ- ဤကား မန္ဒဝီထိတည်း။
မ-ဥ-နု-ဝေါ-မ-ဖ-ဖ-ဖ-ဘ-ဤကားတိက္ခဝီထိတည်း။

---

## (၃-ခ) တနည်းမဂ်လေးပါးသံယောဇနပယ်ပုံ

(ဒိဋ္ဌိဂတာနံ ပဟာနာယ ပဌမာယ ဘူမိယာ ပတ္တိယာ) ပါဠိအရ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ သံယောဇနတရားသုံးပါးတို့ကို အကြွင်းမဲ့ပယ်သတ် အပ်ကုန်၏။

### မှတ်ချက်

(ဒိဋ္ဌိဂတာနံ)ဟူသော ဗဟုဝစနသဒ္ဒါအရ(သသမ္ပယုတ္တာနိ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ အပါယဂမနီယ ရာဂ ဒေါသ မောဟာ ကုသလာနိ)ဟု ဖွင့်သဖြင့် ဝိစိကိစ္ဆာ

နှင့် သီလဗ္ဗတကိုပါ ထည့်သွင်းယူရသည့်အပြင် အပါယ်ဘုံသို့ လားရာ လားကြောင်း ဖြစ်ကုန်သော ရာဂ ဒေါသ မောဟ အကုသလတရားတို့ကိုလည်း သောတာပတ္တိမဂ်ဖြင့် သမုစ္ဆေဒ ပဟာန၏ အစွမ်းအားဖြင့် အကြွင်းမဲ့ ပယ်သတ်အပ်ကုန်၏။

(ကာမရာဂဗျာပါဒါနံ တနုဘာဝါယ ဒုတိယာယဘူမိယာ ပတ္တိယာ) ပါဠိအရ သကဒါဂါမိမဂ်ဖြင့် ကာမရာဂ ဗျာပါဒ နှစ်ပါးတို့ကို ခေါင်းပါးသည်၏အဖြစ်အကျိုးငှါ အကြောင်း နှစ်ပါးတို့ဖြင့် ပယ်သတ်အပ်ကုန်၏။

(ကာမရာဂဗျာပါဒါနံ အနဝသေသပ္ပဟာနာယ တတိယာ ယဘူမိယာ ပတ္တိယာ)ပါဠိအရ အနာဂါမိမဂ်ဖြင့် ကာမရာဂ ဗျာပါဒ နှစ်ပါးတို့ကို အကြွင်းမဲ့ ပယ်သတ်အပ်ကုန်၏။

(ရူပရာဂ အရူပရာဂ မာန ဥဒ္ဒစ္စ အဝိဇ္ဇာယ အနဝ သေသပ္ပဟာနာယ စတုတ္ထာယ ဘူမိယာ ပတ္တိယာ) ပါဠိအရ အရဟတ္တမဂ်ဖြင့် ဥဒ္ဒမ္ဘာဂိယ သံယောဇန ငါးပါးတို့ကို အကြွင်းမဲ့ပယ်သတ်အပ်ကုန်၏။ (ဓမ္မသင်္ဂဏီပါဠိ၊ စိတ္တုပ္ပါဒ ကဏ္ဍ၊ လောကုတ္တရ-ကုသလ ၇၂-၇၉) (၎င်း အဋ္ဌကထာ ၂၅၉-၂၆၁)။

မှတ်ချက်။ ။မဂ်လေးပါးဖြင့် သံယောဇန ၁၀-ပါး ပယ်ပုံကို သိရသည်ဖြစ်၍ မဂ်လေးပါးဖြင့် ကိလေသာ၁၀-ပါး ပယ်ပုံကိုသိနိုင်သောကြောင့် မရေးပြီ။

## (၄) မဂ်လေးပါးဖြင့်အနုသယ ၇-ပါးပယ်ခွါပုံနှင့် ဘဝမှထပုံ

### အနုသယ ၇-ပါး

၁-ကာမရာဂါနုသယ၊ ၂-ဘဝရာဂါနုသယ၊ ၃-ပဋိဃာနုသယ၊ ၄-မာနာနုသယ၊ ၅-ဒိဋ္ဌာနုသယ၊ ၆-ဝိစိကိစ္ဆာနုသယ၊ ၇-အဝိဇ္ဇာနုသယ။

### ပဌမမဂ်ဖြင့် အနုသယပယ်ပုံနှင့် ဘဝမှထပုံ

သောတာပတ္တိမဂ်သည် ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာ နုသယ၊ ဤနှစ်ပါးတို့ကို အကြွင်းမဲ့ပယ်ခွါ၍ အပါယ်ဘုံမှ ထတတ်၏၊ အပါယ်ဘုံသို့မလာ းရောက်တတ်။

### ဒုတိယမဂ်ဖြင့် အနုသယ ၂-ပါးပယ်ပုံနှင့်ဘဝမှထပုံ

သကဒါဂါမိမဂ်သည် ဩဠာရိကဖြစ်သော ကာမရာဂါနုသယ ပဋိဃာနုသယ၊ ဤနှစ်ပါးတို့ကို ပယ်ခွါ၍ အောက်သုဂတိကာမဘုံ တစိတ်မှထတတ်၏၊ အထက်သုဂတိ ကာမဘုံတစိတ်သို့ သွားရောက်တတ်၏။

### တတိယမဂ်ဖြင့် အနုသယ ၂-ပါးပယ်ပုံနှင့် ဘဝမှထပုံ

အနာဂါမိမဂ်သည် အနုသဟဂတ ဖြစ်သော ကာမရာဂါနုသယ ပဋိဃာနုသယ၊ ဤနှစ်ပါးတို့ကို အကြွင်းမဲ့ပယ်ခွါ၍ ကာမဘုံမှ ထတတ်၏၊ ကာမဘုံသို့မလားရောက်တတ်၊ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံသို့သာ လားရောက်တတ်၏။

## ၈ တုတ္ထမဂ်ဖြင့် အနုသယ ၃–ပါးပယ်ပုံနှင့် ဘဝမှထပုံ

အရဟတ္တမဂ်သည် မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယ၊ ဤသုံးပါးတို့ကို အကြွင်းမဲ့ပယ်ခွါ၍ ရူပဘဝ အရူပ ဘဝမှ ထတတ်၏၊ (တနည်း) အလုံးစုံသော ဘုံမှလည်း ထတတ်၏၊ ရဟန္တာပုဂ္ဂိုလ် စုတေခဲ့သည်ရှိသော် ရုပ် နာမ် ခန္ဓာ ချုပ်ငြိမ်းသည် ဖြစ်၍ ဘုံဘဝဟူသမျှသို့ သွား ရောက်ရိုး ထုံးစံမရှိ၊ အလုံးစုံချုပ်ငြိမ်း၏။ (အဋ္ဌသာလိနီ အဋ္ဌ ကထာ ၂၇၈)။

**မှတ်ချက်။** ။အနုသယ ၇– ပါးကို မဂ် ၄– ပါးဖြင့် ပယ်ပုံ ဝိထိတို့ကို သံယောဇဉ ဆယ်ပါး ပယ်ပုံ ဝိထိများကို နည်းမှီ၍ သိကြပါလေ၊ အာသဝစသည် တို့ကိုလည်း ဤနည်းအတိုင်း သိပါလေ။

### (၅) မဂ်လေးပါးဖြင့် အာသဝလေးပါးပယ်ပုံ

ကတမေ ဓမ္မာ အာသဝါ။ စတ္တာရော အာသဝါ ကာမာသဝေါ ဘဝါသဝေါ ဒိဋ္ဌာသဝေါ အဝိဇ္ဇာ သဝေါ။

(ဓမ္မသင်္ဂဏီပါဠိ နိက္ခေပကဏ္ဍ ဒုကနိက္ခေပ အာသဝ ဂေါစ္ဆက ၂၂၁)။

ဣမေ ပန အာသဝေ ကိလေသပဋိပါဋိယာပိ အာဟရိတုံ ဝဋ္ဋတိ မဂ္ဂပဋိပါဋိယာပိ။ ကိလေသ ပဋိ ပါဋိယာ ကာမာသဝေါ အနာဂါမိမဂ္ဂေန ပဟီယတိ၊

ဘဝါသဝေါ အရဟတ္တမဂ္ဂေန၊ဒိဋ္ဌာသဝေါ သောတာပတ္တိမဂ္ဂေန၊ အဝိဇ္ဇာသဝေါ အရဟတ္တမဂ္ဂေန၊ မဂ္ဂပဋိပါဋိယာ သောတာပတ္တိမဂ္ဂေန ဒိဋ္ဌာသဝေါ ပဟီယတိ၊ အနာဂါမိ မဂ္ဂေန ကာမာသဝေါ၊ အရဟတ္တမဂ္ဂေန ဘဝါသဝေါ အဝိဇ္ဇာသဝေါစာတိ။

(အဋ္ဌသာလိနီ အဋ္ဌကထာ နိက္ခေပကဏ္ဍ ဒုကနိက္ခေပကထာ ၄၀၃)။

## မဂ္ဂပဋိပါဋိနည်း

၁။ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌာသဝကိုအကြွင်းမဲ့ပယ်၏။

၂။ သကဒါဂါမိ မဂ်ဖြင့် ကာမာသဝကို တနုကရအားဖြင့်ပယ်၏။

၃။ အနာဂါမိမဂ်ဖြင့် ကာမာသဝကို အကြွင်းမဲ့ပယ်၏။

၄။ အရဟတ္တ မဂ်ဖြင့် ဘဝါသဝနှင့် အဝိဇ္ဇာသဝကို အကြွင်းမဲ့ပယ်၏။

မှတ်ချက်။ ။ကိလေသ ပဋိပါဋိနည်း သိလောက်ပြီ။

## (၆) မဂ်လေးပါးဖြင့်အကုသလစိတ် ၁၂-ပါးပယ်ပုံ

သောတာပတ္တိ မဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာသဟဂတစိတ် ၁-ပါး၊ ဤ ၅-ပါးသော စိတ်တို့ကို သမုစ္ဆေဒ၏ အစွမ်းအားဖြင့် အကြွင်းမဲ့ပယ်သတ် အပ်ကုန်၏၊ ယင်း သောတာပတ္တိမဂ်ဖြင့်ပင် အပါဂမနီယ ဖြစ်သော

ပဥ္စမ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ ဤ ၆-ပါးသော စိတ်တို့ကို သြဠာရိက ဗျာပါဒ၏ အစွမ်းအားဖြင့် ပယ်သတ်အပ်ကုန်၏။

သကဒါဂါမိမဂ်ဖြင့် ဒုတိယ သြဠာရိက ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ ဤ ၆-ပါးသောစိတ်တို့ကို သြဠာရိက ဗျာပါဒ၏ အစွမ်းအားဖြင့် ပယ်သတ်အပ်ကုန်၏။

အနာဂါမိမဂ်ဖြင့် တတိယ အနုသဟဂတဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်၄-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ ဤ၆-ပါးတို့ကို အနုသဟဂတ ကာမရာဂ ဗျာပါဒ၏ အစွမ်းအားဖြင့် အပြီးအပြတ် ပယ်သတ်အပ်ကုန်၏။

အရဟတ္တမဂ်ဖြင့် စတုတ္ထ ဘဝရာဂ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၊ ဥဒ္ဓစ္စ သဟဂတစိတ် ၁-ပါး၊ ဤ၅-ပါးသော အကုသလစိတ်တို့ကို အပြီးအပြတ် ပယ်သတ်အပ်ကုန်၏။

(အဋ္ဌသာလိနီ အဋ္ဌကထာ၊ စိတ္တုပ္ပါဒကဏ္ဍ၊ လောကုတ္တရ ကုသလဝဏ္ဏနာ ၂၇၇)။

### (၇) မဂ်လေးပါးဖြင့် ဒုစ္စရိတပယ်ပုံ

စတူဟိ ဝစီဒုစ္စရိတေဟိ အာရတိ (ပ) သေတု ဃာတော၊ တီဟိ ကာယဒုစ္စရိတေဟိ အာရတိ (ပ) သေတု ဃာတော မိစ္ဆာအာဇီဝါ အာရတိ (ပ) သေတု ဃာတော။

(မဓ္ဓသင်္ဂဏီပါဠိ၊ စိတ္တုပ္ပါဒကဏ္ဍ၊ လောကုတ္တရ ကုသလ ၇၆)။ (ဋ္ဌင်းအဋ္ဌကထာ ၂၆၁)။

ဤပါဠိများအရ ယောဂီသည် လောကုတ္တရာ မဂ်တို့ဖြင့် သမုစ္ဆေဒ ပဟာန၏ အစွမ်းအားဖြင့် ဤ ကာယ ဝစီ ဒုစ္စရိတ မိစ္ဆာဇီဝ အကုသလ တရားတို့ကို ပယ်သတ်အပ်ပြီးသည် ဖြစ်၍ အင်္ဂါက မဂ္ဂသစ္စာ၌ အတွင်း ဝင်သော သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ အရိယသီလနှင့် ပြည့်စုံသောကြောင့် သတ္တသင်္ခါရတို့ အပေါ်၌ မကောင်းသော စိတ်စေတနာ တရုံတဆစ်မျှ မဖြစ် မကျူးလွန် မပြစ်မှားပေ၊ ထိုသို့ အင်္ဂါကမဂ္ဂသစ္စာ၌ အတွင်းဝင်သော အရိယသီလနှင့် ပြည့်စုံသော သောတာပန္န ပုဂ္ဂလ၏ ကာယ ဝစီ ဒုစ္စရိတ မိစ္ဆာဇီဝ အကုသလတို့ မကျူးလွန် မပြစ်မှားတော့ကြောင်း။

## (ဂ) ဝိရတိ ၃-ပါး

သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါတိ တိဿော ဝိရတိယော နာမ။ (သင်္ဂဟ)။

၁။ တတ္ထ အသမာဒိန္နသိက္ခာပဒါနံ အတ္တနော ဇာတိဝယ ဗာဟုသစ္စာဒီနိ ပစ္စဝေက္ခိတွာ အယုတ္တံ အမှာကံ ဧဝရူပံ ပါပံ ကာတုန္တိ သမ္ပတ္တံ ဝတ္ထုံ အဝီတိက္ကမန္တာနံ ဥပ္ပဇ္ဇမာနာ ဝိရတိ သမ္ပတ္တဝိရတီတိ ဝေဒိတဗ္ဗာ။

၂။ သမာဒိန္နသိက္ခာပဒါနံ ပန သိက္ခာပဒသမာဒါနေ စ တတုတ္တရိဉ္စ အတ္တနော ဇီဝိတမ္ပိ ပရိစ္စဇိတွာ ဝတ္ထုံ အဝီတိက္ကမန္တာနံ ဥပ္ပဇ္ဇမာနာ ဝိရတိ သမာဒါန ဝိရတီတိ ဝေဒိတဗ္ဗာ။

၃။ အရိယမဂ္ဂသမ္ပယုတ္တာ ပန ဝိရတိ သမုစ္ဆေဒဝိရတီတိ ဝေဒိတဗ္ဗာ။ ယဿာ ဥပ္ပတ္တိတော ပဘုတိ ပါဏံ ဃာတေဿာမီတိ အရိယပုဂ္ဂလာနံ စိတ္တမ္ပိ နုပ္ပဇ္ဇတီတိ။ (အဋ္ဌသာလိနီ အဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ ၁၄၆–၁၄၇)။

### ဝိရတိ ၃–မျိုး အစိပ္ပါယ်အကျဉ်း

၁။ သမ္မာဝါစာ၊ ကလျာဏပုထုဇန်၏ နှုတ်ဖြင့် ကောင်းသော စကားကိုပြောဆိုခြင်း။

၂။ သမ္မာကမ္မန္တ၊ ကလျာဏပုထုဇန်၏ ကိုယ်ဖြင့် ကောင်းသော လုပ်ငန်း အားထုတ်ခြင်း။

၃။ သမ္မာအာဇီဝ၊ ကလျာဏပုထုဇန်၏ ကိုယ်နှုတ်တို့ဖြင့် စင်စင်ကြယ်ကြယ် ကောင်းစွာအသက်မွေးခြင်း။

### တနည်း ဝိရတိ၃–မျိုး အစိပ္ပါယ်အကျဉ်း

၁။ သမ္ပတ္တဝိရတီသည် သိက္ခာပဒ သီလကို မဆောက်တည်ထားသော ကလျာဏပုထုဇန်၏ ရောက်လာသော ရန်သူကို ရင်ဆိုင်ရသည့်အခါ သတ်ပုတ်မှု ခိုးယူမှု ဝတ္ထုကြူးလွန်မှု လိမ်ပြောမှု သေအရက်သောက်မှုတို့မှ ရှုန်းကန် ကြဉ်ရှောင်ခြင်း မည်၏။

၂။ သမာဒါနဝိရတီသည် ဆောက်တည် ထားသော သိက္ခာပဒ သီလရှိသော ကလျာဏပုထုဇန်၏ ရောက်လာသော ရန်သူနှင့် ရင်ဆိုင်ရသည့်အခါ ပါဏာတိပါတ စသော မကောင်းမှုဒုစ္စရိတတို့မှ အသက်စွန့်၍ ရှောင်ကြဉ်ခြင်းမည်၏။

၃။ သမုစ္ဆေဒဝိရတီသည် အရိယမဂ်တို့နှင့် ယှဉ်သော အရိယပုဂ္ဂိုလ်တို့၏သမုစ္ဆေဒဝိရတီ၏အစွမ်းအားဖြင့် ပါဏာတိပါတ စသော မကောင်းမှုဒုစ္စရိုက်တို့မှ အသက်စွန့်၍ လုံးဝကြဉ်ရှောင်ခြင်း မည်၏။

ထို့ကြောင့် သောတာပတ္တိမဂ်နှင့်ယှဉ်သော သောတာပန် အရိယာသည် သမုစ္ဆေဒ ဝိရတီ၏ အစွမ်းအားဖြင့် ပါဏာတိပါတ စသော ဒုစ္စရိုက် တရားတို့မှ အသက်စွန့်၍ လုံးဝ ရှောင်ကြဉ်၏။

ထို့ကြောင့် သောတာပန် အရိယာ၏ သောတာပတ္တိမဂ်ဖြင့် အပါယ - ဂမနီယ အပယ်သို့ လားစေတတ်သော လောဘ- ဒေါသ- မောဟ တစိတ်တို့ကို ပယ်ပြီးဖြစ်၍ မကောင်းသော စေတနာဖြင့် သတ်ဖြတ်ညှဉ်းဆဲခြင်း ခိုးဝှက်ခြင်း ဝတ္ထုကာမတို့၌ ဖောက်ပြားကျင့်ခြင်း မုသားပြောခြင်း မူးယစ်စေသော သေအရက်သောက်ခြင်းတို့ကို လုံးဝမပြုသော သာဓကဝတ္ထုသက်သေတို့ကို အစဉ်လိုက် အခန်းဖွဲ့၍ ထုတ်ပြပေအံ့သတည်း။

---

## အခန်း (၂)

## သောတာပန်အရိယာတို့၏ ပါဏာတိပါတမှ ရှောင်ကြဉ်ကြောင်း ဝတ္ထုများ

### (က) သာမာဝတီဝတ္ထု

ရာဇာ "ဂန္တွ တာယံ ဒတွာ အညာ ကိရ ဟတ္ထေ အဒတွာ သယမေဝ မာရေတွာ ပစန္တု" တိ ပေသေ

သိ။ စူဠုပဋ္ဌာကော "သာဓု ဒေဝါ" တိ ဂန္တွာ တထာ ဝတွာ တာယဲ "မယံ ပါဏာတိပါတံ န ကရောမာ" တိ ပဋိက္ခိတ္တော အာဂန္တွာ တမတ္ထံ ရညော အာရောစေသိ။

(ဓမ္မပဒ အဋ္ဌကထာ ပထမတွဲ ၂-အပ္ပမာဒဝဂ္ဂ သာမာဝတီ ဝတ္ထု-၁၃၇)။

**မြန်မာအဓိပ္ပါယ်။** ။မြတ်စွာဘုရားသည် ဥတေနမင်း၏ ထီးနန်းစံရာ ကောသမ္ဗီမြို့တော် ဃောသိတ အာရာမ်၌ သီတင်းသုံးတော်မူစဉ် ဥတေနမင်းမြတ်သည် အပါးတော်မြဲကလေးကို မောင်မင်း သာမာဝတီတို့ထံသွားချေ၊ ထိုမောင်းမတို့အား ကြက်အရှင် လေးကောင်တို့ကိုပေး၍ တပါးသောသူ၏ လက်၌မပေးဘဲ ကိုယ်တိုင် သတ်ပြီး ချက်စေ၊ ဤသို့ ပြော၍ စေခိုင်းလိုက်လေ၏။

အပါးတော်မြဲကလေးသည် ဘုရင်မင်းမြတ် ကောင်းလှပါပြီ ဟု သံတော်ဦးတင်၍ ဘုရင်မင်းမြတ် အမိန့်တော်အတိုင်း သာမာဝတီအမှူးရှိသောမောင်းမတို့အား ပြောကြားသည်ရှိသော် သာမာဝတီအမှူးရှိသော မောင်းမတို့က ငါတို့အသက် သေစေသော်လည်း သူ့အသက်ကို မသတ်ကြကုန်၊ ဤသို့ ပယ်လိုက်သည်ဖြစ်၍ ပြန်သွားပြီးလျှင် ထိုရဲရဲတောက်ပယ်လိုက်ကြောင်းကို ဥတေနဘုရင်မင်းမြတ်အား သံတော်ဦးတင်လေပြီ။

**မှတ်ချက်။** ။ထို သာမာဝတီ ဝတ္ထုကြောင်းကို ထောက်ထားသဖြင့် သောတာပန်သည် သိလျက်နှင့် အသက်

ရှိသော သတ္တဝါတို့ကို မုချဆတ်ဆတ် မသတ်ပေ၊ ကိုယ့်အသက်သာ အသေခံမည်၊ အကျယ် သိလိုလျှင် ဓမ္မပဒအဋ္ဌကထာ သာမာဝတီဝတ္ထုကို ကြည့်ပါလေ။

(ခ) သီဟစစ်သူကြီးဝတ္ထု

န စ မယံ ဇီဝိတဟေတုပိ သဥ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျာမာတိ။

(ဝိနည်း မဟာဝါပါဠိ ဘေသဇ္ဇက္ခန္ဓက၊ သီဟသေနာပတိ ဝတ္ထု-၃၃၄)။

မြန်မာအဓိပ္ပါယ်။ ။ဝေသာလီမြို့တော် လိစ္ဆဝီမင်းတို့၏ စစ်သေနာပတိချုပ်ကြီးဖြစ်သော သီဟသည် မြတ်စွာဘုရား တရားတော်ကို နာရ၍ အရိယာ သောတာပန် ဖြစ်လာသော အခါ မြတ်စွာဘုရားအား မိမိအိမ်သို့ဆွမ်းစားပင့်ပြီး အလိုလို ဖြစ်သော အသားဟင်းဖြင့် ချက်ပြုတ်စီရင်၍ ဘုရား အမှူးရှိ သော သံဃာတော်အား ဆက်ကပ်၏။

ထိုအခါ နိဂဏ္ဌာတို့သည် မြို့တွင်း လမ်းဆုံ လမ်းမ၌ လက်သီး လက်ရုံးတမ်း ငိုကြွေးလျက် စစ်သူကြီး သီဟသည် ဝဖြိုးသော သားကောင်းကို သတ်၍ ရှင်ကြီးဂေါတမအား ဆွမ်းကျွေး၏၊ ရှင်ကြီး ဂေါတမသည် သိလျက်နှင့် စား၏၊ ဤသို့ နိဂဏ္ဌာတို့ အင်အားပြ ကြွေးကြော်နေကြကုန်၏။

ထိုအခါ စစ်သူကြီး အပါးတော်မြဲသည် စစ်သူကြီးအား ထိုနိဂဏ္ဌာတို့ ပြုမူအင်အားပြနေသောအကြောင်းကို သံတော်ဦး တင်ရာ နိဂဏ္ဌာတို့ဟာ ဘုရားအမှူးရှိသော သံဃာတော်တို့၏

အကျိုးစီးပွားကိုမလိုလားကြသော ပုဂ္ဂိုလ်တွေပါ၊ သောတာပန္န အရိယာဖြစ်သော ငါတို့သည် မိမိအသက် အန္တရာယ်ဖြစ်ပေစေ အသတ်ခံရပေစေ သေစေလိုသော စေတနာဖြင့် စေ့ဆော်၍ အသက်ရှိသော သတ္တဝါဟူသမျှကို ဘယ်တော့မှ မချကြကုန် မသတ်ကြကုန် သေအောင် လုံ့လ မပြုကုန်၊ ဤသို့ မိန့်ကြား၏။

မှတ်ချက်။ ။ဤစစ်သူကြီးသီဟဝတ္ထုကိုထောက်လျှင်လည်းဘဲ သောတာပန်များသည် သူတပါးအသက်ကို သေစေလိုသော စေတနာဖြင့် စေ့ဆော်၍ မုချဆတ်ဆတ် မသတ်ပေ၊ မိမိတို့အသက်သာအသေခံမည်၊ အကျယ်သိလိုလျှင် ဝိနည်းမဟာဝါ ပါဠိတော်နှင့် ၎င်းအဋ္ဌကထာကို ကြည့်ပါလေ။

## (၈) ငါးမျှားသမား ဘရိယဗာလိသိက ဝတ္ထု

န တေန အရိယော ဟောတိ၊ ယေနပါဏာနိ ဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ၊ အရိယောတိ ပဝုစ္စတိ။
(ဓမ္မပဒအဋ္ဌကထာ ဒုတိယတွဲ ၂၅၁)။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် တနေ့သ၌ သံဃာတော်များခြံရံလျက် သာဝတ္ထိမြို့၏ မြောက်တံခါးရွာ၌ ဆွမ်းခံလှည့်လည် ကြွတော်မူ၏။ ထိုခဏ အရိယ အမည်ရှိသော ဗာလိသိက ငါးမျှားသမားသည် ငါးမျှားတံဖြင့် ငါးတို့ကို မျှားနေစဉ် ဘုရားအမှူးရှိသော ရဟန်း သံဃာတော်ကို မြင်၍ ရှက်သဖြင့်

ငါးမျှားတံကို စွန့်ချထားပြီး အသာကလေး ဟန်ဆောင် ရပ်နေ၏။

မြတ်စွာဘုရားသည် မနီးမဝေး၌ ရပ်တော်မူလျက် သင့်နာမည် ဘာခေါ်သလဲ၊ ဤသို့ သာရိပုတြာ စသော ရဟန်းတို့၏ နာမည်တွေကို လျှောက်မေးလေ၏။ မေးပြီးနောက် ဥပါသကာ သင့်နာမည်ကော ဘယ်သို့ခေါ်သနည်းဟု ဗာလိသိကကို မေးလိုက်၏၊ မြတ်စွာဘုရား တပည့်တော် နာမည် အရိယလို့ ခေါ်ပါသည်။ ဤသို့လျှောက်ထား၏။

ဂါထာ အဓိပ္ပါယ်။ ။ဥပါသကာ- အကြင်သူသည် အသက်မွေးမှုလိုသောအကြောင်းကြောင့် သတ္တဝါ၏အသက်တို့ကို ညှဉ်းဆဲသတ်ဖြတ်၏၊ သတ္တဝါတို့၏အသက်ကို ညှဉ်းဆဲသတ်ဖြတ် သောကြောင့် ထိုသူသည် အရိယ ဟူသော အမည်မဖြစ်နိုင်၊ အလုံးစုံသော သတ္တဝါတို့၏ အသက်ကို မညှဉ်းဆဲ မသတ်ဖြတ်သော ပုဂ္ဂိုလ်ကိုသာ အရိယ ဟူ၍ ခေါ်ဝေါ် ပြောဆိုအပ်၏။

ဤသို့ မြတ်စွာဘုရား ဟောပြောသည်၏အဆုံး၌ အရိယ အမည်ရှိသော ငါးမျှားသမား ဗာလိသိကသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

မှတ်ချက်။ ။ဤ ငါးမျှားသမားအရိယသည် သောတာပတ္တိ တည်သောနေ့ကစ၍ ကြမ်းထမ်းသော ပါဏာတိပါတ စသော အမှုတို့ကို ပြုလုပ်၍ အသက်မမွေး တော့ပေ။

## (ဃ) ကုက္ကုဋမိတ္တ မုဆိုးဝတ္ထု

မြတ်စွာဘုရားသခင်သည် ရာဇဂဟမြို့ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တနေ့သောအခါ မုဆိုးရွာ၌ မုဆိုးကြီးနှင့် ပေါင်းဖက်လျက်နေသော ရာဇဂဟ သေဋ္ဌေးသမီး သောတာပန္န အမျိုးသမီး သည် သား ၇-ယောက်ရ၍ သားများကို လက်ထပ်ပြီး သမီးချွေးမတို့နှင့် အတူတကွ လက်ရေတပြင်တည်း လုပ်ကိုင် စားသောက်၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် မုဆိုးကြီးနေသော ရွာ၏အနီး သားသမင် ထောင်ထားသော တောအရပ်သို့ မုဆိုးကြီးနှင့် တွေ့ရန် ကြွတော်မူ၏။ဘဘ မုဆိုးကြီးနှင့် သား ၇-ယောက် တို့သည် ဘုရားအား လေးတို့ဖြင့် ပစ်ရန်ချိန်လျက်။ အမြှတ် တွေ ပါးစပ်ကထွက် မလုပ်မရှက်နိုင်ဖြစ်နေကုန်၏။ သူဌေး သမီး မြင်သောအခါ ငါ့ဘဘ-ငါ့ဘဘ ဟု အော်လျက် လေးတွေ ချခိုင်းပြီး၊ ဘုရားအား ကန်တော့စေ၏။

မုဆိုးကြီးနှင့် သား ၇-ယောက် ချွေးမ ၇-ယောက် ၁၅-ယောက်တို့၏ အပေါင်းသည် သောတာပန် သူဌေးသမီး တိုက်တွန်းချက်အရ ဘုရားအား ရှိခိုးပူဇော် ကန်တော့စေ လျက် မြတ်စွာဘုရားက သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်း တရားကောင်း တရားမြတ်ကို ဟောတော်မူသဖြင့် သောတာပတ္တိဖလ၌ တည်ကြလေပြီ။

မြတ်စွာဘုရားသည် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးပြီး ကျောင်းတော်သို့ပြန်လာသောအခါ အဘယ် အရပ်သို့ကြွပါသနည်းဘုရားဟု အရှင်အာနန္ဒာက လျှောက်

ထားသဖြင့် မြတ်စွာဘုရားက မုဆိုးရှာ သောတာပန် သူဌေး သမီး၏ အရှင်လင်နှင့် သား ၇-ယောက် ချွေးမ ၇-ယောက် ဤ ၁၅-ယောက်တို့အား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးရန် ကြွတော်မူ၏ ဟု မိန့်တော်မူသောအခါ အရှင်အာနန္ဒာက ကုက္ကုဋမိတ္တ မုဆိုး၏ ပါဏာတိပါတအမှုကို နောင်တဖန် မပြုလုပ်အောင် ဆုံးမအပ်ပါသလော ဘုရားဟု လျှောက်ပြန်၏။ ထိုအခါ မြတ်စွာဘုရားက—

> အာမာနန္ဒ သော အတ္တပဥ္စဒသမော အစလသဒ္ဓါယ ပတိဋ္ဌာယ တီသု ရတနေသု နိက္ကင်္ခေါ ဟုတွာ ပါဏာတိပါတကမ္မဿ အကာရကော ဇာတောတိ။
>
> (ဓမ္မပဒအဋ္ဌကထာ ပါပဝဂ္ဂ ဒုတိယတွဲ-၁၈)။

အာနန္ဒာ ဆုံးမအပ်၏၊ ထို မုဆိုးသည် မိမိနှင့် တကွ ၁၅-ယောက်တို့ အပေါင်းပါ မတုန်လှုပ်သော သဒ္ဓါ၌ တည်စေလျက် သုံးပါးသော ရတနာတို့၌ ယုံမှားခြင်း ကင်းစေ ပြီး ပါဏာတိပါတအမှုကို နောင်တဖန် မပြုလုပ်ကြတော့ပေ၊ ဤသို့ဆုံးမတော်မူအပ်ပြီဟု မိန့်တော်မူ၏။

ရဟန်းတို့သည် ကုက္ကုဋမိတ္တ၏ ဇနီးသည်သည် အပျို အရွယ်ကာလကပင် သောတာပတ္တိဖလသို့ရောက်လျက် လင့် အိမ်သို့ လိုက်သွား၍ သား (၇)ယောက် ရခဲ့လေပြီ။ ထို သောတာပန် သူဌေးသမီးသည် သား ၇-ယောက် ရသော ကာလပတ်လုံး အရှင်လင်က ဒူးလေး မြှား လှံတံကျင် ပိုက်ကွန်ရှက်တို့ကို ဆောင်ယူခဲ့လောဟု စေခိုင်းခဲ့သည်ရှိသော်

လင်စေခိုင်းတိုင်း ယူပေးရာ၏။ ထို သောတာပန် ဇနီးသည် ပေးအပ်သော လက်နက်တို့ကို ယူဆောင်သွား၍ သားကောင် တို့ကို ပစ်သတ်ခြင်းအမှုပြု၏၊ သောတာပန် တို့သည်လည်း သူ့အသက်သတ်ခြင်းအမှု ပြုကုန်သလော၊ ဤသို့ ပုစ္ဆာစကား ဖြစ်ပေါ်လာ၏။

ထိုအခါ မြတ်စွာဘုရားကြွလာ၍ မြတ်စွာဘုရားက အရှင် လင်၏ ဝတ္ထုရား အရသာ ပြုလုပ်ပေး၏၊ ထိုသောတာပန် သတို့သမီးအား သေစေလိုသော စိတ်ဓာတ်မရှိဟု မိန့်ကြား ပြီး၍-

ပါဏိမှိစေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။

နာဗ္ဗဏံ ဝိသ မန္ဝေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတောတိ။

ဟူသော ဂါထာကို ဟောတော်မူ၏။

**မြန်မာပြန်**။ ။အကြင်သူ၏ လက်ဖဝါးပြင်၌ အနာသည် အကယ်၍ မရှိခဲ့ငြားအံ့၊ ထိုသူသည် အနာမရှိသောလက်ဖြင့် လောလော လတ်လတ် သေစေတတ်သော အဆိပ်ကို ကိုင် ဆောင်သော်လည်း အဆိပ်သည် အနာမရှိသော လက်ကို လောလော လတ်လတ် သေစေခြင်းငှာ အဆိပ်တက်ခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် အနာမရှိသော လက်ဖြင့် လောလော လတ်လတ် သေစေတတ်သော အဆိပ်ကို ဘေးရန်ကင်းကင်း ရှင်းရှင်း ကိုင်ဆောင်ခြင်းငှာ စွမ်းနိုင်သကဲ့သို့ ထို့အတူ လေးစသည်တို့ကို အရှင်လင်အား ဝတ္တရားအလျောက် ဆောင် ၍ ပေးတတ်သော်လည်း သတ်ပါစေ သေပါစေ ဟူသော စေတနာလည်း လုံးလုံးမရှိ၊ သတ်ပါစေ သေပါစေ ဟူသော

မကောင်းမှု စိတ်ကိုလည်း မပြုလုပ် မဆောက်တည်တတ်သော ငါ့သမီးအား ပါဏာတိပါတ အကုသလကံ မည်သည် လုံးဝမရှိနိုင်၊ ဤသို့ဟောတော်မူသည်၏ အဆုံး၌ စည်းဝေး ရောက်လာသော များစွာသော လူ ရှင် ရဟန်း တို့သည် သောတာပတ္တိဖိုလ် စသော လောကုတ္တရာ တရားသို့ ရောက် ကြကုန်ပြီ။

မှတ်ချက်။ ။သောတာပန် သေဌေး သမီးသည် သောတာ ပတ္တိမဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄- ပါး၊ ယင်း စိတ်နှင့်ယှဉ်သော လောဘစေတသိက်ကို ပယ်ထား ပြီးဖြစ်သောကြောင့် အသားစားရလျှင်ကောင်းမည်၊ အသားတွေရောင်းစားရလျှင် ပိုက်ဆံရမည် ဟူသော အကုသလလောဘစိတ် မဖြစ်၊ ယင်းမဂ်ဖြင့် အပါယ ဂမနီယဖြစ်သော ဒေါသမူဒွေး နှင့် ဒေါသ စေတ သိက်ကိုပယ်ထားသောကြောင့် ဤလေးမျှားစသည် တို့ဖြင့် သားကောင်တွေ သတ်ပါစေ သေပါစေ ဒေါသစိတ် စေတသိက် လုံးလုံးမဖြစ်၊ ယင်းမဂ်ဖြင့် ဗုဒ္ဓ ဓမ္မ သံဃ စသည်၌ မဆုံးဖြတ် နိုင်သော ဝိစိကိစ္ဆာကို လုံးဝပယ်သတ်ထားသည်၊ သောတာပန် တို့၏ စိတ်ဓာတ် ခိုင်မြဲပုံကို သတိထားတော်မူကြပါ၊ မိမိတို့ ပုထုဇ္ဇန ဥမ္မတ္တက စိတ်နှင့်မနှိုင်းစာသင့်ပေ။

ထိုနည်းတူစွာ အရှင်လင်နှင့်သား ၇-ယောက် ချွေးမ ၇-ယောက် ဤ ၁၅-ယောက်တို့သည် သောတာပတ္တိဖလ၌ တည်သည်မှစ၍ သောတာပတ္တိမဂ်ဖြင့် ပယ်၍ ထားသော

လောဘ ဒေါသ မောဟသည် လုံးလုံး မဖြစ်သောကြောင့် အရိယကန္တသီလ၌မြဲသဖြင့် ပါဏာတိပါတ စသော ဒုစ္စရိတအမှုတို့ကို နောက်တခါ လုံးဝ မပြုတော့ပေ။

### (င) ဗိမ္ဗိသာရမင်းကြီးဝတ္ထု

အထခေါ ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော
သေနာနာယကော မဟာမတ္တေ အာဏာပေသိ၊
(ဂစ္ဆထ ဘဏေ ပစ္စန္တံ ဥစ္စိနထာတိ)။
(ဝိနယပိဋက မဟာဝဂ္ဂပါဠိ မဟာခန္ဓက ရာဇဘဋ ဝတ္ထု ၁၀၃)။
ရာဇာ ပန သောတာပန္နတ္တာ (စောရေ ဃာတေထ၊ ဟနထာတိ) နအာဏာပေတိ။
(ဇင်းအဋ္ဌကထာ ၂၇၇)။
ဧတ္ထ စ အရိယာ နေဝ ပါဏာတိပါတံ ကရိံသု၊ န သမာဒပေသုံ၊ န သမနုညာ အဟေသုံ၊ ပုထုဇ္ဇနာ ပန သဗ္ဗမကံသု။
(ပါရာဇိက ကဏ္ဍ အဋ္ဌကထာ ဒုတိယဘာဂ ပါရာဇိကကဏ္ဍ တတိယ ပါရာဇိက ၆)။

ဗိမ္ဗိသာရ မင်းမြတ်သည် နိုင်ငံတော်၏ အစွန် အဖျား အနား၌ သူပုန်သူကန်များ ထကြွသောင်းကျန်း ခဲ့သည် ရှိသော် စစ်တပ်၏ အကြီးအကဲဖြစ်ကုန်သောဗိုလ်ကြီး ဗိုလ်မှူး ဗိုလ်မှူးကြီး ဗိုလ်ချုပ် ဗိုလ်ချုပ်ကြီး စသော စစ်ဘက်ဆိုင်ရာ အမတ်ကြီးတို့ကို မောင်မင်းတို့ သူပုန်ထရာ အရပ်သို့ သွား

ကြကုန်လော့ သူပုန်ထရာ တိုင်းစွန်ပြည်နား အရပ်ကို ပကတိ ပင်ကိုအတိုင်း ကုန်သွယ်ခြင်း လယ်လုပ်ခြင်း အမှုတို့ကို ပြုလုပ် နိုင်အောင် တိုင်းသူပြည်သားများ အေးအေး ချမ်းချမ်း နေ နိုင်အောင် စည်ပင်ပြန့်ကား တိုးပွားအောင် ပြုလုပ်ကြကုန် လော့ဟုသာ မိန့်တော်မူ၏၊ (ပယ်ရှားသုတ်သင် ပစ်လိုက်ကြ ကုန်လော့ဟု ဘယ်သော အခါမျှ မစေခိုင်းပေ) အကြောင်း မူကား ထိုဗိမ္ဗိသာရ မင်းကြီးသည် သောတာပန် ဖြစ်သော ကြောင့်ပင်တည်း။

မှတ်ချက်။ ။ဤဗိမ္ဗိသာရ ဝတ္ထုကို ထောက်သဖြင့်လည်း သောတာပန် ပုဂ္ဂိုလ်သည် သူတပါး အသက်ကို မသတ်ဖြတ်ကြောင်း လွန်စွာ ထင်ရှားပေသည်၊ ပုထုဇဉ်သူမိုက်တို့မှာမူကား ပါဏာတိပါတ စသည် တို့ကို ရင်ဆိုင်လာလျှင်မူ မရှောင်လွှဲနိုင်ဘဲ ပြုလုပ် သတ်ဖြတ်ကြကုန်၏။

## (၈) ကာဠယက္ခိနီဝတ္ထု

န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေနစ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။
(ဓမ္မပဒ အဋ္ဌကထာ ပဌမတွဲ ၃၃)။

မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် သပတ္တိ လင်တူ ရန်သူဖြစ်သော မယားကြီး အမြုံမနှင့် မယားငယ်သားဖွား နှစ်ဦးတို့သည် ရှိကြကုန်၏၊ မယားကြီး ဣဿာဖြစ်၍မယားငယ်အား ပဋိသန္ဓေနေတိုင်း

ကိုယ်ဝန်ကျဆေးကျွေးသဖြင့် နှစ်ကြိမ်တိုင်တိုင် ကိုယ်ဝန်ကျစေ၏၊ သုံးကြိမ်မြောက်သောအခါ သူငယ်ပါမက မိခင်ပါ သေလောက်အောင် ဝေဒနာခံစားရ၍ စိတ်နာလွန်းသဖြင့် နောက်ဘဝ ဘီလူးမဖြစ်ပြီး သင်မွေးတိုင်းသော သားများကို စားရစေသားဟု ဆုတောင်းခဲ့၍ ဤအိမ်၌ ပဌမ ကြောင်ဖြစ်၊ မယားကြီးကား ကြက်မဖြစ်၍ မွေးတိုင်းအစားခံရရာ ဒုတိယ မယားကြီးက ကျားသစ်၊ မယားငယ်က သမင်မ ဖြစ်၍ တတိယအကြိမ် မယားကြီးက သာဝတ္ထိမြို့၌ အမျိုးသမီး ဖြစ်၍ မယားငယ်က ဘီလူးမဖြစ်ပြီး မွေးတိုင်းသော သား များကို စား၏၊ သုံးကြိမ်မြောက်မွေးသော သားကလေးကို စားရန်လိုက်သော အခါ မြတ်စွာဘုရား ရှေ့တော်မှောက် ရောက်၍–

ချစ်သမီးတို့ဤလောက၌ ရန်သူဟူသမျှတို့သည် ရန်တုံ့မူ သဖြင့်တရံတဆစ်မျှ မငြိမ်းအေးနိုင်ကုန်သည်သာ၊ ရန်ဟူသမျှ တို့သည် ရန်တုံ့မမူ ဖြန့်ဖြူးမေတ္တာ ပေါင်းဆက် ခါခါ ပွားများပါသဖြင့် ငြိမ်းအေးနိုင်ကုန်၏၊ ဤသို့ ရှေးဟောင်း သဘော တရားတို့သည် အလုံးစုံသော ဘုရားပစ္စေကဗုဒ္ဓ ရဟန္တာတို့၏ သွားရာသွားကြောင်း လမ်းကောင်းပေတည်း။

ဤသို့ ဟောကြားတော်မူပြီးသည်၏ အဆုံး၌ ဘီလူးမ သည် သောတာပတ္တိ ဖလ၌ တည်ပြီးလျှင် ကလေးအမေ အမျိုးသမီး မိခင်သည် ပေးအပ်သည်ဖြစ်၍ မိမိလက်ထည်း ရှိ ထိုကလေးကို နမ်းရှုံ့ပွေ့ဖက်ကာ တဖန်မိခင်အား သား ကို ပြန်၍ပေးလျက် ငိုကြွေးလေပြီ။

မြတ်စွာဘုရားမေး။ ။အို ချစ်သမီး အဘယ် အတွက် ငိုကြွေး
သနည်း။

ဘီလူးမ လျှောက်။ ။တပည့်တော် မသည် ရှေး အခါက
ထူးထူးခြားခြား သူတပါး အသက်တွေကို သတ်
ဖြတ်၍ စားပါသော်လည်း ဗိုက်ပြည့်အောင်မရခဲ့ပါ၊
ယခုမှာမူ ဘယ်ပုံ ဘယ်နည်း အသက်မွေးရပါမည်လဲ
ဘုရား၊ ဤသို့ကြံစည်၍ ငိုကြွေး ရပါသည် အရှင်
ဘုရား။

ထိုအခါ မြတ်စွာဘုရားက သတို့သမီး သင့်မိတ်ဆွေ ဤဘီလူးမကို သင့်အိမ်သို့ ခေါ်ဆောင်၍ အဦးဖြစ်သော ယာဂုထမင်း အသက်လွှတ်တို့ဖြင့် လုပ်ကျွေးလေဟု အပ်လိုက်လေ၏။

မှတ်ချက်။ ။ဤကာဠယက္ခိနီ ဘီလူးမ ဝတ္ထုကို ထောက်သ
ဖြင့်လည်း သောတာပန်သည် သူတပါးအသက်ကို
စေတနာဖြင့် မသတ်ဟု မုချဆတ်ဆတ် မှတ်ယူရမည်။

## (ဆ) အာဠဝကဝတ္ထု

အာဠဝီမင်းသည် ဆက်သအပ်သော တနေ့လျှင် ထမင်း တအုပ်နှင့် လူတယောက် သတ်ဖြတ်စားသောက် နေသော အာဠဝက ဘီလူးကြီးသည် နတ်သဘင် အစည်းအဝေး တက် နေခိုက်မိမိဗိမာန်တွင်းသို့ မြတ်စွာဘုရားဝင်ရောက် သီတင်း သုံးနေကြောင်း တံခါးမှူးဂဒြဘ ထံမှ ကြားသိရသောအခါ ယမ်းပုံမီးကျ အမျက်ဒေါသ ထောင်းထောင်းထလျက် ဘုရား

ရှင်အား ၁-လေမုန်တိုင်းကြီး ၂-သည်းထန်သော မိုးကြီး ၃-ကျောက်ခဲမိုး ၄-ဆောက်ပုတ်လက်နက်မိုး ၅-မီးကျီးမိုး ၆-ပြာပူမိုး ၇-သဲမိုး ၈-ရွံ့ညွန်မိုး ၉-အမိုက်မှောင်မိုး၊ ဤမိုးကြီး ၉-မျိုးနှင့်တကွ ၁၀-ဘွဲ့ဖြူလက်နက်ဖြင့် ခြိမ်းချောက် တိုက်ခိုက်ပါသော်လည်း ဘုရားရှင်အား မထိခိုက်ဘဲ ခြေတော် ရင်း၌ ပန်းမွေ့ရာ စသည်နှင့် ခြေသုတ်ပုဆိုး အဖြစ်သို့သာ ကျရောက်နေသည်ကို တွေ့မြင်ရသဖြင့် စိတ်အပျက်ကြီးပျက် မာနအကျကြီး ကျလေတော့၏။

ထို့နောက် ပညာရှိ နှိပ်စက်နည်းဖြင့် ပြဿနာများကို မေးမြန်းနှိပ်စက်ခဲ့သည်ရှိသော် ဘုရားရှင်ထံမှ အဖြေ တရား တော်များကို ကြားနာရ၍ အပါယ်လေးပါး လားကြောင်း ဖြစ်သော အကုသိုလ် ဒုစရိုက် အမှုတို့ကို ပယ်သတ်လျက် သောတာပန်အဖြစ်သို့ ရောက်သွားလေ၏။

ထိုအခါမှစ၍ အာဠဝိပြည်သားတို့၏ အသက်များကို ဘေးမဲ့ပေးလျက် မင်းနှင့်တကွသော တိုင်းသူပြည်သားတို့ သည် ပသ တင်မြှောက်အပ်သော အသက်သတ်လွတ် ထမင်း မုံ့ပဲ သွားရည်စာ တို့ကိုသာ အမြဲသုံးဆောင် စားသောက် တော့၏။

ဤကဲ့သို့ ရှေးက အသားစားကြူး အာဠဝကဘီလူးကြီး သည် မြတ်စွာဘုရား၏ တပည့် သောတာပန်အရိယာသာဝက အဖြစ်သို့ ရောက်ပြီးနောက် လူ နတ်တွေ စိတ်ကြည်လင် ကြေနပ်စေကြောင်း-

သော အဟံ ဝိစရိဿာမိ၊ ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊ ဓမ္မဿစ သုဓမ္မတံ။

(သဂါထာဝဂ္ဂ သံယုတ္တပါဠိ ယက္ခသံယုတ္တ အာဠဝကသုတ္တ ၂၁၇)။

ဟု လျှောက်၏။

မြတ်စွာဘုရား ဘပည့်တော်သည် ဘုရားရှင်၏ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်တတ်သော ဘုရားရှင်မြတ်၏ အဖြစ်ကိုလည်းကောင်း၊ တရားတော်မြတ်၏ မြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော် မူအပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ သံဃာတော်၏ စင်ကြယ်မှန်မြတ် အကျင့်ခါတ်နှင့် ပြည့်စုံသည်၏ အဖြစ်ကိုလည်းကောင်း လက်အုပ်ချီ၍ ရှိခိုးလျက် နတ်ရွာတရွာမှ တရွာ နတ်မြို့ တမြို့မှ တမြို့ နတ်ပြည် တပြည်မှ တပြည် လှည့်လည်ကြွေးကြော်တိုက်တွန်းနှိုးဆော်ပါအံ့ဘုရားဟု ဘုရားရှင်အား နိဗ္ဗာန်ဆော်အဖြစ် လျှောက်ထားလေ၏။

## (၉) သောတာပန်ကုန်သည်ဝတ္ထု

တတ္ထ သော နှာပိတော သကုဏေ မာရေတွာ ပစိတွာ
ခါဒန္တော ဥပါသကဿပိ ဒေတိ၊ ဥပါသကော
(အလံ မယှန္တိ) န ခါဒတိ။

(ဇာတက အဋ္ဌကထာ ဒုတိယတွဲ ဒုကနိပါတ် အသဒိသဝဂ်
သီလာနိသံသဇာတက ၁၀၁)။

ရှေးအတိတ် ကဿပဘုရားသခင် လက်ထက်စဉ် အခါက သောတာပန္န အရိယာသာဝက ကုန်သည်သည် အဖော်ဆတ္တာသည်နှင့်အတူ ကုန်သွယ်သွားရန် သင်္ဘောပေါ်သို့ တက်စီး၏၊ သင်္ဘောသည်၇-ရက်မြောက်သောနေ့၌ သမုဒ္ဒရာပင်လယ်တွင်း၌ ပျက်စီးခဲ့လေပြီ၊ သောတာပန္န အရိယကုန်သည်နှင့် ဆတ္တာသည် သည် တခုသော ပျဉ်ချပ်ကလေးကို တွယ်မှီစရာ ရ၍ ကူးခတ်သွားရာ ကျွန်း တကျွန်းသို့ ရောက်သွားကြကုန်၏၊ ဆတ္တာသည် သည် ထိုကျွန်း၌ ငှက်တို့ကို သတ်ဖြတ် မီးကင်လျက် ကိုယ်တိုင်စား၏၊ ဆရာ သောတာပန္နကုန်သည်အားလည်း ပေး၏။

ဆရာ သောတာပန္နကုန်သည်သည် ငါ့ရှင် ဥဒ္ဒိဿကမံသဖြစ်၍ စားခြင်းငှာမသင့်၊ ဤသို့ ပယ်မြစ်လျက် မစားပေ၊ ထိုသောတာပန္နအရိယသာဝက ကုန်သည်၏ သီလတန်ခိုးနှင့် ရတနာသုံးပါး အောက်မေ့ဆင်ခြင်သောတန်ခိုးသတ္တိကြောင့် ထိုကျွန်း၌နေသော နဂါးမင်းသည် မိမိကိုယ်ကို သင်္ဘောကြီးဟန် ဖန်ဆင်းလျက် သမုဒ္ဒရာ စောင့်နတ်သည် သင်္ဘောသူကြီးလုပ်စေ၍ ရတနာ ၇-ပါးတို့ဖြင့် ပြည့်စေလျက် မိမိနေရင်းအရပ်သို့ ရောက်အောင် သင်္ဘောကြီးဖြင့် ပို့ပေးလိုက်လေပြီ။

မှတ်ချက်။ ။ထိုသီလာနိသံသဇာတ်တော်လာ သောတာပန္န အရိယာကုန်သည်၏ အသက်ရှိသည့် သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ဘို့ရန်မဆိုထားဘိ၊ မိမိအာတွက်

ရည်ရွယ်၍ သတ်သည့် ငှက်ကင်သားကို သော်မှ မစားပေ။

ဤ ပြဆိုခဲ့ပြီးသော ပါဠိ အဋ္ဌကထာလာ သက်သေ ဝတ္ထု စကားရပ်များကို ထောက်ဆသဖြင့် သောတာပန္န အရိယ သာဝကများ၏ အရိယကန္တသီလ အမြဲတမ်း တည်ရှိသော ကြောင့် အသက်ရှိသောသတ္တဝါကို သေစေလိုသော စိတ် စေတနာဖြင့် မှုချဆတ်ဆတ် လုံးဝမသတ်ဖြတ်ကြောင်း ထင်ရှား လှပေသတည်း။

ဤကား သောတာပန္န အရိယသာဝက၏ ပါဏာတိပါတ မှ ရှောင်ကြဉ်ကြောင်း ဝတ္ထုသာဓကများ အပြီးသတ်တည်း။

---

## အခန်း (၃)

### သောတာပန္န၏ အဒိန္နာဒါနမှ ရှောင်ကြဉ်ကြောင်း

### (က) ခုဇ္ဇုတ္တရာဝတ္ထု

ခုဇ္ဇုတ္တရာပိ သတ္ထု ဓမ္မကထံ သုတွာန္တိယေဝ သောတာ ပတ္တိဖလေ ပတိဋ္ဌဟိ။ သာ အညေသု ဒိဝသေသု စတ္တာရော ကဟာပဏေ အတ္တနော ဂဟေတွာ စတူဟိ ပုပ္ဖါနိ ဂဟေတွာ ဂစ္ဆတိ၊ တံ ဒိဝသံ အဋ္ဌဟိပိ ပုပ္ဖါနိ ဂဟေတွာ ဂတာ။ အထ နံ သာမာ ဝတီ အာဟ "ကိံ နု ခေါ အမ္မ အဇ္ဇ အမှာကံ ရညာ ဒွိဂုဏံ ပုပ္ဖမူလံ ဒိန္န"န္တိ။ နော အယျေတိ။ အထ ကသ္မာ ဗဟူနိ ပုပ္ဖါနီတိ။ အညေသု ဒိဝသေသု

အဟံ စတ္တာရော ကဟာပဏော အတ္တနော ဂဟေတွာ စတူဟိ ပုပ္ဖါနိ အာဟရာမိတိ။ အဋ္ဌကာသွာ န ဂဏ္ဍိတိ။ သမ္မာသမ္ဗုဒ္ဓဿာ ဓမ္မကထံ သုတွာ ဓမ္မဿ အဓိဂတတ္တာတိ။

(ဓမ္မပဒအဋ္ဌကထာ ပဌမတွဲ အပ္ပမာဒဝဂ် ၁၃၄)။

မြတ်စွာဘုရားသည် ဥတေနမင်း၏ ထီးနန်းစံရာ ကောသမ္ဗီ မြို့တော် ဃောသိတ အာရာမ်၌ သီတင်းသုံးတော်မူစဉ် ခုဇ္ဇုတ္တရာ ပန်းတော်ဆက် မောင်းမသည် သုမနပန်းသည်၏ အိမ်၌ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသည်ဖြစ်၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ခုဇ္ဇုတ္တရာသည် သောတာပန်မဖြစ်မီ ရှေးက ဥတေနမင်း ကြီးက ပန်းဆက်သရန် အသပြာငွေရှစ်ကျပ် နေ့စဉ် ထုတ်ပေး သော်လည်း လေးကျပ်ဘိုးသာ ပန်းဝယ်ယူ၍ ကျန်ငွေ လေးကျပ်ကိုကား မိမိအတွက် သုံးစွဲရန် ဝှက်ယူထားလေပြီ။ သောတာပန် ဖြစ်ပြီးသောအခါ၌ကား ရှစ်ကျပ်ဘိုးလုံးကိုပင် ပန်းဝယ်ယူ၍ သာမာဝတီမိဖုရားအား ဆက်သလေပြီ။

**သာမာဝတီမေး။** ။အမိ ဤနေ့ ကျွန်မတို့အား ဘုရင် မင်းမြတ်က ပန်းဘိုး နှစ်ဆတိုး ပေးပါသလော။

**ခုဇ္ဇုတ္တရာ ဖြေ။** ။အရှင်မ နှစ်ဆတိုး မပေးပါ။

**မေး။** ။ထိုသို့ နှစ်ဆတိုး မပေးပါဘဲလျက် အဘယ့် ကြောင့် ဤနေ့ ပန်းတွေ နှစ်ဆတိုး များရသလဲ။

ဖြေ။ ။ရှေး အခါတုန်းကတော့ ငွေလေးကျပ်ကို ကျွန်တော်မယူထား၍ လေးကျပ်ဘိုးသာ ပန်းဝယ်ပြီး အရှင်မ အား ဆက်သပါသည်။

မေး။ ။ဒီနေ့တော့ အဘယ့်အကြောင်းကြောင့် ငွေ လေးကျပ် ဖြတ်စားယပ်စား မလုပ်သလဲ။

ဖြေ။ ။မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ တရားတော်ကို ထိုးထွင်း သိသွားသောကြောင့် ရှေးကလို လေးကျပ်ဖြတ်မစားဘဲ ရှစ်ကျပ်ဘိုး ဝယ်ပြီး အမှန်အကန် ဆက်သပါသည်အရှင်မ။

မှတ်ချက်။ ။ဤ ခုဇ္ဇုတ္တရာဝတ္ထုကြောင်းကို ထောက်ထား သဖြင့် သောတာပန်အရိယာ သာဝကများသည်-

၁။ သူတပါးတို့၏ဥစ္စာပစ္စည်းကို နည်းများမဟူ မုချဆတ် ဆတ် ခိုးလိုဝှက်လိုသောစိတ်ဖြင့် မယူကြောင်း ထင်ရှားသည်။

၂။ တနေရာ၌ အရှင်မရှိ-တွေ့မြင်သောပစ္စည်းဖြစ်လျှင် ပံသုကူလစိတ်ဖြင့်သော်ရင်း၊ သို့မဟုတ် အရှင်တွေ့လျှင် ပြန် ပေးမည်ဟု စင်ကြယ်သော စိတ်ဖြင့်သော်ရင်း ကောက်ယူ ထားတတ်သည်။

၃။ စဉ်းလဲကောက်ကျစ်သောစိတ် လိမ်လည်လှည့်ဖြား ပြောဆိုလိုသောစကား လုံးဝမရှိပေ။

## (ခ) သပိတ်ကုန်သည် ဝတ္ထု

အထ ခေါ သော ကုမ္ဘကာရော ဘိက္ခူနံ ဗဟူ ပတ္တေ ကရောန္တော န သက္ကောတိ အညံ ဝိက္ကာယိကံ ဘဏ္ဍံ

ကာတုံ။ အတ္တနာပိ န ယာပေတိ၊ ပုတ္တဒါရာပိဿ ကိလမန္တိ။
(ပါရာဇိကပါဠိ နိဿဂ္ဂိယကဏ္ဍ ပတ္တဝဂ္ဂ ဦနပဉ္စဗန္ဓနသိက္ခာပဒ ၃၅၅)။

န ယာပေတီတိ သော ကိရ ယဒိ အရိယသာဝကော နာဘဝိဿာ၊ အညထတ္တမ္ပိ အဂမိဿာ၊ ဧဝံ တေဟိ ဥပဒ္ဒုတော။ သောတာပန္နတ္တာ ပန ကေဝလံ သရီရေ နေဝ န ယာပေတိ။ တေန ဝုတ္တံ "အတ္တနာပိ န ယာပေတိ၊ ပုတ္တဒါရာပိဿ ကိလမန္တိ"တိ။

(ရှင်း အဋ္ဌကထာ ၂၈၆)

မြတ်စွာဘုရားသခင်သည် ကပိလဝတ္ထုပြည် နိဂြောဓ အာရာမ်၌ သီတင်းသုံးနေတော်မူသောအခါ ယင်းမြို့သား သောတာပန္န သပိတ်လုပ်သမား သပိတ်ကုန်သည်သည် ရဟန်းတော်များထံ ချဉ်းကပ်၍ အရှင်ဘုရားတို့ သပိတ်ဖြင့် အလိုရှိလျှင် အမိန့်ရှိတော်မူပါ၊ တပည့်တော် လှူပါမည်ဟု ဖိတ်မန် လျှောက်ထား၏။

ထိုအခါ ရဟန်းတော်တို့သည် အလိုက်မသိဘဲ သပိတ်တို့ကို များစွာ တောင်းရမ်းနှိပ်စက်ခြင်းကြောင့် ရောင်းစားရမည့် အိုးခွက်ဘဏ္ဍာကိုမလုပ်ရသဖြင့် မိမိကိုယ်တိုင် ဆင်းရဲ ဇနီးသားသမီးတွေ အစား အဝတ် အနေ အထိုင် အလွန် ဆင်းရဲ ချို့တဲ့နေကြကုန်၏။ သပိတ်လုပ်သမား သောတာပန်သည် ကိုယ်ဆင်းရဲသော်လည်း စိတ်မဆင်းရဲ၊ သဒ္ဓါတရား

မပျက်၊ ရတနာသုံးပါး၌ ကြည်ညိုမြဲ ကြည်ညိုလေ၏။ လာတောင်းက ရှိလျှင် လှူဒါန်းလိုက်သည်။

မှတ်ချက်။ ။ထိုသပိတ်လုပ်သမား သောတာပန်၏ ဝတ္ထုကြောင်းကို ထောက်ဆလျှင် ဘယ်လောက်ပင် မွဲမွဲတေတေ ကိုယ်ဆင်းရဲ၍ နေလင့်ကစား သူတပါးပစ္စည်းကို လက်ထိလက်ရောက် ယူမည်ဝေးစွ စိတ်ဖြင့်ပင် မပြစ်မှား စိတ်မဆင်းရဲပေ။

(၈) ဂဏ္ဍီဘေဒကစောရ ခါးပိုက်နှိုက်ဝတ္ထု

တေသု ဧကော ဓမ္မံ သုဏမာနော သောတာပတ္တိဖလံ ပါပုဏိ၊ ဣတရော ဧကဿ ဒုဿန္တေ ဗဒ္ဓံ ပဉ္စမာသကမတ္တံ လဘိ။

(ဓမ္မပဒအဋ္ဌကထာ ပထမတွဲ ဗာလဝဂ် ၂၉၉)။

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သူငယ်ချင်း ခါးပိုက်နှိုက်နှစ်ယောက်တို့သည် ဘုရားကျောင်းတော်သို့ တရားနာခြင်း အကျိုးငှာ သွားကြသောလူအပေါင်းနှင့် အတူလိုက်ပါသွားကြကုန်၏။

ထို ခါးပိုက်နှိုက် နှစ်ယောက်တို့တွင် တယောက်သောခါးပိုက်နှိုက်သည် မြတ်စွာဘုရား၏ တရားတော်ကို ယုံယုံကြည်ကြည် သက်သက်ဝင်ဝင် ကြားနာသည်ဖြစ်၍ သောတာပတ္တိဖိုလ်သို့ ရောက်သွား၏။

တယောက်သော ခါးပိုက်နှိုက်သည် မြတ်စွာဘုရားဟောတော်မူအပ်သော တရားတော်ကို ဂရုမစိုက်ဘဲ တရားနာနေသော လူတယောက်၏ ပုဆိုးစွန်း၌ ဖွဲ့ထုပ်ထားသော ငါးပဲမျှသော ငွေကို နှိုက်ယူလိုက်လေပြီ။ ထို ခါးပိုက်နှိုက်၏ ထို ငွေငါးပဲမျှသည် မိမိအိမ်၌ ထမင်းတနပ်ချက်ဖြစ်၏။

သောတာပန် ဖြစ်လာသော ခါးပိုက်နှိုက်၏ အိမ်၌ သောတာပန်ဖြစ်သည်ကစ၍ သူတပါး ပစ္စည်းကို ယူလိုသော လောဘကို မဂ်ဖြင့် ပယ်သတ်လိုက်သောကြောင့် သူတပါး ပစ္စည်းကို တော်ပြတ်၍ သေလင့်ကစား ဘယ်တော့မှ မယူတော့ပေ။

မှတ်ချက်။ ။ထို ဂဏ္ဌိဘေဒက စောရ ခါးပိုက်နှိုက် ဝတ္ထုကြောင်းကို ထောက်ဆသဖြင့် သောတာပန် ဖြစ်သော ပုဂ္ဂိုလ်သည် မိမိမှာ ထမင်း တနပ်စာမျှ စားသောက်စရာ အိမ်မှာမရှိဘဲ အငတ်ဘေးကြီးနှင့် ရင်ဆိုင်နေရစေကာမူ တံခါးပွင့်နေ၍ အလွယ်နှိုက်ယူနိုင်သော သူတပါး၏ သေတ္တာ ငွေသေတ္တာကြီးများကို တွေ့ရပါသော်လည်း ခိုးလို ဝှက်လိုသော စိတ်ထားဖြင့် အလျှင်းမယူ၊ တော်၍ မိမိအသက်ကိုသာ အသေခံသွားတတ်၏ဟု မှတ်ယူရမည်။

## အခဏ်း (၄)

## သောတာပန္န၏ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ကြောင်း

### (က) ခေမက သူဌေးသား ဝတ္ထု

၁။ စတ္တာရိ ဌာနာနိ နရော ပမတ္တော၊
အာပဇ္ဇတိ ပရဒါရူပသေဝီ။
အပုညလာဘံ န နိကာမသေယျံ၊
နိန္ဒံ တတိယံ နိရယံ စတုတ္ထံ။

၂။ အပုညလာ ဘော စ ဂတီ စ ပါပိကာ၊
ဘီတဿ ဘီတာယ ရတီ စ ထောကိကာ။
ရာဇာ စ ဒဏ္ဍံ ဂရုကံ ပဏေတိ၊
တသ္မာ န ရော ပရဒါရံ န သေဝေ။
(ဓမ္မပဒ အဋ္ဌကထာ ဒုတိယတွဲ နိရယဝဂ် ၃၀၀)။

မြတ်စွာဘုရား သခင်သည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နိုင်ငံကျော် အနာထပိဏ်သူဌေးကြီး၏ တူတော် ခေမကအမည်ရှိသော သူဌေးသားသည် ကဿပ ဘုရားရှင်လက်ထက် နိုင်ငံကျော် လက်ဖွဲ့သမားကြီး ဖြစ်၍ ပရိနိဗ္ဗာန်စံသော ကဿပမြတ်စွာဘုရား၏ ရွှေပုထိုးတော်၌ နှစ်ခုသော ရွှေတံခွန်တို့ကို ကပ်လှူလျက် လူချောလူလှဖြစ်၍ ပျို့တိုင်းကြိုက်သည့်ကိုယ် ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့သဖြင့် ယခုဘဝတွင် လူချောလူလှကလေးဖြစ်လာ၏။

မိန်းမဟူသမျှသည် ခေမက သူဌေးသားလူပျိုကလေးကို မြင်လိုက်လျှင် ကာမဘီလူး ယစ်မူး၍ သူဌေးသားထံ ချဉ်းကပ်လာကြ၏၊ သူဌေးသားသည် ယင်းမိန်းမတို့နှင့် ပျော်ပါးကာ ကာမေသုမိစ္ဆာစာရ ပရဒါရ သေဝနအမှု ပြုလုပ်၍နေ၏။

ထိုသတင်း မင်းချင်းတို့ ကြားသိ၍ ဖမ်းယူပြီး ပသေနဒီကောသလမင်းထံ အပြစ်ပေးရန် အကြိမ်ကြိမ် ဖမ်းပို့၏၊ ဘုရင်မင်းမြတ် သည်လည်း မျက်နှာကြီးသူဌေးတူ တံခွန် တလူလူ နေ၍ ယှက်သဖြင့် လွှတ်ပြစ်လိုက်၏။

သူဌေးကြီးသည် ထိုအကြောင်းကိုသိ၍ မြတ်စွာဘုရားထံ ခေါ်ဆောင်သွားပြီး မြတ်စွာဘုရား ဤသူငယ်အား တရား ဟောတော်မူပါဘုရားဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ထို သတို့သားအား အထက်ပါ ဂါထာတော်ကို ဟောကြားတော်မူပြီ။

သတို့သား မေ့မေ့လျော့လျော့ နေသည်ဖြစ်၍ တပါး သောသူတို့၏ သားမယားကို ဖျက်ဆီးလေ့ရှိသောသူသည် လေးမျိုးသောဆင်းရဲခြင်း၏အကြောင်းတို့သို့ ရောက်၏။

၁။ အကုသိုလ် တည်းဟူသော လာဘ်ရ၏၊

၂။ အလိုရှိတိုင်း မအိပ်နိုင်၊

၃။ သူတပါး ကဲ့ရဲ့၏။

၄။ သေလျှင် ငရဲသွားရ၏၊ အကုသိုလ် တည်းဟူသော လာဘ်များသော ပုဂ္ဂိုလ်သည် ထိုအကုသိုလ်ကြောင့် ငရဲဟု ဆိုအပ်သော ယုတ်မာသောအလားသည်ဖြစ်၏၊ ကြောက်မက်

ဘွယ် အပြစ်ရှိသော ယောကျ်ား၏ ကြောက်မက်ဘွယ်အပြစ်ရှိသော မိန်းမနှင့်အတူတကွ ပေါင်းသင်း ဆက်ဆံသောအားဖြင့် အကြင်မွေ့လျော်ခြင်းသည်ရှိ၏၊ ထိုမွေ့လျော်ခြင်းသည် အနည်းငယ်ချမ်းသာကလေးသာ။

နိုင်ငံအုပ်ချုပ် မင်းလုပ်သည့် အရာရှိများကလည်း ဥပဒေသ ဝိနိစ္ဆယအရပ်ရပ်ဖြင့် လက်ဖြတ် ခြေဖြတ် အသေသတ် စသည့် ကြီးလေးသော အပြစ်ဒဏ်ကို ပေးတတ်၏၊ ထိုသို့ အပြစ်တွေ့များသောကြောင့် လူဟူသမျှသည် တပါးသော သူတို့၏ ချစ်ဇနီး အမျိုးသမီးများကို မေထုန်ဖြင့် မပေါင်းဖက် မစပ်ယှက်ရ၊ ဤသို့ ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ ခေမက သူဌေးသား သည် သောတာပတ္တိဖိုလ်၌ တည်၏။

မှတ်ချက်။ ။ခေမကသူဌေးသားသည် သောတာပန် ဖြစ်သည့်နေ့ကစ၍ မိန်းမတွေ ဘယ်လိုပင် ဝိုင်းရံပါသော်လည်း သူတပါး သားမယားကို မကျူးလွန်မပြစ်မှား ရှောင်ရှားတော့၏။ မယားရှင်လင်တွေလည်း စိတ်ချမ်းချမ်းသာသာနေရ၏။

## (ခ) သိရိမာ ဝတ္ထု

သိရိမာ ဂဏိကာ သောတာပတ္တိဖလဿ အဓိဂတတ္တာ ဝိဿဇ္ဇိတ ကိလိဋ္ဌကမ္မန္တာ ဟုတွာ သံဃဿ အဋ္ဌသလာကဘတ္တာနိ ပဋ္ဌပေသိ။

(ဝိမာန ဝတ္ထုအဋ္ဌကထာ ၆၇)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ရာဇဂဟမြို့တော် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အခါ ပုဏ္ဏသူဌေးကြီးသမီး ဥတ္တရာအမည်ရှိသော သူငယ်မသည် ရာဇဂဟသုမန သူဌေးသားနှင့် လက်ထပ်လိုက်သည်ဖြစ်၍ ရာဇဂဟသူဌေး၏အိမ်သို့ လိုက်သွားရ၏၊ ရာဇဂဟ သူဌေးမျိုးသည် မိစ္ဆာဒိဋ္ဌိဖြစ်၍ ဘုရားဖူးခွင့်မရ၊ တရားနာ အလှူပေးခွင့်မရ၊ မြတ်စွာဘုရား အမှူးရှိသော သံဃာတော်အား ဆွမ်းလုပ်ကျွေးခွင့် မရသဖြင့် မိဘများထံ အကြောင်းကြားရာ ပုဏ္ဏသူဌေးကြီးသည် ငွေ ကျပ်တသောင်း ငါးထောင် ပေးလိုက်လေသည်။ ယင်း ငွေကျပ် (၁၅၀၀၀) တို့ကို တနေ့လျှင် တထောင်ကျပ် တထောင်ကျပ် သီရိမာအား ပေး၍ မိမိကိုယ်စား သီရိမာအား ငါးပါး အာရုံ ကာမဂုဏ်တို့ဖြင့် မိမိအရှင်သခင်လင်ကို ၁၅-ရက်ပတ်လုံး နှစ်သိမ့် ပျော်ရွှင်စေပြီး မိမိမူကား နေ့စဉ် ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်၍ ဆွမ်းကျွေး တရားနာ ဥပုသ် သီလစောင့်သုံး၍နေ၏။

(နက်ဖန်ခါ မဟာပဝါရဏာဖြစ်လတ့်) ဤသို့ ကြံစည်၍ မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာ တော်များအား ခါတိုင်းထက် အထူး ကျွေးမွေးရန် ယာဂုဆွမ်း ဆွမ်းဟင်းတို့ကို ပြုပြင်စီရင်ကြ၊ မုံ့မျိုးစုံ ကြော်ကြဟု ဤသို့ မီးဖိုဆောင်၌ အလုံးစုံသော ဒါနကိစ္စတို့ကို စီရင်လျက် လှည့်လည်နေ၏။

ထိုအချိန်အခါ လင်ယောကျ်ားသူဌေးသားသည် လေသာပြူတင်းပေါက်ဖွင့်လျက် ကြည့်လိုက်သည်ရှိသော် ချွေးစို့ရွှဲပြာဖြင့်ကြဲ မီးသွေးမဲတို့ဖြင့် လိမ်းကျံလျက် စီရင်လှည့်လည်နေသော မိမိဇနီးသည်ဥတ္တရာကို မြင်၍ အော် တယ်မိုက်တဲ့မိန်းမပါကလား၊ သူဌေးကတော်ဖြစ်လျက် စည်းစိမ်ကိုမခံစားတတ်ပေ၊ ရဟန်းဇာတုံးတို့ကိုသာ လုပ်ကျွေးမည်ဟု နှစ်သက်ရွှင်လန်းသောစိတ် ရှိသည်ဖြစ်၍ လှည့်လည်နေခဲ့၏၊ ဤသို့ကြံစည် ပြုံးလျက် မျက်နှာလွှဲလိုက်လေပြီ။

သိရိမာသည်လည်း ဘာကိုကြည့်၍ပြုံးပါသလဲဟု လေသာပြူတင်းပေါက်ကို ကြည့်လိုက်သည်ရှိသော် ဥတ္တရာကို မြင်၍ ဒီကောင်မ ငါ့လင်အပေါ် စော်ကားသည် ဆော်ထည့်လိုက်မည်ဟု ကြံစည်ပြီး အောက်သို့ဆင်းလာ၍ မီးဖိုဆောင်သို့ဝင်ကာ မုံ့ကြော်ဒယ်အိုး၌ ပွက်ပွက်ဆူနေသော ထောပတ်ကို ယောက်ချိုဖြင့်ခပ်ယူ၍ ဥတ္တရာသို့ ရှေ့ရှုသွားကာ ဦးထိပ်တည့်တည့် လောင်းချလိုက်လေပြီ။

ဥတ္တရာသည်လည်း သိရိမာ လာတာမြင်ကတည်းက ငါ့အဆွေမ ငါ့အား ကျေးဇူးများပေ၏၊ စကြဝဠာ ကားကျဉ်းလှပေ၏၊ ဗြဟ္မာ့ပြည်ကား အလွန်နိမ့်လှ၏။ ငါ့အဆွေမဂုဏ်ကား အလွန်အကဲ ကြီးကျယ်လှ၏။ ငါ့မှာမူ သိရိမာသူငယ်ချင်းမကို အကြောင်းပြု၍ (၀၁)အမှီပြု၍ အလှူပေးတရားနာ ဥပုသ်စောင့်ရပေ၏။ ကျေးဇူးများသော ငါ့အဆွေမအပေါ်၌ ဒေါသဖြစ်ခဲ့ငြားအံ့၊ လောင်းလိုက်သော ဤထောပတ်ပူသည် ငါ့ကို ပူစေ၊ ငါ့မှာ ဒေါသမရှိခဲ့ငြားအံ့၊

မပူစေသား၊ ဤသို့ သစ္စာပြု၍ သီရိမာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ မေတ္တာဖြန့်ဝေ၍ နေ၏၊ လောင်းချလိုက်သော ကြိုက်ကြိုက်ဆူသော ထောပတ်သည် ရေအေးကဲ့သို့ဖြစ်နေ၏။ ဤအပြုအမူကို ဥတ္တရာ၏အခြံအရံ အသင်းအပင်း အမျိုးသမီးတို့သည် မြင်ကြကုန်၍ အရေ....ဟေ့ကောင်မ နင်က ဘာဆိုင်လို့ ငါတို့အရှင်မအပေါ် ထောပတ်ပူ လောင်းရသနည်းဟု ပြောပြော ဆိုဆို ဟိုက ဒီက လာကြ၍ လက်သီးနှင့်ထိုး ခြေထောက်နှင့်ကန်သဖြင့် မြေပေါ်ပုံလဲကျသွားလေ၏။

ဥတ္တရာသည် မိမိ၏ အခြံအရံ အသင်းအပင်း အမျိုးသမီးတို့ကို မရိုက်မနှက် မကန်ကြောက်ရန် တားမြစ်သော်လည်း မရ၍ သီရိမာအပေါ် မှောက်လျက်သားနေပြီး မိမိ အလုပ်သမား အစေအပါးတို့ကို တားမြစ်လိုက်လေသည်၊ တားမြစ်ပြီးသည့်နောက် သီရိမာကို အဆုံးအမပေး၍ ရေနွေးဖြင့် အကြိမ်တရာ ချက်အပ်သောဆေးဆီတို့ဖြင့် လိမ်းကျံပေးလိုက်၏။ ထိုခဏ၌ပင် သီရိမာမှာ ငါကား အပြင်မိန်းမပါတကား၊ ငါမှားလေပြီ၊ ဥတ္တရာအပေါ် ဝန်လေးသောအမှုကို ငါပြုခဲ့လေပြီ၊ သူ့အလုပ်သမတို့က ထိုးကြိတ် ရိုက်နှက်သော်လည်း တားမြစ်၍ ငါ့အား ပြုသင့်ပြုထိုက်သော ဆေးလိမ်းကျံခြင်း ချစ်ဘွယ်သော ဩဝါဒပေးခြင်း အမှုကိုပြုခဲ့လေပြီ၊ ငါသည် သူတော်ကောင်းမ ဖြစ်သော ဤ သူငယ်ချင်း ဥတ္တရာကို တောင်းပန် မကန်တော့ငြားအံ့၊ ငါ့ ဥက္ကောင်း ရှစ်စိတ်ကွဲ တော့မှာဘဲ၊ ဤသို့ ကြံစည်ပြီး ဥတ္တရာ၏ ခြေရင်း၌ ပြားပြား

ဝပ်လျက် အရှင်မ အကျွန်ုပ်၏ အပြစ်ကို သည်းခံပါဟု တောင်းပန်၏။

ထိုအခါ အကျွန်ုပ် ဝိဝဋ္ဋအဘဖြစ်သော မြတ်စွာဘုရား၏ ရှေ့မှောက်ကန်တော့မှ ကျေပါမည်၊ မြတ်စွာဘုရားသည် နက်ဖန် ရဟန်းသံဃာတော်တို့နှင့်တကွ အကျွန်ုပ် အိမ်သို့ လာပါလိမ့်လတ့္ သူငယ်ချင်းမ လည်း ပူဇော်စရာ လှူစရာ ယူလာခဲ့ပါဟု ပြောလိုက်၏၊ နက်ဖန်မိုးသောက် ရောက်သော အခါ ဘုရားအမှူးရှိသော သံဃာတော်သည် ဥတ္တရာအိမ်သို့ ကြွသွား၏။ သီရိမာသည်လည်း လှူစရာအမျိုးမျိုးနှင့် ခဲဘွယ် ဘောဇဉ် ဟင်းလျာတို့ကို ချက်ပြုတ်ပြုပြင် စီရင်ယူခဲ့၍ ငါးရာ သောအလုပ်အကျွေးမ တို့နှင့်တကွ ဥတ္တရာအိမ်သို့ သွားလေပြီ၊ ဥတ္တရာသည် သီရိမာယူခဲ့သော ခဲဘွယ်ဘောဇဉ် ဟင်းလျာ တို့ကို ဘုရားအမှူးရှိသော သံဃာတော်၏ သပိတ်ထည်း၌ ကိုယ်တိုင် ကိုယ်ကျ စေ့အောင် လောင်းထည့် ပေးလိုက်၏၊ ဆွမ်းဘုဉ်းပေးပြီးသည့်နောက် သီရိမာသည် အခြွေအရံနှင့် တကွ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ပြားပြားဝပ်လျက် တပည့်တော်မအပေါ်၌ ဖြစ်ပေါ်သောအပြစ်များကို မြတ်စွာ ဘုရား သည်းခံတော်မူပါ ဟု ကန်တော့ပန်း ဆင်လိုက်၏၊ ငါဘုရားတို့သည် သင့်အပြစ် ကန်တော့သည်ကို ခံယူကုန်၏၊ အကြင်ပုဂ္ဂိုလ်သည် အပြစ်ကို အပြစ်အားဖြင့်မြင်၍ တရား အားလျော်စွာ ကုစား၏၊ နောင်အခါ၌ စောင့်စည်းခြင်းသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအပြုအမူသည် အရိယာ ဖြစ်တော်

မူသောငါဘုရား၏ ဝိနည်းအဆုံးအမတော်၌ ကြီးပွားခြင်း သည်သာ၊ ဤသို့မိန့်တော်မူပြီးသည့်နောက်–

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

ဟူသော ဂါထာတော်ကို ဟောတော်မူ၏။

. မြန်မာအဓိပ္ပါယ်။ ။သူတော်ကောင်းတို့သည် အမျက် ထွက်နေသောသူကို အမျက်မထွက်ဘဲ မေတ္တာပွား တရားဖြင့် အောင်ရာ၏၊ သူတော်မဟုတ် သူယုတ်ကို သူတော်ကောင်း တရားဖြင့် အောင်ရာ၏၊ စဉ်းလဲကောက်ကျစ် မစ္ဆေရကြီးသော သူကို ပေးကမ်းစွန့်ကြဲသဖြင့် အောင်ရာ၏။ ချွတ်ချွတ်လွဲလွဲ စကား မတည်သောသူကို သစ္စာဆိုသဖြင့် အောင်ရာ၏။

ဤဂါထာ၏အဆုံး၌ သီရိမာသည် အခြံအရံ ငါးရာနှင့် တကွ သောတာပန်တည်လေ၏၊သောတာပတ္တိဖိုလ်ကိုရသည်က စ၍ ညစ်နွမ်းသော မေထုနသံဝါသ ကာမေသုမိစ္ဆာစာရ အမှုတို့ကို စွန့်လျက် သံဃာတော်အား နေ့စဉ် နေ့တိုင်း ရှစ်ခု သော စာရေးတံဆွမ်းအုပ်တို့ကို တည်ထား လှူဒါန်းလျက် ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်လေပြီ။

ထို သီရိမာ ဝတ္ထုကြောင်းကို ထောက်သဖြင့်လည်း သောတာပန်သည် ညစ်နွမ်းသော ကာမေသုမိစ္ဆာစာရအမှုကို မပြုတော့ဟု မှတ်ယူရမည်။

## အခန်း (၅)

## သောတာပန္န၏ မုသာဝါဒမှ ရှောင်ကြဉ်ကြောင်း

### (က) မာဂဏ္ဍိမိဘုရား၏ ဘက်တော်သားများ ဝတ္ထု

၁။ အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။

၂။ ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယောတိဝါကျံ တိတိက္ခတိ။

၃။ ဝရမဿတရာ ဒန္တာ၊ အာဇာနီယာ စ သိန္ဓဝါ။
ကုဉ္ဇရာ စ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။

(ဓမ္မပဒအဋ္ဌကထာ ဒုတိယတွဲ နာဂဝဂ္ဂ အတ္တဒန္တဝတ္ထု ၃၀၈)။

မြတ်စွာဘုရားသည် ကောသမ္ဗီမြို့တော်ဃောသိတအာရာမ်၌ သီတင်းသုံးတော်မူစဉ် ဥတေနမင်း၏မိဖုရား မာဂဏ္ဍီသည် မြို့သူမြို့သားသူ့ဘက်ပါနေသောသူတို့အား တံစိုးလက်ဆောင်ပေး၍ ကောသမ္ဗီမြို့တော်မှ ထွက်ပြေးအောင် မြတ်စွာဘုရားကို ဆဲရေး ခိုင်းကုန်၏။

မင်းကျွန် မင်းမှုလုပ် တို့နှင့်တကွ တံစိုး လက်ဆောင်ရသော မြို့သူ- မြို့သား မိစ္ဆာဒိဋ္ဌိ ဘက်တော်သားတို့သည် သံဃာ့ပရိသတ်နှင့် မြို့တွင်းသို့ ကြွလာတော်မူသော မြတ်စွာဘုရား၏ ခြေဘဝါးထပ် လိုက်ကြ၍ (သူခိုးကြီး လူမိုက်ကြီး ကုလားအုပ်ကြီး နွားကြီး မြည်းကြီး ငရဲသား တိရစ္ဆာန်သင့်မှာ သုဂတိမရှိ၊ ဒုဂ္ဂတိသာ)ဟု ဆဲရေးခြင်း၏ တည်ရာ

အကြောင်း ၁၀–မျိုးတို့ဖြင့် ဆူညံနေအောင် ဝိုင်းအုံ ဆဲရေးကြကုန်၏။

ထိုအခါ အလုပ်အကျွေး ရှင်အာနန္ဒာသည် မြတ်စွာဘုရား မြို့သူ–မြို့သားတွေ ဆဲရေးနေပါသည် ဘုရား၊ ဤမြို့မှ အခြား မြို့သို့ ကြွတော်မူပါဘုရားဟု လျှောက်ထားလေ၏။

ဘုရား မေး။ ။အာနန္ဒာ တခြား မြို့က ဆဲရေးလျှင်ကော အသို့လုပ်မည်နည်း။

အာနန္ဒာ ဖြေ။ ။တခြား တမြို့သို့ ကြွသွားရန် ရှိပါတော့သည်ဘုရား။

ဘုရား မိန့်။ ။ချစ်သား အာနန္ဒာ ဤသို့ ပြုလုပ်ခြင်းငှာ မသင့်၊ အကြင်အရပ်၌ အဓိကရုဏ်းသည် ဖြစ်၏၊ ထိုအဓိကရုဏ်းဖြစ်ရာ အရပ်၌သာလျှင် အဓိကရုဏ်းကို ငြိမ်းစေအပ်၏၊ ထိုသို့ ငြိမ်းစေပြီးမှသာ အခြားမြို့သို့ သွားခြင်းငှာ သင့်၏၊ ဤသို့ မိန့်တော်မူပြီးသည့်နောက် အထက်ပါ သုံးဂါထာကို ဟောတော်မူ၏။

**ဂါထာအဓိပ္ပါယ်။** ။(၁) ချစ်သား အာနန္ဒာ–စစ်ဗျူဟာဆင်နွဲ စစ်ဆင်ရဲသည် စစ်မြေပြင်အရပ်၌ လေးကိုင်းမှ လွှတ်ပစ်လိုက်သော မြားကျည်ဆံကို ထက်ထက် မြက်မြက် ခံနိုင်ရည်ရှိရာဘိသကဲ့သို့ ထိုနည်းတူစွာ လေးသခေါ်နှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ထား ကျင့်သား ရပြီးသော ငါဘုရားသည် သာသနာ့စစ်ပွဲ ဆင်နွဲရာဝယ် အရိယာမဟုတ် ပုထုဇဉ်သူယုတ်တို့သည် လွန်လွန်ကဲကဲ ပြောဆိုအပ် ဆဲရေးအပ်သည့်

ရှစ်မျိုးသော စကားရပ်တို့ကို ထက်ထက် မြက်မြက် ခံနိုင်ရည် ရှိရာ၏။ မှန်ကန်၏၊ သီလမတည့် လောကီလူသား အန္ဓဗာလ များသည် မိမိတို့၏စိတ်ထားမစင်ကြယ်သောအားဖြင့် မုသား စကား ထိပါး ရိပါး ပြောကြားလျက် လှည့်လည် တတ်၏။

(၂) ဥယျာဉ်ကစား ပရိသတ် ကြားသို့ ပျော်ပွဲစား သွားကြသော လူတို့သည် ဆုံးမထားအပ်သည် ဖြစ်၍ ယဉ် ကျေးသော နွား,မြင်းကိုသာလျှင် ယာဉ်၌ ယှဉ်တပ် သွားကြ ကုန်သကဲ့သို့ ထိုနည်းတူစွာ တိုင်းပြည့်အုပ်ချုပ် မင်းလုပ်သော ဘုရင်မင်းမြတ်သည်လည်း ဆုံးမအပ်သည် ဖြစ်၍ ယဉ်ကျေး သော ဆင်ယာဉ်, မြင်းယာဉ်ကိုသာလျှင် တက်စီးတော်မူ၏။ လူတို့တွင် အကြင်ပုဂ္ဂိုလ် မြတ်တို့သည် အရိယာ မဟုတ်၊ ပုထုဇန်လူမိုက်တို့သည် လွန်လွန်ကဲကဲပြောဆို အပ်ဆဲ ရေးအပ် သည့် ရှစ်မျိုးသော စကားရပ်တို့ကို ထက်ထက် မြက်မြက် ခံနိုင်ရည်ရှိ၏။ သို့ ခံနိုင်ရည်ရှိသော ထိုပုဂ္ဂိုလ်သည် လိမ်မာ ယဉ်ကျေးဆုံး အမြတ်ဆုံးသောပုဂ္ဂိုလ်ပင်တည်း။

(၃) ယဉ်ကျေးသော အဿမိုရ် မြည်းတို့ သည်ရင်း၊ အကျိုးအကြောင်း အဟုတ် အမှန် လျင်မြန်စွာ သိတတ်ကုန် သော သိန္ဓောမြင်းတို့သည်ရင်း၊ ချောက်ကြို ချောက်ကြား လှည့်လည်ကျက်စား သွားလာ၍ ဆုံးမအပ်ပြီးသော ဆင်ကြီး တို့သည်ရင်း၊ လောက၌ မြတ်ကုန်၏။ မြည်း-မြင်း-ဆင် စသည့် ထိုအာဇာနည်တို့ထက်လည်း လေးပါးသော အရိယာ မဂ်တို့ဖြင့် ဆုံးမအပ်ပြီးသည်၏ အဖြစ်ကြောင့် ဣန္ဒြေတို့ဖြင့်

ယဉ်ကျေး ကိလေသာတို့ကို မှိဝဲခြင်းမရှိသော အရိယရဟန္တာ အသျှင်မြတ်သည် သာ၍မြတ်၏၊ (ဝ၁) အမြတ်ဆုံးပင်တည်း။

ဤသို့ ဟောတော်မူပြီးသည့်၏ အဆုံး၌ မာဂဏ္ဍီ ထံမှ တံစိုးလက်ဆောင်ယူ၍ လမ်းဆုံလမ်းခွ လမ်းလယ် စသည့်တို့၌ စည်းဝေး၍ ဘုရားအမှူးရှိသော သံဃာတော် များအား ဆဲဆို ကြိမ်းမောင်း နေကြသော လူအပေါင်းသည် မြတ်စွာ ဘုရားသခင်၏ အေးမြ ကြည်လင်သော တရားစကားတော်ကို ကြားနာရ၍ ဘုရားရှင်အပေါ် ပူဇော်ကြည်ညိုး စိတ်ရွှင်မြူး လာပြီး သောတာပတ္တိဖလစုံစုံ မြတ်လေးရုံကို ခိုလှုံကြရလေ ကုန်ပြီ။

**မှတ်ချက်။** ။မာဂဏ္ဍီ မိဖုရားထံမှ တံစိုး လက်ဆောင်ကို စား၍ ဆဲရေးကြသည့်မင်းကျွန် လုပ်သား မြို့နေသူ အမှုထမ်းသမား အချို့တို့သည် သောတာပတ္တိဖလ ရသည့်နေ့ကစ၍ ဘုရားရှင် အမှူးပြုသော သံဃာ တော်အား မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ တို့ဖြင့် မဆဲမဆိုကြတော့ဘဲ ဘုရားစသော ရဟန်း သံဃာတော်များ အပေါ် ပြစ်မှားမိသည် တို့ကို ကန်တော့ကြပြီး ပူဇော်ပသ ဆည်းကပ်ကာ နေကြ ကုန်တော့၏။

## (ခ) ပုထုဇ္ဇန၏ အနရိယ ဝေါဟာရ ၈-မျိုး

အဋ္ဌ အနရိယ ဝေါဟာရာ အဒိဋ္ဌံ ဒိဋ္ဌံ မေတိ၊ အဿုတံ သုတံ မေတိ၊ အမုတံ မုတံ မေတိ၊ အဝိညာ

တံ ဝိညာတံ မေတိ၊ဒိဋ္ဌံ အဒိဋ္ဌံ မေတိ၊ သုတံ အသုတံ မေတိ၊မုတံ အမုတံ မေတိ၊ဝိညာတံ အဝိညာတံမေတိ။

(ပါစိတ္တိယ ပါဠိတော် ပါစိတ္တိယကဏ္ဍ မုသာဝါဒဝဂ္ဂ မုသာဝါဒသိက္ခာပဒ-၂)။

အနရိယ ဝေါဟာရာတိ အနရိယာနံ ဗာလပုထုဇ္ဇနာနံဝေါဟာရာ။

(ဧင်းအဋ္ဌကထာ ၂)။

**အဓိပ္ပါယ်။** ။အရိယာမဟုတ် ပုထုဇဉ်သူယုတ်တို့သည်-

၁။ ကိုယ်တိုင်မမြင်ပါဘဲလျက် ငါမြင်၏-ဟု လိမ်ပြောဆိုခြင်း။

၂။ ကိုယ်တိုင် မကြားပါဘဲလျက် ငါကြား၏-ဟု လိမ်ပြောဆိုခြင်း။

၃။ ကိုယ်တိုင် ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ တို့ဖြင့် မတွေ့ထိပါဘဲလျက် ငါတွေ့ထိ၏-ဟုလိမ်ပြောဆိုခြင်း။

၄။ မနောဒွါရဖြင့် မသိပါဘဲလျက် ငါသိ၏-ဟု လိမ်ပြောဆိုခြင်း။

၅။ ကိုယ်တိုင်မြင်ပါလျက် ငါမမြင်-ဟု ဘူးကွယ် လိမ်ပြောခြင်း။

၆။ ကိုယ်တိုင် ကြားပါလျက် ငါမကြား-ဟု ဘူးကွယ် လိမ်ပြောဆိုခြင်း။

၇။ ကိုယ်တိုင် ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ တို့ဖြင့် တွေ့ထိပါလျက် မတွေ့ထိရပါ-ဟု ဘူးကွယ် လိမ်ပြောဆိုခြင်း။

၈။ မနေ့ာဒွါရဖြင့် သိအပ်သည်ကို မသိပါဟု ဘူးကွယ် လိမ်ပြောဆိုခြင်း၊ ဤသည်တို့ကား အရိယာ မဟုတ် ဗာလပုထုဇန် သူယုတ်တို့၏ အနရိယ ဝေါဟာရ ၈-မျိုးတို့ပင်တည်း။

## အခန်း ( ၆ )

## သောတာပန်၏ သေအရက် မသောက်ကြောင်း

### (က) ဝိသာခါ၏ သဟာယ်ချင်းမ ငါးရာဝတ္ထု

ကော နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။

(ဓမ္မပဒ အဋ္ဌကထာ ဒုတိယတွဲ ဇရာဝဂ် ၆၅-) ဇာတက အဋ္ဌကထာ ပဌမအုပ် တိံသနိပါတ ကုမ္ဘဇာတက ၁၂)။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့တော် ဇေတဝန် ကျောင်းတော်၌ သီတင်း သုံးတော်မူသော အခါ ပုဗ္ဗာရာမ် ကျောင်းအမ ဝိသာခါ၏ သဟာယ်ချင်းမ ငါးရာရှိကုန်၏။ ယင်း-သဟာယ်ချင်းမ ငါးရာတို့သည် ခုနစ်ရက် ပတ်လုံး အရက်သောက်ပွဲသဘင် ဆင်ယင်ကျင်းပကြကုန်လိမ့် လတ့်ဟု စည်လည် ကြွေးကြော်ခဲ့သည် ရှိသော် အရက်ပွဲသဘင်ကြီး ပြီးသည့်နောက် အရှင်လင်တို့၏ သောက်သောအရက် ကြွင်း အရက်ကျန်တို့ကို ဝှက်ယူ၍ ဥက္ကဋ္ဌခေါင်းဆောင်ဝိသာခါအား ချဉ်းကပ်ပြီး ဥယျာဉ်ပွဲဆင်နွှဲရန် ကျွန်တော်မ တို့၏ ခေါင်း ဆောင်ပြုလုပ်သွားတော်မူပါ။ ဤသို့ ပန်ကြားသော အခါ ဝိသာခါသည် ဝန်ခံ၍ အတူလိုက်သွားရာဝယ် ဥယျာဉ်တော်၌

အရက်မူးသည်တွေနှင့် တွေ့မြင် ရတော့၏။ သင်တို့လုပ်မှု အကျွန်ုပ်မှာ ယူကြုံးမရ အကဲ့ရဲ့ခံရမည်ဖြစ်၏။ ဤသို့ပြောဆိုပြီး မကြည်မသာ အိမ်သို့သာပြန်လာကြ၏။

နောက်တဖန် အရက်ပွဲ ကြွေးကြော် ပြန်သော အခါ ခေါင်းဆောင်ဉက္ကဌ ဝိသာခါထံ ချဉ်းကပ် ပူဆာရာ သင်တို့ အရက်သူမတွေ့နှင့် ကျွန်ုပ်မသွားလို ငြင်းဆိုလိုက်သောအခါ ဘုရား ဖူးရန်သာ အလိုရှိပါ၏။ အရက် မသောက်ပါ။ ဇေတဝန်ကျောင်းသို့ ဆောင်ပို့ပါ၊ ဤသို့ ပြောလိုက်ရာဝယ် ဝိသာခါကဝန်ခံ၍ ကျောင်းသို့ အတူသွား၊ မြတ်စွာဘုရား ရှေ့တော်မှောက် ရောက်သောအခါ အဆွေမများအား တရား ဟောတော်မူပါဘုရားဟု လျှောက်ထားလိုက်ရာ သဟာယ် ချင်းမတို့ ဝှက်ယူလာသောအရက်ဗူးမှ အရက်များကို သောက် လိုက်ပြီး–

ထိုအခါ မာရ်နတ် အသင်း အပင်းသား နတ်များက ပူးကပ်ပြီး ဘုရားရှေ့တော်မှောက် က,သူက သီဆိုသူသီဆို လက်ခုပ်တီးသူကတီး ဤအဖြစ် အပျက်ကို မြတ်စွာ ဘုရား မြင်ရသဖြင့် ထိုမိန်းမတွေအပေါ် ကရုဏာတရား ရှေ့ထား၍ ထိတ်လန့်စေခြင်းငှါ မျက်မှောင် မျက်ခုံးတော်မှ ညိုသော ရောင်ခြည်တော် လွှတ်တော်မူ၏။ ထိုခဏ အမိုက်မှောင် အတိဖြစ်လာ၏။ သေဘေးဖြင့်ခြိမ်းခြောက် အလွန်ကြောက် သဖြင့် ဝမ်း၌အရက်ကျေညက်၍ သွားလေတော့၏။

မြတ်စွာဘုရားသည် ပလ္လင်တော်မှ ကွယ်ပျောက် မြင့်မိုရ် တောင်ထိပ်သို့ ရောက်၍ မျက်ခုံးတော်ကြား ဖြူးဖွေးသော

ဥဏှလုံမွေးတော်မှ ဖြူသောရောင်ခြည်တော် လွှတ်တော်မူ၏။ ထိုခဏချင်း လပေါင်း ထောင်သောင်း ကောင်းကင်မှ ထွက်လာဘိသကဲ့သို့ တင့်တယ်သည် ဖြစ်၍ ဥပါသိကာမတို့…. ချစ်သမီးတို့….ဤလောကကြီးထဲ၌ ရာဂစသည် ၁၁-မီးတို့ဖြင့် အမြဲတောက်လောင်နေပါလျက် သင်တို့၏ ရွှင်ရွှင်ပြပြ သီဆိုက,ပြနေခြင်းသည် အဘယ်နည်း၊ သင်တို့၏ နှစ်သက် အားရဝမ်းမြောက်နေခြင်းသည် အဘယ်နည်း၊ အဝိဇ္ဇာမှောင်တိုက်ဖြင့် မွေးယှက်အပ်ကုန်သော သင်ချစ်သမီးတို့သည် ထိုအဝိဇ္ဇာအမှောင်တိုက်ကို ဖြိုခွင်းဖျက်ဆီးခြင်း အကျိုးငှါ အလင်းရောင်ထွန်းလတ် ဝိဇ္ဇာဉာဏ်တည်းဟူသော ခေတ်မီးကို မရှာမှီးကြကုန်သနည်း၊ ရှာမှီးသင့်သည် မဟုတ်ကုန်လော။ ဤသို့ ပြောဟော သည်၏ အဆုံး၌ ဝိသာခါ၏ သဟာယ်ချင်းမတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

မှတ်ချက်။ ။ဝိသာခါ၏ သဟာယ်ချင်းမ တို့သည်-
သောတာပန် တည်သည့်နေ့က စ၍ အရက်လည်း
မသောက်, မုသားလည်းမပြောကြကုန်။

ဤသည်ကား သောတာပန္န အရိယ၏ အရက် မသောက်ကြောင်း ဝတ္ထုပြင်တည်း။

## (ခ) သောတာပန်၏ ခံတွင်းသို့ အရက်မဝင်ကြောင်း

ယော ခေါ ဗြာဟ္မဏ ပသန္နစိတ္တော သိက္ခာပဒါနိ သမာဒိယတိ၊ ပါဏာတိပါတာ ဝေရမဏိံ၊ အဒိန္နာဒါနာ ဝေရမဏိံ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏိံ၊

မုသာဝါဒါ ဝေရမဏီ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ။

(သီလက္ခန္ဓဝဂ္ဂ ကူဋဒန္တသုတ္တ နိစ္စဒါနအနုကုလယည ၁၃၉)။

အရိယသာဝကာနံ ပန မဂ္ဂသမ္ပယုတ္တာ ဝိရတိသေတု ဃာတ ဝိရတိနာမ။

သေတုဃာတ ဝိရတိယာ ပန ဘေဒေါနာမ နတ္ထိ၊ ဘာဝန္တရေပိ ဟိ အရိယသာဝကော ဇီဝိတဟေတုပိ နေဝ ပါဏံ ဟနတိ၊ နသုရံ ပိဝတိ၊ သစေပိဿ သုရဉ္စ ခီရဉ္စ မိဿေတွာ မုခေ ပက္ခိပန္တိ၊ ခီရမေဝ ပဝိသတိ၊ နသုရာ။ ယထာ ကိံ ကောဉ္စ သကုဏာနံ ခီရ မိဿကေ ဥဒကေ ခီရမေဝ ပဝိသတိ၊ နဥဒကံ။ ဣဒံ ယောနိ သိဒ္ဓန္တိစေ။ ဣဒံ ဓမ္မတာ သိဒ္ဓန္တိစ ဝေဒိတဗ္ဗံ။

(ၡင်း အဋ္ဌကထာ သုရာမေရယ အဖွင့် ၂၇၂)။

အဋ္ဌကထာ အဓိပ္ပါယ်။ ။အရိယမဂ်ဖြင့် ပယ်သတ်အပ်ပြီးသည့် ဒုစ္စရိတရှိသော သောတာပန်၏ ဝိရတိ သီလ၏ ပျက်စီးခြင်းမည်သည် မရှိ၊ ခွဲ၍လိုက်ဦးအံ့။ သောတာပန္နအရိယ သာဝကသည် မိမိအသက်ပင် သေလင့်ကစား ဘဝတပါး၌ ဖြစ်ငြားသော်လည်း သူ့အသက်မသတ် သူ့ဥစ္စာမခိုး သူ တပါး မယားလင်သား မပြစ်မှား မုသားမပြော သေအရက် မသောက်သည်သာ။

အရက်အတွက် အထူး ဆက်ပြဦးအံ့။ ဥပမာအားဖြင့် ပြရမည် ဆိုသော် ကြိုးကြာငှက်တို့၏ နို့ရည်နှင့် ရောသော

ရေကို သောက်စေရာ၌ ခံတွင်းသို့ နို့ရည်သည်သာ ဝင်၍ ရေမဝင်သလို အရိယာသာဝက၏ ခံတွင်းသို့ မသူတော်တို့က အကယ်လို့များ အရက်နှင့်နို့ရည် ရော၍ တိုက်လိုက်ကုန်ငြားအံ့၊ နို့ရည်သည်သာလျှင် ဝင်ရာ၏၊ အရက်မဝင်၊ ဤပါဠိတော်နှင့် အဋ္ဌကထာ စကားရပ်ကို ထောက်သဖြင့် သောတာပန္န ပုဂ္ဂိုလ်သည် အသက်ပင် သေပါစေ၊ ယစ်မူးစေတတ်သော ဝတ္ထု ဟူသမျှ လုံးလုံး မသောက်သုံး၊ ထို့အပြင် အရက်နှင့် ရောစပ်၍ အချို ဖျော်ရည် စသည်တို့ကို အရသာ ဖျက်၍ တိုက်သော်လည်း အရက်မဝင် အချိုဖျော်ရည် စသည်များသာဝင်၏၊ အကယ် ဝင်သွားဦးတော့ သောတာပတ္တိဖလ သတ္တိဖြင့် ဝမ်းတွင်း၌ မူးယစ်စေသော သတ္တိသည် ပျက်ပြယ်သွားရတော့၏။

## (ဂ) ဘယ–သောကဖြင့် အရက်မူးပျက်ပြယ်နိုင်လျှင် မဂ္ဂ–ဖလ–ဈာနသတ္တိတို့ဖြင့်အရက်မူး ပျက်ပြယ်နိုင်ပုံ

သောတာပန္န အရိယာသာဝက၏ ဝမ်းတွင်းသို့ မသိသဖြင့် အရက်ဝင်သွားသော်လည်း သောတာပတ္တိဖလ သမာပတ္တိ ဈာနသမာပတ္တိ သတ္တိဖြင့် ပျက်ပြယ်နိုင်သည်။

ပျက်ပြယ်ကြောင်း ဥပမာ နှိုင်းယှဉ်ပုံများကား–

ဝိသာခါ၏ သဟာယ်ချင်း မိန်းမငါးရာတို့သည် မြတ်စွာဘုရား ရှေ့မှောက်တွင် မာရ်နတ်ပူး အရက်မူးကာ သီဆိုကနေရာ မြတ်စွာဘုရားက ညိုသော ရောင်ခြည်တော် လွှတ်လိုက်

သည်ရှိသော် မှောင်အတိဖြစ်သွားသဖြင့် ကြောက်ရွံ့ထိတ်လန့်ပြီး မှုးနေသော အရက် ပျက်ပြယ်သကဲ့သို့ရင်း။

၇-ရက်ပတ်လုံး အရက်သောက်၍ မူးယစ် နေသော သန္တတိအမတ်ကြီး၏ ကခြေသည်မ ချောလေး ရုတ်တရက် သတ္ထကဝါတ လေဖြတ် သေသွားသဖြင့် သောက ရောက်လျက် အရက်မူး ပျက်ပြယ်သွား သကဲ့သို့ရင်း။

သောတာပန္န အရိယာသာဝက၏ မေ့လျော့သည် ဖြစ်၍ ဝမ်းတွင်းရောက်သွားသော အရက်၏ မူးယစ် စေတတ်သော သတ္တိသည် သောတာပတ္တိဖလ သမာပတ္တိသတ္တိ ဈာနသမာပတ္တိသတ္တိတို့ဖြင့် သတိရ၍ ဆင်ခြင်သောအခါ မုချဆတ်ဆတ် ပျက်ပြယ်သွားနိုင်၏။

အထက်ပါ ဓမ္မပဒလာ အကုသလ ဘယ သောကတို့ကြောင့် အရက်မူး ပျက်ပြယ်နိုင်လျှင် ကုသလ မဂ္ဂ ဖလ သမာပတ္တိ ဈာနသမာပတ္တိ သတ္တိတို့ဖြင့် အဘယ်မှာလျှင်မူးယစ်စေတတ်သော အရက်၏သတ္တိသည် မပျက်ပြယ်နိုင်ဘဲ ရှိအံ့နည်း၊ မုချဆတ်ဆတ် ပျက်ပြယ် နိုင်သည်သာ၊ ဤကား ပဋ္ဌမယုတ္တိ သာဓကတည်း။

## (ဃ) လောကီ မေတ္တာ သီလ သစ္စာသတ္တိဖြင့် ဆိမီးမပူ ခေါ်းလှုံပြီး အဆိပ်ပျက်ပြယ်သလို လောကုတ္တရာ မဂ္ဂ ဖလ ဈာန်တို့ဖြင့်ပျက်ပြယ်နိုင်ပုံ

သောတာပန္န ဥတ္တရာ အမျိုးသမီး၏ မေတ္တာ သစ္စာသည် သီရိမာ အပေါ်၌ အမျက်မထွက် ချစ်ကြည်လျက် နေရိုး

မုန်လျှင် လောင်းလိုက်သော ထောပတ်ပူ မပူလောင်ပါစေ သားဟု သစ္စာပြု၍ မေတ္တာပွားများသဖြင့် မပူလောင်ဘဲ စန္ဒကူးရေနှင့် ဖျန်းလိုက်သလို အေးမြ သကဲ့သို့ရင်း။

### သားချစ်မေတ္တာ

သားငယ်လေး နို့တိုက် နေသော အမိနွားမကြီး၏ သားလေးအပေါ် ချစ်ခြင်း လောကီမေတ္တာဖြင့် မုဆိုးထိုး လိုက်သောလှံ မစူးဝင်ဘဲထမ်းပလက်လို ဖြစ်သွားသကဲ့သို့ရင်း။

### ပီတိ

မူလပဏ္ဏာသ အဋ္ဌကထာ သဗ္ဗာသဝသုတ္တ ဝဏ္ဏနာ ၇၂။ (အယံ ခမော(ပ)သရီရ သမ္ဘာသနံ) အဖွင့်၌ ခဏ္ဍစေလ ဝိဟာရကျောင်းတိုက်တွင် ကဏိကာရ ပဓာနိယ ကျောင်း၌ အရိယဝံသ တရားကို နာယူနေသော ပဓာနိယထေရ်ကို မြွေကိုက်လိုက်၍ အဆိပ်တက် ကိုယ်ကြွမ်းထမ်း လာသဖြင့် ရဟန်းခံသည့်နေ့မှစ၍ ယနေ့ တိုင်အောင် လောကီသီလကို ဆင်ခြင်လိုက်သည် ရှိသော် ငါ့သီလသည် စင်ကြယ်လေစွ တကားဟု ပီတိ ဖြစ်သည်နှင့် တပြိုင်နက် အဆိပ် မြေသို့ ကျဆင်းဝင်သွားသကဲ့သို့ရင်း။

### ဒေသနာ သစ္စာ

### မဓုရသ ဝါဟိနီ နှာ ၂၀- လာ

### ကဋ္ဌရဇ္ဇဝါသီ ရဟန်း ဝတ္ထု

ကဋ္ဌရဇ္ဇဝါသီ သစ်မြို့နေ ရဟန်းတပါးသည် မဟာဂါမ မြို့ မဟာဝိဟာရ ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲ အရိယ

ဝံသ တရားပွဲတွင် တရားနာစဉ် ညဉ့်ဦး တရားနိဒါန်း စကား ပင် အဆိပ်ရှိသော မြွေကိုက်သည် ရှိသော် တပါးသော တရားနာ ပရိတ်သတ်ကို မကိုက်ရအောင် ယင်းမြွေကို မိမိ အိတ်အတွင်း ဖမ်းထည့်ထားပြီး မိုးလင်းတရား သိမ်း၍ ပရိသတ်တွေပြန်သွားမှ မြွေကိုအိတ်တွင်းမှထုတ်၍ တရားနာ ရဟန်းများအားပြပြီးလျှင် ငါသည် ကိုယ်နှင့်အသက် မငဲ့ ကွက်ဘဲ တရားတော်၌ ကြည်ညိုလေးစားစွာ နာယူရိုးမှန်ပါ လျှင် ဤမြွေဆိပ်တွေ မြေသို့လျှောကြ၍ ပျောက်ပျက်ပါစေ သားဟု သစ္စာပြုလိုက်သည်နှင့် တပြိုင်နက် အဆိပ်တွေမြေသို့ ကျဆင်းပျောက်ကင်းသွားသကဲ့သို့ရင်း။

ထိုနည်းတူစွာ သောတာပန္နအရိယာသာဝက၏ မေ့လျော့ သည်ဖြစ်၍ ဝမ်းတွင်း ဝင်ရောက်သွားသော အရက်၏ မူးယစ် စေတတ်သော သတ္တိသည် မိမိထိုးထွင်း မျက်မှောက်ပြုပြီး သောတာပတ္တိမဂ္ဂဖလ ဉာဏ်သတ္တိတို့ကို ဆင်ခြင်လိုက်သည် နှင့် တပြိုင်နက် မုချဆတ်ဆတ် ပျက်ပြယ်သွားနိုင်၏။

မူလပဏ္ဏာသ အဋ္ဌကထာ အင်္ဂုတ္တရအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မေတ္တာဖွင့်အရ လောကီကုသလ ဖြစ်သော မေတ္တာ သီလ သစ္စာ တန်ခိုးတို့ဖြင့် မီးမပူစေးလှုံပြီး အဆိပ် မသင့် မတက် ပျက်ပြယ်နိုင်သေး၏။

လောကုတ္တရာဖြစ်သော သောတာပတ္တိ မဂ္ဂဖလ ဉာဏ် သမာပတ္တိသတ္တိတို့ဖြင့် မူးယစ်စေတတ်သော အရက်၏တတ္တိ သ သည် အဘယ်မှာ မပျက်ပြယ် နိုင်ဘဲရှိအံ့နည်း၊ မုချဆတ်

ဆတ် ပျက်ပြယ် နိုင်သည်သာ၊ ဤကား ဒုတိယ ယုတ္တိ သာဓကတည်း။

## (င) အရက်အပြစ် ၆-ပါး

ဆ ခေါ မေ ဂဟပတိပုတ္တ အာဒီနဝါ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ၊ သန္ဒိဋ္ဌိကာ ဓနဇာနိ ကလဟပ္ပဝၯနီ ရောဂါနံ အာယတနံ အကိတ္တိ သဉ္ဇနနီ ကောပိန နိဒံသနီ၊ ပညာယ ဒုဗ္ဗလီ ကရဏီ တွေဝ ဆဋ္ဌံ ပဒံ ဘဝတိ။

(ပါထိကဝဂ္ဂ သိင်္ဂါလောဝါဒ သုတ္တ ၁၄၇)။

ပညာယ ဒုဗ္ဗလီ ကရဏီတိ သာဂတတ္ထေရဿ ဝိယ ကမ္မဿကတ ပညံ ဒုဗ္ဗလံ ကရောတိ၊ တသ္မာ "ပညာယ ဒုဗ္ဗလီ ကရဏီ"တိ ဝုစ္စတိ၊ မဂ္ဂ ပညံ ပန ဒုဗ္ဗလံ ကာတုံ န သက္ကောတိ၊ အဓိဂတ မဂ္ဂါနဉ္ဟိ သာ အန္တော မုခံ မေဝ န ပဝိသတိ။ ။(ဝှင်းအဋ္ဌကထာ ၁၂၇)။

### အကျဉ်း ဆောင်ပုဒ်

ဥစ္စာပျက်ပြား၊ ခိုက်ရန်ပွား၊ များပြားရောဂါသာ။
သတင်းယုတ်မာ၊ အရှက်ကွာ၊ ပညာဆုတ်ယုတ်လာ။
ယစ်မျိုးသောက်စား၊ ထိုသူအား၊ ခြောက်ပါးအပြစ်သာ။

### အရက်၏လောကီပညာ အားသေးအောင်ပြုပုံ

အထူး အဓိပ္ပါယ်။ ။အထူး အားဖြင့် ပညာအရာဝယ် (ပညာယ ဒုဗ္ဗလီကရဏီ)ဟူသော အဖွင့်၌ သာဂတထေရ်၏ လောကီ ကမ္မဿကတ ပညာကို အားသေးအောင် ပြုသလို

ပုထုဇန်တို့၏ ကမ္မဿကတ ပညာကို အားသေးအောင် ပြုတတ်၏။ ထို့ကြောင့် ပညာယ ဒုဗ္ဗလီကရဏီဟူ၍ ဘုရားမိန့်၏။

**အရက်၏ အရိယမဂ်ပညာ အားသေးအောင် မပြုနိုင်ပုံ**

**အထူးအားဖြင့်ကား။** ။အရက်သည် အရိယမဂ်ပညာကို အားသေးအောင် မပြုနိုင်၊ မှန်၏ ရအပ်ပြီးသောမဂ်ရှိကုန်သည့် အရိယာပုဂ္ဂိုလ်တို့၏ ခံတွင်းသို့ အရက်ကို နည်းအမျိုးစုံ ကိုက်သွင်းသော်လည်း လည်မျိုတွင်းသို့ မဝင်သည်သာ၊ ထို့ကြောင့် အရက်သည် အရိယမဂ်ပညာကို အားသေးအောင် မပြုနိုင်ဟု မိန့်၏။ ဤသည်ကား သောတာပန္နအရက် မသောက်ကြောင်း သာဓက ပြီး၏။

---

**အခန်း (၇)**

**(က) သောတာပန္န၏ အဘယမဟာဒါန ငါးပါး**

ပဉ္စိမာနိ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ အဂ္ဂညာနိ ရတ္တညာနိ ဝံသညာနိ ပေါရာဏာနိ အသံကိဏ္ဏာနိ အသံကိဏ္ဏပုဗ္ဗာနိ နသင်္ကိယန္တိ နသင်္ကိယိဿန္တိ အပ္ပဋိကုဋ္ဌာနိ သမဏေဟိ ဗြာဟ္မဏေဟိ ဝိညူဟိ။ ကတမာနိ ပဉ္စ၊ ဣဓ ဘိက္ခဝေ အရိယသာဝကော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ ပါဏာတိပါတာ ပဋိဝိရတော ဘိက္ခဝေ အရိယသာဝကော အပရိမာနာနံ သတ္တာနံ အဘယံ ဒေတိ၊

အဝေရံ ဒေတိ၊ အဗျာပဇ္ဇံ ဒေတိ။ အပရိမာနာနံ သတ္တာနံ အဘယံ ဒတွာ အဝေရံ ဒတွာ အဗျာပဇ္ဇံ ဒတွာ အပရိမာနဿ အဘယဿ အဝေရဿ အဗျာပဇ္ဇဿ ဘာဂီ ဟောတိ။ ဣဒံ ဘိက္ခဝေ ပဉ္စမံ ဒါနံ မဟာဒါနံ-ပ-ဝိညူဟိ။
ပုန စ ပရံ ဘိက္ခဝေ အရိယသာဝကော အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ(ပ)။ ကာမေသုမိစ္ဆာစာရံ ပဟာယ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော ဟောတိ (ပ)။ မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော ဟောတိ (ပ)။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနံ ပဟာယ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဘိက္ခဝေ အရိယ သာဝကော အပရိမာနာနံ သတ္တာနံ အဘယံ ဒေတိ၊ အဝေရံ ဒေတိ၊ အဗျာပဇ္ဇံ ဒေတိ၊ အပရိမာနာနံ သတ္တာနံ အဘယံ ဒတွာ အဝေရံ ဒတွာ အဗျာပဇ္ဇံ ဒတွာ အပရိမာနဿ အဘယဿ အဝေရဿ အဗျာပဇ္ဇဿ ဘာဂီ ဟောတိ။ ဣဒံ ဘိက္ခဝေ ပဉ္စမံ ဒါနံ မဟာဒါနံ အဂ္ဂညံ ရတ္တညံ ဝံသညံ ပေါရာဏံ အသံကိဏ္ဏံ အသံကိဏ္ဏပုဗ္ဗံ နသံကိယတိ နသံကိယိဿတိ၊အပ္ပဋိကုဋ္ဌံ သမဏေဟိ ဗြာဟ္မဏေဟိ ဝိညူဟိ။
(အင်္ဂုတ္တရပါဠိ အဋ္ဌကနိပါတ အဘိသန္ဒသုတ် ၇၆) (သီလက္ခန် အဋ္ဌကထာ ၂၇၃)။

မြန်မာအဓိပ္ပါယ်။ ။(၁)အလှူကြီးဖြစ်၍မြတ်၏ဟုသိအပ်၏၊(၂) ရှည်မြင့်စွာသော ညဥ့်ပတ်လုံး ဖြစ်ကုန်၏ဟု သိအပ်၏၊ (၃) အရိယာ သူတော်ကောင်းတို့၏ အနွယ်တို့ဟုသိအပ်၏၊ (၄) ကမ္ဘာဦးသူ လူတို့၏ ဥစ္စာဖြစ်သည့် သူတော်ကောင်းတို့သည် အချင်းခပ်သိမ်း တစုံတခုသော အပြားအားဖြင့် ဖရိုဖရဲ မပြန့်ကြဲအပ် မစွန့်ပစ်အပ်ကုန်၊ (၅) အတိတ် ဘုရားရှင်တို့သည်လည်း ရှေး၌ ဖရိုဖရဲမပြန့်ကြဲအပ် မစွန့်အပ်ကုန်ပြီ၊ (၆) ယခုဘုရားရှင်တို့လည်း မပယ်စွန့်အပ်ကုန်၊ (၇) အနာဂတ် ဘုရားရှင် တို့သည်လည်း မပယ်မစွန့်အပ်ကြကုန်လတ္တံ့၊ (၈) ပညာရှိ ရဟန်းပုဏ္ဏားတို့သည် မစက်ဆုပ်အပ်မကဲ့ရဲ့အပ်ကုန်သောအလှူတို့သည် ဤငါးပါးတို့ပင်တည်း။

ငါးပါးတို့ဟူသည်–

၁။ ဤသာသနာတော်၌ အရိယာ သာဝကသည် မင်္ဂ ဖြင့် ပါဏာတိပါတကို ပယ်၍ အသက် သတ်ခြင်းမှ ကြဥ်ရှောင်၏၊ ပါဏာတိပါတမှကြဥ်ရှောင်သော အရိယာသာဝကသည် အတိုင်းအရှည်မရှိ အသက်ရှိသော သတ္တဝါတို့အား ဘေးမဲ့အလှူပေး၏၊ ရန်မရှာနှိပ်စက်ခြင်း မပြု၊ ဤသည်ကား ပထမ အသက်မသတ် မဟာဒါန။

၂။ အရိယာသာဝကသည် မင်္ဂဖြင့် အဒိန္နာဒါန ကံကို ပယ်၍ သူ့ဥစ္စာယူခြင်းမှကြဥ်ရှောင်၏၊ (ပ) ဤသည်ကား ဒုတိယ သူ့ဥစ္စာမယူခြင်း မဟာဒါန။

၃။ အရိယာသာဝကသည် ကာမေသုမိစ္ဆာစာရကိုပယ်၍ ဝတ္ထုကာမတို့၌ ဖောက်ပြားစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ (ပ) ဤသည်ကား တတိယ မဟာဒါန။

၄။ အရိယာ သာဝကသည် မဂ်ဖြင့် မုသာဝါဒကို ပယ်စွန့်၍ မုသာဝါဒမှ ကြဉ်ရှောင်၏၊ (ပ) ဤသည်ကား စတုတ္ထ မုသားပြောခြင်းမှ ရှောင်ကြဉ်ခြင်း မဟာဒါန။

၅။ အရိယာ သာဝကသည် မဂ်ဖြင့် သေအရက် သောက်ခြင်းကို ပယ်စွန့်၍ သေအရက် သောက်ခြင်းမှ ကြဉ်ရှောင်၏၊ (ဝါ) အရက်မသောက်၊ အရက် သောက်ခြင်းမှ ကြဉ်ရှောင်သော အရိယာသာဝကသည် အတိုင်းအရှည် မရှိ အသက်ရှိသော သတ္တဝါတို့အား ဘေးမဲ့ပေး၏၊ နှိပ်စက်ခြင်းမပြု၊ ဤသည်ကား ပဉ္စမအရက်သောက်ခြင်းမှရှောင်ခြင်း မဟာဒါန။

**မှတ်ချက်။** ။ဤ အဘိသန္ဒသုတ်ကို ထောက်သဖြင့်လည်း အရိယာသာဝကသည် အရိယာတို့ ကျင့်သုံးဆောက်တည်အပ်သည့် အကျင့်မျိုးတို့ကို အမြဲတမ်းဆောက်တည်သည်ဖြစ်၍ အဘယဒါန အလှူတော်ကြီးငါးမျိုး ပေးနေသဖြင့် အသက်သတ်ဖြတ်ခြင်း သူ့ဥစ္စာခိုးယူခြင်း သူတပါးသားမယား လင်သားတို့၌ဖောက်ပြားကျင့်ခြင်း မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်း သေရည်သောက်ခြင်းတို့ကို လုံးဝမပြုဘဲ အမြဲရှောင်ကြဉ်၍ အရိယကန္တသီလ၌ အမြဲတည်၏ဟု မှတ်ယူရမည်။

ဇူဇ္ဆာသယ ၅၃၇-၅

## (ခ) သောတာပန်သည် ခေတ်ကြီး လေးပါး ဖောက်ပြန်သော်လည်း အကျင့်သီလ မဖောက်ပြန်၍အပါယ်မလားနိုင်ပုံ

သိယာ ဘိက္ခဝေ စတုန္နံ မဟာဘူတာနံ အညထတ္တံ ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယောဓာတုယာ၊ နတွေဝ အရိယကန္တေဟိ သီလေဟိ သမန္နာဂတဿ အရိယသာဝကဿ သိယာ အညထတ္တံ၊ တတြိဒံ အညထတ္တံ၊ သော ဝတ အရိယကန္တေဟိ သီလေဟိ သမန္နာဂတော အရိယသာဝကော နိရယံဝါ တိရစ္ဆာနယောနိံဝါ ပေတ္တိဝိသယံဝါ ဥပပဇ္ဇိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

(မဟာဝဂ္ဂ သောတာပတ္တိ သံယုတ္တ ဒုတိယမိတ္တာမစ္စ သုတ္တ ၃၁၈)။

မြန်မာအစီပွါယ်။ ။ရဟန်းတို့-

၁။ ခက်မာ နူးညံ့သော ပထဝီဓာတ်၊
၂။ ယိုစီးဖွဲ့စေးသော အာပေါဓာတ်၊
၃။ ပူလောင် အေးမြသော တေဇောဓာတ်၊
၄။ လှုပ်ရှား တောင့်တင်းသော ဝါယောဓာတ်၊

ဤ ခေတ်ကြီးလေးပါးတို့၏ မိမိခေတ် လက္ခဏာသဘောမှ တမျိုးတခြား၏ အဖြစ်သို့ ဖောက်ပြန်သွားနိုင်ရာ၏၊ အရိယာ ဘုရားရှင်တို့သည် နှစ်သက်အပ်သည့် သီလနှင့် ပြည့်စုံသော အရိယာသာဝက၏ သုဂတိမှတပါး ဒုဂ္ဂတိသို့ လားသည်၏

အဖြစ်သည် မဖြစ်နိုင်ရာ၊ (ဝါ) ဒုဂ္ဂတိလားခြင်း၏ အကြောင်း အရိယသီလ၏ ပျက်ပြားသည်၏ အဖြစ်သည် မဖြစ်နိုင် သည်သာ၊ စင်စစ် အရိယာဘုရားရှင်တို့သည် (ကန္တ)နှစ်သက် အပ်သော သီလတို့နှင့် ပြည့်စုံသော ထိုသောတာပန္နအရိယာ သာဝကသည် (သီလ)လုံးဝ မဖောက်ပြားသည် ဖြစ်၍ နိရဲ တိရစ္ဆာန် ပြိတ္တာဘုံသို့ ရောက်လတံ့ဟူသော ထိုအကြောင်း သည် လုံးဝမရှိ။

**မှတ်ချက်။** ။ထို ဒုတိယ မိတ္တာမစ္စ သုတ်ကို ထောက်၍ သောတာပန္နအရိယာ သာဝကသည် မဟာဘုတ် လေးပါးတို့၏ လက္ခဏာ သဘော ဖောက်ပြန်လျှင် ဖောက်ပြန်ရမည်၊ အရိယသီလ မပျက်၍ ပါဏာတိ ပါတစသည့် အကုသလမှု လုံးဝမပြုကြောင်း မှချ ဆတ်ဆတ် မှတ်ရမည်။

## (ဂ) သောတာပန်၏ ငါးပါးသီလမြဲပုံ

ကတမေသု ပဉ္စသု သိက္ခာပဒေသု သံဝုတကမ္မန္တော ဟောတိ၊ ဣဓ သာရိပုတ္တ အရိယသာဝကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာ ဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ၊ ဣမေသု ပဉ္စသု သိက္ခာပဒေသု သံဝုတ ကမ္မန္တော ဟောတိ၊ (ပ) သော အာကင်္ခမာနော

အတ္တနာဝ အတ္တာနံ ဗျာကရေယျ (ခီဏာ နိရယောမှိ ခီဏာတိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော ခီဏာ ပါယဒုဂ္ဂတိဝိနိပါတော သောတာပန္နောဟ မသ္မိအဝိ နိပါတ ဓမ္မောနိယတော သမ္ဗောဓိပရာယနောတိ။

(အင်္ဂုတ္တရ ပဉ္စက ၁၈၆)။

အဘယ်မည်သည့် ငါးပါးသော သိက္ခာပုဒ်တို့၌ အရိယာ သာဝကသည် စောင့်စည်းအပ်သည့် အမှုလုပ်ငန်း ဖြစ်သနည်း၊

သာရိပုတြာ– ဤ သာသနာတော်၌ အရိယာသာဝက သည် (၁) သူ့အသက် သတ်ခြင်းမှ မင်္ဂဖြင့် ကြဉ်ရှောင်၏၊ (၂) သူ့ဥစ္စာ ခိုးယူခြင်းမှ မင်္ဂဖြင့်ကြဉ်ရှောင်၏၊ (၃)ဝတ္ထု ကာမတို့၌ ဖောက်ပြား၍ ကျင့်ခြင်းမှ မင်္ဂဖြင့်ကြဉ်ရှောင်၏၊ (၄) မုသာဝါဒမှ မင်္ဂဖြင့် ကြဉ်ရှောင်၏၊ ယစ်မူးမေ့လျော့ ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်သုံးခြင်းမှ မင်္ဂဖြင့် ကြဉ်ရှောင်၏၊ ဤ ငါးပါးသော သိက္ခာပုဒ်တို့၌ စောင့်စည်းအပ်သော အမှုလုပ်ငန်းသည်ဖြစ်၏။

ထိုအရိယာ ပုဂ္ဂိုလ်သည် ကုန်ပြီးသော နိရယ်ရှိ၏၊ ကုန်ပြီး သော တိရစ္ဆာန်ရှိ၏၊ ကုန်ပြီးသော ပြိတ္တာဘုံရှိ၏၊ ကုန်ခန်းပြီး သည်ဖြစ်၍ အပါယ်ဒုဂ္ဂတိဘုံ၌ ပျက်စီး၍ကျခြင်းမရှိ၊ ကျွန်ုပ် ဟာ သောတာပန် ဖြစ်၍ ပျက်စီး၍ကျခြင်း သဘောမရှိ၊ မင်္ဂဖြင့်မြဲ၏၊ အထက်ဖိုလ်လျှင် လည်းလျောင်းရာရှိ၏၊ ဤသို့ ပြောကြားလိုက ပြောကြားရာ၏။

မှတ်ချက်။ ။ဤဂိဟိသုတ်နှင့် မဟာဝဂ္ဂ သံယုတ်ပါဠိ ကို ထောက်သဖြင့် သောတာပန္နပုဂ္ဂလသည် အရိယာ

မဂ်ဖြင့် ပယ်အပ်သည်ဖြစ်၍ ပါဏာတိပါတစသော ကံငါးပါးကျူးလွန်ခြင်းမရှိ၊ လုံခြုံစွာ စောင့်ရှောက်သောကြောင့် အပါယ်ဒုဂ္ဂတိဘုံသို့ မလားရောက်နိုင်ဟု မှချမှတ်ရာ၏။

## အခန်း (၈)

### (က) ဗာလပုထုဇ္ဇန်များ ငါးပါးသီလ မစောင့်ရှောက် မလုံခြုံ၍ အပါယ်ငရဲသို့ မုချကျကြောင်း

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ ပဉ္စဟိ၊ ပါဏာတိပါတီ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ ကာမေသုမိစ္ဆာစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာယီ ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

(အင်္ဂုတ္တရပါဠိ ပဉ္စက နိပါတ တတိယပဏ္ဏာသက နိရယသုတ် ၁၅၁)။

ဤလောက၌ သတ်ဖြတ်မှု ခိုးမှုစသည်တို့ကို လွန်ကျူးသော ခိုးသား ဒါးပြ သူပုန်ကို ဖမ်းဆီး၍ နိုင်ငံအုပ်ချုပ်သော မင်း အစိုးရ တို့သည် ထောင်သွင်း၍ အကျဉ်းထားသလို မကောင်းမှု ကံငါးပါးကျူးလွန်သော ဗာလပုဂ္ဂိုလ် တို့ကို နိရယထိန်း ပုလိပ်သား တို့သည်လည်း ဖမ်းဆီး၍ နိရယ၌ ပစ်ချကြကုန်၏။

## (၁) ကလျာဏ ပုထုဇ္ဇန်နှင့် အရိယာများကား ငါးပါးသီလ စောင့်ရှောက် လုံခြုံ၍ နတ်ပြည်သို့ရောက်ကြောင်း

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။ ကတမေဟိ ပဉ္စဟိ၊ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသုမိစ္ဆာစာရာပဋိဝိရတော ဟောတိ၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ သဂ္ဂေ။

(အင်္ဂုတ္တရ နိကာယသုတ် ၁၅၁)။

ဤလောကဦ မင်း အစိုးရတို့၏ အမှုတော်ကို ကြိုးနှံစွာ ထမ်းဆောင် ကြကုန်သော သူတို့ကို မင်းအစိုးရ တို့သည် ရာထူး ဌာနန္တရတို့ဖြင့် မြှောက်စား ကြဘိသကဲ့သို့ ကုသလ ကံ ငါးပါးလုံခြုံသော ကလျာဏ ပုထုဇန်နှင့် အရိယာများ ကို မိမိတို့ ကျင့်သုံးသည့် ကောင်းသော အကြောင်းကံတို့က အကျိုးဖြစ်သော နတ်ပြည်၌ နေရာချပေး လိုက်ကြကုန်ပြီ။

မှတ်ချက်။ ။ဤသုတ်ကိုထောက်သဖြင့် ဒုစရိုက် ကံငါးပါး ကို လွန်ကျူးလျှင် အပါယ်လား ရမည်၊ ဒုစရိုက ကံငါးပါးမှ ရှောင်ကြဉ်လျှင် နတ်ပြည်စသည့် သုဂတိ ဘုံသို့ လားရောက် ရမည်၊ ရှေးဦးဒေါင်း ဆွေးနွေး

ခဏ်းက သောတာပန်များ ငါးပါးသိလ မလုံခြုံဟု ဆိုသောကြောင့် အပါယ်ဘုံသို့ လားရောက် ရတော့ မလို ဖြစ်နေ၏၊ ရှေးနောက်စကား သေချာစွာ စဉ်းစားဆင်ခြင်ကြပါကုန်လော့။

## (၈) သောတာပန္နအရိယာ၏သင်္ခါရတို့ကိုနိစ္စသုခအတ္တဟုမရှုပုထုဇဉ်သာ ရှုကြောင်း

အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကိဉ္စိသင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ တံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကိဉ္စိ သင်္ခါရံ နိစ္စတော ဥပဂစ္ဆေယျ၊ ဌာန မေတံ ဝိဇ္ဇတိ (၁)။ အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကိဉ္စိ သင်္ခါရံ သုခတော ဥပဂစ္ဆေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကိဉ္စိ သင်္ခါရံ သုခတော ဥပဂစ္ဆေယျ၊ ဌာန မေတံ ဝိဇ္ဇတိ (၂)။ အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ကိဉ္စိ ဓမ္မံ အတ္တတော ဥပဂစ္ဆေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ၊ ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ကိဉ္စိ ဓမ္မံ အတ္တတော ဥပဂစ္ဆေယျ၊ ဌာနမေတံ ဝိဇ္ဇတိ(၃)။

(အင်္ဂုတ္တရ ဧကနိပါတပါဠိ အဋ္ဌာနပါဠိ ပဌမဝဂ် ၂၈)။

ဒိဋ္ဌိသမ္ပန္နောတိ မဂ္ဂဒိဋ္ဌိယာ သမ္ပန္နော သောတာပန္နော အရိယသာဝကော။ (ဓင်းအဋ္ဌကထာပထမတွဲ၃၅၂)။

နိစ္စ အစိပ္ပါယ်

အရိယ-၁။ (က) သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသည့် အရိယာပုဂ္ဂိုလ်သည်ပြုပြင်စီရင်အပ်သော ကာမ ရူပ အရူပ လောကုတ္တရာ ဟု ဆိုအပ်သော ဘုံလေးပါးတို့၌ဖြစ်သော သင်္ခါရကို သဿတဒိဋ္ဌိဖြင့် (နိစ္စ) မြဲ၏ဟု ယူရာ၏၊ထိုသို့ နိစ္စဟုယူခြင်းအကြောင်းသည် စင်စစ်မရှိ။

ပုထုဇ္ဇန- (ခ) ပုထုဇန်တို့သည် ပြုပြင် စီရင် အပ်သော ကာမ ရူပ အရူပဟု ဆိုအပ်သော ဘုံသုံးပါးတို့၌ဖြစ်သောသင်္ခါရကို သဿတဒိဋ္ဌိနှင့် အချို့သော အကုသလ တို့၏ အာရုံအားဖြင့် နိစ္စမြဲ၏ဟု အကြင်ယူရာ၏၊ ထိုသို့ နိစ္စ ဟု ယူခြင်း၏အကြောင်း စင်စစ်ရှိ၏။

သုခ အစိပ္ပါယ်

အရိယ-၂။ (က) သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော အရိယာ ပုဂ္ဂိုလ်သည် ပြုပြင် စီရင်အပ် သည့် ဘုံလေးပါးတို့၌ဖြစ်သောသင်္ခါရကိုအတ္တဒိဋ္ဌိဖြင့် (သုခ) ချမ်းသာ၏ဟု လွဲမှားစွာ ယူရာ၏၊ ထိုသို့ သုခဟုယူခြင်းအကြောင်းသည် စင်စစ်မရှိ။

ပုထုဇ္ဇန- (ခ) ပုထုဇန်သည် ပြုပြင် စီရင်အပ်သော ကာမ ရူပ အရူပဟု ဆိုအပ်သော ဘုံ

သုံးပါးတို့၌ ဖြစ်သော သခ်ါရကို သဿတဒိဋ္ဌိနှင့် အချို့သော အကုသလတို့၏ အာရုံအားဖြင့် သုခ ချမ်းသာ၏ဟု စွဲမြဲစွာယူရာ၏၊ ထိုသို့ သုခဟု ယူခြင်း အကြောင်းသည် စင်စစ်ရှိ၏။

## အတ္တ အစိပ္ပါယ်

အရိယ-၃။ (က) သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်သည် ပြုပြင်စီရင်အပ်သော ဘုံလေးပါးတို့၌ဖြစ်သောတရားကို အတ္တဒိဋ္ဌိအားဖြင့် အတ္တ အစိုးရ၏ဟု ယူရာ၏၊ ထိုသို့ အတ္တဟု ယူခြင်း အကြောင်းသည် စင်စစ်မရှိ။

ပုထုဇ္ဇန- (ခ) ပုထုဇန်သည် ပြုပြင် စီရင် အပ်သော ဘုံသုံးပါးတို့၌ဖြစ်သောတရားကို အတ္တ ဒိဋ္ဌိ၏ အစွမ်းအားဖြင့် အတ္တ အစိုးရ၏ဟု စွဲမြဲစွာ ယူရာ၏၊ ထိုသို့ အတ္တဟု ယူခြင်းအကြောင်းသည် စင်စစ်ရှိ၏။

## (ဃ) သောတာပန္န၏ခန္ဓ ၁၅-ပါးတို့၌ ရှုဆင်ခြင်ပုံ

ပဉ္စိမေ ဘိက္ခဝေ ဥပါဒါနက္ခန္ဓာ၊ ကတမေ ပဉ္စ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော(ပ) ဝိညာဏုပါဒါ နက္ခန္ဓော။ ယထာ ခေါ ဘိက္ခဝေ အရိယသာဝကော ဣမေသံ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ သမုဒယဉ္စ အတ္ထ ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အရိယသာဝကော

သောတာပန္နော အဝိနိပါတ ဓမ္မော နိယတော
သမ္ဗောဓိပရာယနော်တိ။

(ခန္ဓဝဂ္ဂသံယုတ္တပါဠိ အန္တဝဂ္ဂ သောတာပန္နသုတ္တ ၁၃၁)။

သောတာပန္နအရိယသာဝကသည် ရုပ် ဝေဒနာ သညာ သင်္ခါရဝိညာဏ်ဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာ ၅-ပါးတို့၏- (၁) ဖြစ်ခြင်း၊ (၂) ချုပ်ခြင်း၊ (၃) သာယာခြင်း၊ (၄) အပြစ်၊ (၅) သံသာရထွက်မြောက်ခြင်းကို ဟုတ်တိုင်းမှန်စွာ မဂ်ပညာဖြင့် သိ၏။ သောတာပန္နဖြစ်သော ဤအရိယသာဝကကို အပါယ်လေးဘုံ၌ ပျက်စီး ကျရောက်တတ်သော သဘော မရှိဟူ၍ရင်း၊ မဂ်ဖြင့် မဖောက်မပြန်မြဲ၏ဟူ၍ရင်း၊ အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာ ရှိ၏ ဟူ၍ရင်း ဆိုအပ်၏။

## (င) ဝိပ္ပလ္လာသ ၃-ပါးရှိသူ သံသာရ လည်၍ မရှိသူ နိဗ္ဗာန်ရောက်ပုံ

### ကဏှပက္ခ

၁။ အနိစ္စေ နိစ္စသညိနော၊ ဒုက္ခေ စ သုခသညိနော။
အနတ္တနိ စ အတ္တာတိ၊ အသုဘေ သုဘသညိနော။
မိစ္ဆာဒိဋ္ဌိဟတာ သတ္တာ၊ ခိတ္တစိတ္တာ ဝိသညိနော။

၂။ တေ ယောဂယုတ္တာ မာရဿ၊ အယောဂက္ခေမိနော-ဇနာ။
သတ္တာ ဂစ္ဆန္တိ သံသာရံ၊ ဇာတိ ဇရာမရဏဂါမိနော။

(ကဏှပက္ခ)။

၁။ မိစ္ဆာဒိဋ္ဌိအယူဖြင့် ဖျက်ဆီးအပ်သည်ဖြစ်၍ ပြန့်လွင့်သော စိတ်နှင့်ယှဉ်လျက် ဖောက်ပြန်သည့် (သညာဝိပ္ပလ္လာသ-စိတ္တဝိပ္ပလ္လာသ-ဒိဋ္ဌိဝိပ္ပလ္လာသ)ရှိကုန်သော အကြင် အန္ဓဗာလ ပုထုဇဉ်သတ္တဝါတို့သည်-

(က) အနိစ္စေ၊ မမြဲသော ရုပ်-နာမ်၌။ နိစ္စာတိ၊ မြဲ၏ဟု အမှတ်မှားကြကုန်၏။

(ခ) ဒုက္ခေ၊ ဆင်းရဲသည့် ရုပ်-နာမ်၌လည်း။ သုခါတိ၊ ချမ်းသာ၏ဟု အမှတ်မှားကြကုန်၏။

(ဂ) အနတ္တနိ၊ အစိုးမရသော ရုပ်နာမ်၌လည်း။ အတ္တာတိ၊ အစိုးရ၏ဟု အမှတ်မှားကြကုန်၏။

(ဃ) အသုဘေ၊ မတင့်မတယ် မဖွယ်မရာရုပ် အကောင်ပုပ်၌လည်း။ သုဘောတိ၊ တင့်တယ်ဖွယ်ရာ လှပသော အကောင်ဟု ဖေါက်ပြန်သောအားဖြင့် ယူကြကုန်၏။

၂။ ထိုအန္ဓဗာလ ပုထုဇန် သတ္တဝါတို့သည် ကိလေသာမာရ်နှင့် ယှဉ်တွဲနေ၍ ယောဂလေးပါးတို့ ကုန်ခန်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ဘဲ (ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း) သို့ တဝဲလည်လည် ရောက်ကြရ၍ သံသာရဝဋ္ဋ်ဆင်းရဲသို့ မပြတ်မလတ် အထပ်ထပ် သွားလာလည်ပတ်နေကြရကုန်၏။

**မှတ်ချက်။** ။သညာဝိပ္ပလ္လာသ-စိတ္တဝိပ္ပလ္လာသ-ဒိဋ္ဌိဝိပ္ပလ္လာသ တို့ကို မပယ်မစွန့်နိုင်ကြသော အန္ဓဗာလ ပုထုဇန် တို့သည် အမှန်တရားကို မမြင်နိုင်ဘဲ အမှားကိုသာ

မြင်ကြကုန်၏၊ သံသာရဝဋ္ဋ ဒုက္ခတို့၌သာ အမြဲတမ်း ကျင်လည်ကြရကုန်၏။

**သင်္ဂြိုဟ်ဂါထာ**

ယဒါ စ ဗုဒ္ဓါ လောကသ္မိံ၊ ဥပ္ပဇ္ဇန္တိ ပဘင်္ကရာ။
တေ ဣမံ ဓမ္မံ ပကာသေန္တိ၊ ဒုက္ခူပသမဂါမိနံ။

တေသံ သုတွာန သပ္ပညာ၊ သစိတ္တံ ပစ္စလဒ္ဓါ တေ။
အနိစ္စံ အနိစ္စတော ဒက္ခုံ၊ ဒုက္ခမဒ္ဒက္ခု ဒုက္ခတော။

အနတ္တနိ အနတ္တာတိ၊ အသုဘံ အသုဘာတဒ္ဒသုံ။
သမ္မာဒိဋ္ဌိသမာဒါနာ၊ သဗ္ဗံ ဒုက္ခံ ဥပစ္စဂုံ။

(အင်္ဂုတ္တရ စတုက္ကနိပါတပါဠိရောဟိတဿဝဂ္ဂ ဝိပ္ပလ္လာသသုတ် ၄၉၂)။ (ၐင်းအဋ္ဌကထာ ဒုတိယတွဲ ၃၀၇)။

၁။ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ် ကွန့်မြူးတော်မူသည့် အကြင်ဘုရားရှင်တို့သည် လောကသုံးထပ် ဘုံသုံးရပ်၌ ပွင့်တော်မူလာကြကုန်၏၊ ထို ဘုရားရှင်တို့သည် လောကသုံးထပ် ဘုံသုံးရပ်၌ နေကြကုန်သော လူ-နတ်-ဗြဟ္မာ- သတ္တဝါ အပေါင်းတို့အား သံသာရ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော သစ္စာလေးပါး မြတ်တရားကို ဟောဖော်ပြသ ညွှန်ကြားကြကုန်၏။

၂။ ထိုအခါ ဝိပဿနာပညာနှင့် မဂ်ကိုရ၍ ဖြောင့်မတ် သောအယူ-ရှိကြသော အကြင်ကလျာဏအရိယာသူတော်စင် တို့သည် ဘုရားရှင် ဟောတော်မူအပ်သော သစ္စာလေးပါး

မြတ်တရားကို ကြားနာရသောကြောင့် မိမိစိတ်၏ ဖြောင့်ဖြောင့် မတ်မတ် ကြည်ကြည်လင်လင် ရှိသည်ဖြစ်၍—

(က) ရုပ်–နာမ်–သင်္ခါရတို့၌ အနိစ္စ၊ မမြဲခြင်းကို။ အနိစ္စတော၊ မမြဲသောအားဖြင့် ဟုတ်တိုင်းမှန်စွာ မြင်ကြကုန်ပြီ။

(ခ) ရုပ်နာမ်, သင်္ခါရတို့၌ ဒုက္ခ၊ ဆင်းရဲခြင်းကို။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့် ဟုတ်တိုင်းမှန်စွာမြင်ကြကုန်ပြီ။

(ဂ) ရုပ်နာမ်သင်္ခါရတို့၌ အနတ္တ၊ အစိုးမရခြင်းကို။အနတ္တတော၊ အစိုးမရသောအားဖြင့် ဟုတ်တိုင်း မှန်စွာ မြင်ကြကုန်ပြီ။

(ဃ) အသုဘ မတင့်မတယ် မဖွယ်မရာသော ရုပ်သင်္ခါရ၌ အသုဘတော၊ မတင့်မတယ် မဖွယ်မရာ ပင်တည်းဟု ရုပ်သင်္ခါရတို့၌ ဟုတ်တိုင်းမှန်စွာ မြင်ကြကုန်ပြီ။

ထိုကလျာဏအရိယသူတော်စင်တို့သည် ဟုတ်မှန်စွာမြင်၍ အလုံးစုံသော သံသာရဝဋ်ဆင်းရဲမှ လွန်မြောက်၍ သွားကြကုန်ပြီ။

**မှတ်ချက်။** ။သညာ–စိတ္တ–ဒိဋ္ဌိ ဝိပ္ပလ္လာသတို့ကို လွန်မြောက်ကြကုန်ပြီးသော ကလျာဏအရိယာ ပုဂ္ဂိုလ်တို့သည် ရုပ်နာမ်သင်္ခါရတို့၌ အမြင်မှန်ရ၍ နိဗ္ဗာန်သို့ ရောက်ကြရကုန်ပြီ။

## အခန်း (၉)

## (က) သောတာပန်၏ ပဋ္ဌာနတ္တရိယ ကံငါးပါး မှချ မကျူးလွန်ပုံ

၁။ အဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော မာတရံ ဇီဝိတာ ဝေါရောပေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ တော ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော မာတရံ ဇီဝိတာ ဝေါရောပေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။

၂။ အဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော ပိတရံ ဇီဝိတာ ဝေါရောပေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ တော ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော ပိတရံ ဇီဝိတာ ဝေါရောပေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။

၃။ အဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အရဟန္တံ ဇီဝိတာ ဝေါရောပေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ တော ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော အရဟန္တံ ဇီဝိတာ ဝေါရောပေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။

၄။ အဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော တထာဂတဿ ပဒုဋ္ဌစိတ္တော လောဟိတံ ဥပ္ပါဒေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ တော ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော တထာ

ဂတဿ ပဒုဋ္ဌစိတ္တော လောဟိတံ ဥပ္ပါဒေယျ၊ ဌာန
မေတံ ဝိဇ္ဇတီတိ။

၅။ အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိ
သမ္ပန္နော ပုဂ္ဂလော သံဃံ ဘိန္ဒေယျ၊ နေတံ ဌာနံ
ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ တံ ဘိက္ခဝေ ဝိဇ္ဇတိ၊ ယံ
ပုထုဇ္ဇနော သံဃံ ဘိန္ဒေယျ၊ ဌာနမေတံ ဝိဇ္ဇတီတိ။

၆။ အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ဒိဋ္ဌိ
သမ္ပန္နော ပုဂ္ဂလော အညံ သတ္ထာရံ ဥဒ္ဒိသေယျ၊
နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ တံ ဘိက္ခဝေ
ဝိဇ္ဇတိ၊ ယံ ပုထုဇ္ဇနော အညံ သတ္ထာရံ ဥဒ္ဒိသေယျ၊
ဌာနမေတံ ဝိဇ္ဇတီတိ။

(အင်္ဂုတ္တရနိကာယ ဧကကနိပါတပါဠိ အဋ္ဌာနပါဠိ- ၂၈)။

၁-က။ သောတာပတ္တိမဂ်ဉာဏ် အမြင်မှန်နှင့် ပြည့်စုံသော
အရိယ ပုဂ္ဂိုလ်သည် မိမိအား မွေးဖွားပေးသော
အမိအရင်းကို ဇီဝိတိန္ဒြေမှ ချရာ၏၊ ထို အကြောင်း
သည် စင်စစ်မရှိပေ။

ခ။ ပုထုဇဉ်ပုဂ္ဂိုလ်သည် မိမိအမိရင်းကို ဇီဝိတိန္ဒြေမှ
ချရာ၏၊ (ဝါ) သတ်ရာ၏၊ ထိုအကြောင်းသည်ရှိ၏။

၂-က။ သောတာပတ္တိမဂ်ဉာဏ် အမြင်မှန်နှင့် ပြည့်စုံသော
အရိယပုဂ္ဂိုလ်သည် မိမိကို ကျွေးမွေးသည့် အဘရင်း
ကို ဇီဝိတိန္ဒြေမှ ချရာ၏၊ (ဝါ) သတ်ရာ၏၊ ထို
အကြောင်းသည် စင်စစ်မရှိပေ။

ခ။ ပုထုဇန် ပုဂ္ဂိုလ်သည် မိမိကိုကျွေးမွေးသည့် အဘအရင်းကို ဇီဝိတိန္ဒြေမှ ချရာ၏၊ (ဝါ) သတ်ရာ၏၊ ထိုအကြောင်းသည်ရှိ၏။

၃-က။ သောတာပတ္တိမဂ်ဉာဏ် အမြင်မှန်နှင့် ပြည့်စုံသော အရိယပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်အား ဇီဝိတိန္ဒြေမှ ချရာ သတ်ရာ၏၊ ထိုအကြောင်းသည် စင်စစ်မရှိပေ။

ခ။ ပုထုဇန်ပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်အား ဇီဝိတိန္ဒြေမှ ချရာ သတ်ရာ၏၊ ထိုအကြောင်းသည်ရှိ၏။

၄-က။ သောတာပတ္တိမဂ်ဉာဏ် အမြင်မှန်နှင့် ပြည့်စုံသော အရိယပုဂ္ဂိုလ်သည် မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ရှိသည်ဖြစ်၍ သွေးစိမ်းတည် သွေးကျေဥအောင် ပုတ်သတ် ရိုက်နှက်မှု ပြုလုပ် ရာ၏၊ ထိုအကြောင်းသည် စင်စစ်မရှိပေ။

ခ။ ပုထုဇန် ပုဂ္ဂိုလ်သည် ပြစ်မှားလိုသော စိတ်ဖြင့် မြတ်စွာဘုရားအား သွေးစိမ်း သွေးကျေဥအောင် ပုတ်ခတ်ရိုက်နှက်မှု ပြုလုပ်ရာ၏၊ ထိုအကြောင်းသည် ရှိ၏။

၅-က။ သောတာပတ္တိမဂ်ဉာဏ် အမြင်မှန်နှင့် ပြည့်စုံသော အရိယပုဂ္ဂိုလ်သည် ညီညွတ်သော သံဃာကို သင်းခွဲရာ၏၊ ထိုအကြောင်းသည် စင်စစ်မရှိပေ။

ခ။ ပုထုဇန်ပုဂ္ဂိုလ်သည် ညီညွတ်သော သံဃာကို သင်းခွဲရာ၏၊ ထိုအကြောင်းသည် ရှိ၏။

၆-က။ သောတာပတ္တိမဂ်ဉာဏ် အမြင်မှန်နှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်သည် မြတ်စွာဘုရားမှ တပါး သီးခြားဆရာကို ညွှန်ကြား ကိုးကွယ် ရာ၏၊ ထိုအကြောင်းသည် စင်စစ်မရှိသည်သာ။

ခ။ ပုထုဇန် ပုဂ္ဂိုလ်သည် ဘုရားရှင်မှတပါး သီးခြားဆရာကို ညွှန်ကြား ကိုးကွယ်ရာ၏၊ ထိုအကြောင်းသည်ရှိ၏။

(ခ)အဋ္ဌကထာ ရှင်းလင်းချက်များ

ကိံ ပန အရိယသာဝကော အညံ ဇီဝိတာ ဝေါရောပေယျာတိ၊ ဧတမ္ပိ အဋ္ဌာနံ၊ သစေပိ ဘဝန္တရဂတံ အရိယသာဝကံ အတ္တနော အရိယသာဝကဘာဝံ အဇာနန္တမ္ပိ ကောစိ ဧဝံ ဝဒေယျ၊ (ဣမံ ကုန္ထကိပိလ္လိကံ ဇီဝိတာ ဝေါရောပေတွာ သကလစက္ကဝါဠေ ဂဗ္ဘေ စက္ကဝတ္တိရဇ္ဇံ ပဋိပဇ္ဇာဟီတိ)၊ နေဝ သော တံ ဇီဝိတာ ဝေါရောပေယျ၊ အထာပိ နံ ဧဝံ ဝဒေယျုံ၊ (သစေ ဣမံ န ဃာတေဿသိ၊ သီသံ တေ ဆိန္ဒိဿာမာတိ)။ သီသမေဝဿ ဆိန္ဒေယျုံ၊ န စ သော တံ ဃာတေယျ၊ ပုထုဇ္ဇန ဘာဝဿ ပန မဟာသာဝဇ္ဇ ဘာဝဒဿနတ္ထံ အရိယသာဝကဿ စ ဗလ ဒီပနတ္ထမေတံ ဝုတ္တံ၊ အယံ ဟေတ္ထ အဓိပ္ပါယော၊ သာဝဇ္ဇော ပုထုဇ္ဇနဘာဝေါ၊ ယတြ

ဟိ နာမ ပုထုဇ္ဇနော မာတုဃာတာဒီနိပိ အာနန္တရိ
ယာနိ ကရိဿတိ၊ မဟာဗလော စ အရိယသာဝကော၊
ယော တောနိ ကမ္မာနိ နကရောတီတိ။

(အင်္ဂုတ္တရ နိကာယ ဧကကနိပါတ အဋ္ဌကထာ ပထမတွဲ ၃၅၃)။

**မေး**။ ။သောတာပန္န အရိယာသာဝကသည် သူတပါး အသက် (ဇီဝိတိန္ဒြေ)ကိုသတ်ရာ ချရာပါသလော။

ဖြေ။ ။သောတာပန္န အရိယာသာဝကသည် သောတာပတ္တိမဂ်ဉာဏ်ဖြင့် သမုစ္ဆေဒ၏ အစွမ်းအားဖြင့် အပါယ်သွားတတ်သော ဒေါသကိုအပြီးအပိုင်ပယ်ဖြတ်လိုက်သောကြောင့် သူတပါး အသက်ကို လုံးဝ မသတ်ပါ၊ ဆန့်ကျင်ဘက်အကြောင်းသာ၊ ပုံစံခွဲပြလိုက်ဦးအံ့။

၁။ ဘဝတပါးသို့ ပြောင်းရွှေ့သွားသော သောတာပန္န အရိယာသာဝကကို မိမိ၏ အရိယာသာဝက၏ အဖြစ်ကို မစဉ်းစား မဆင်ခြင်မိ၍ မသိသော်လည်း တစုံတယောက်သောသူက (သင်သည် ဤ ပိုးရွ ခြပုန်း ပုရွက်ဆိပ် တွေကို သတ်ဖြတ်၍ စကြဝဋ္ဌာ တိုက်အတွင်း စကြာမင်းအဖြစ် သိမ်းပိုက်အုပ်စိုးပါလော့) ဤသို့ လိုလားသူများက ပြောရာ၌၊ ထိုသို့ အကျိုးလိုလား၍ ပြောဆိုပါသော်လည်း ထိုသောတာပန္နအရိယ ပုဂ္ဂလသည်၊ စကြာမင်း အဖြစ်ကို စွန့်ပစ်ရာ၌၊ ထို ပိုးရွ ခြပုန်း ပုရွက်ဆိပ်တို့၏ အသက်ကို မသတ်ဖြတ်ရာသည်သာ၊ ဤသည်ကား ပထမသက်သေခံတည်း။

၂။ သင်သည် ဤသူကို အကယ်၍ မသတ်ခဲ့ ငြားအံ့၊ သင့် ဦးခေါင်းကို ငါတို့ဖြတ်ကြမည်ဟု ဤသို့ သောတာပန္န အရိယ ပုဂ္ဂလကို ရန်သူများက အကယ်၍ ဒါးမိုးလျက် ခြိမ်းချောက် ပြောဆိုကြကုန်သော်လည်း မိမိဦးခေါင်းကိုသာ အဖြတ်ခံရာ၏၊ သူတပါး အသက်ကိုကား မုချဆတ်ဆတ် မသတ်ပေ၊ ဤသည်ကား ဒုတိယသက်သေခံတည်း။

၃။ ပုထုဇ္ဇန၏ အကုသလ မဟာသာဝဇ္ဇ အားကြီး ကြောင်းနှင့် အရိယသာဝက၏ ကုသလ ဗလ အားကြီး ကြောင်းပြပုံ။ ။ပုထုဇ္ဇန အဖြစ်၏ အကုသလ သာဝဇ္ဇ အပြစ်များသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှာရင်း၊ အရိယ သာဝက၏ ကုသလဗလ အားရှိသည်၏ အဖြစ်ကို ပြခြင်း အကျိုးငှာရင်း၊ ဤအဌာနကို မြတ်စွာဘုရား ဟောတော်မူ အပ်၏၊ ဤသည်ကား တတိယသက်သေခံ သာဓကတည်း။

## ပုထုဇ္ဇန

ပုထုဇန်သည် အခြားမဲ့ဘဝ၌ အကျိုးပေးသောအားဖြင့် အဝီစိ နိရဲသို့ ကျရောက်စေတတ်သော အမိသတ်ခြင်း စသည် တို့ကိုလည်း အယောနိသော မနသိကာရ တည်းဟူသော အကြင် အကြောင်းကြောင့် ပြုလိမ့်လတံ့၊ ထိုအကြောင်း ကြောင့် ပုထုဇ္ဇန၏ အဖြစ်သည် အလွန်တရာ အကုသလ အပြစ်များလှ၏။

## သောတာပန္န

သောတာပန္န အရိယာသာဝက မှာမူကား မာတုဃာတက စသော အနန္တရိယကံတို့ကို သောတာပတ္တိ မဂ်ညာဏ်ဖြင့်

အပါယ်လားစေတတ်သော ဒေါသကို အပြီးအပိုင် ပယ်ပြီးသော အကြင်အကြောင်းကြောင့် မုချဆတ်ဆတ် မပြုပေ၊ ထိုကြောင့် သောတာပန္န အရိယသာဝကသည် ကောင်းမြတ်သော ယောနိသော မနသိကာရ၏ အစွမ်းအားဖြင့် ကုသလတရား၌ အလွန်အားရှိ၏။

(ဂ) ရတနသုတ်ပါဠိ

၁။ သဟာဝဿ ဒဿန သမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံဝါပိ ယဒတ္ထိ ကိဉ္စိ။

၂။ စတူဟပါယေဟိစ ဝိပ္ပမုတ္တော၊
ဆစ္စာဘိ ဌာနာနိ အဘဗ္ဗတာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(ခုဒ္ဒကနှင့် သုတ္တနိပါတပါဠိ ရတနသုတ္တ ၆-၃၁၃)။
တာနိ ဟိ ကိဉ္စာပိ ဒိဋ္ဌိသမ္ပန္နော အရိယ သာဝကော ကုန္ထကိပိလ္လိကမ္ပိ ဇီဝိတာ န ဝေါရောပေတိ၊ အပိစ ခေါ ပန ပုထုဇ္ဇန ဘာဝဿ ဝိဂဟာရဏတ္ထံ ဝုတ္တာနိ၊ ပုထုဇ္ဇနော ဟိ အဒိဋ္ဌိသမ္ပန္နတ္တာ ဧဝံ မဟာသာဝဇ္ဇာနိ အဘိဌာနာနိပိ ကရောတိ၊ ဒဿနသမ္ပန္နော ပန အဘဗ္ဗော တာနိ ကာတုန္တိ၊ အဘဗ္ဗဂ္ဂဟဏဉ္စေတ္ထ ဘဝန္တရေပိ အကရဏဒဿနတ္ထံ၊ ဘဝန္တရေပိ ဟိ

သေ အတ္တနော အရိယသာဝကဘာဝံ အဇာနန္တော ပိ ဓမ္မတာယ ဝေ တောနိ ဝါ ဆ ပကတိပါဏာတိ ပါတာဒီနိ ဝါ ပဉ္စဝေရာနိ အညသတ္ထာ ရုဒ္ဒေသေန သဟ ဆ ဌာနာနိ နကရောတိ၊ ယာနိ သန္ဓာယ ကေစ္စေ (ဆ ဆာဘိဌာနာနီတိပိ) ပဌန္တိ၊ မတာမစ္စဂ္ဂါ ဟာဒယော စေတ္တ အရိယသာဝက ဂါမဒါရကာနံ နိဒဿနံ။

(ခုဒ္ဒကပါဌ အဋ္ဌကထာ ၁၅၈–သုတ္တနိပါတ ၂၇၈)။

## ပါဠိတော် အဓိပ္ပါယ်

၁။ ထိုယောဂီသည် သောတာပတ္တိမဂ်ဉာဏ် မြင်သည်နှင့် တပြိုင်နက် သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ဤအကုသလ စေတသိက တရား သုံးပါးတို့ကို သောတာပတ္တိ မဂ်ဉာဏ်ဖြင့် သမုစ္ဆေဒ၏ အစွမ်းအားဖြင့် အကြွင်းမဲ့ပယ်စွန့်အပ်ကုန်ပြီ။

၂။ နဂ္ဂိယ မုဏ္ဍိက စသည့် တစုံတခုသော အမရ တပ တိတ္ထိအကျင့်ကိုလည်း ပယ်စွန့်အပ်ပြီ။

၃။ သည့်မျှမကသေး ထို သောတာပန္န ပုဂ္ဂိုလ်သည် အပါယ်လေးပါးတို့မှ ကွင်းလုံးကျွတ် လွတ်မြောက်ပြီ။

၄။ အညသတ္ထာရနှင့် ပဉ္စဝေရကံဟု ဆိုအပ်သည့် ရှုန့်ရင်း လွန်ကဲ အသီးသီးသော ခြောက်ပါးသော ဆ အဘိဌာနတို့ကို လည်း အခါခပ်သိမ်း ပြုခြင်းငှာ မထိုက်ပေ၊ ကေန်လုံးလုံး မပြုပေ။

## အဋ္ဌကထာ အစိပ္ပါယ်

အဋ္ဌာ်နမေတံ (ပ) ဝေါရောပေယျ စသော နည်းဖြင့် ကေကနိပါတ်၌ မြတ်စွာဘုရားသည်-

၁-အမိသတ်ခြင်း၊ ၂-အဘသတ်ခြင်း၊ ၃-ရဟန္တာ သတ်ခြင်း၊ ၄-ဘုရားရှင်ကို သွေးကျအောင် ပြုခြင်း၊ ၅-သံဃာကွဲပြားအောင် ပြုခြင်း၊ ၆-ဘုရားမှတပါး တိတ္ထိ ဆရာကို ညွှန်ကြားခြင်းဟု ဆိုအပ်သော ထို ၆-ပါးတို့ကို ရန့်ရင်း ကြမ်းထမ်းသော အရာ ဆ အဘိဋ္ဌာနဟူ၍ သိအပ် မိန့်အပ်ကုန်၏။

## ပုထုဇ္ဇနနှင့် အရိယ ယှဉ်တွဲပြချက်

သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော အရိယသာဝက သည် မာတုဃာတက စသည့် လွန်ကဲ ကြမ်းထမ်းသည့် ခြောက်ပါးသော ဆအဘိဋ္ဌာနတို့ကို ပြုဘို့ရန်မဆိုထားဘိ- အလွန်သေးငယ်သော ပိုးရွ ချပုန်း ပုရွက်ဆိပ်ကိုသော်မှလည်း ဇီဝိတိန္ဒြေမှ မချ မသတ်ပါပေ၊ ထိုသို့ပင် မချ မသတ်ပါသော် လည်း စင်စစ်ကေန် အမှန်မှာမူ မဂ်ဉာဏ်ဖြင့် အမှန်ကို မမြင်နိုင်သေးသော ပုထုဇ္ဇနအဖြစ်၏ အပြစ်များ၍ ကဲ့ရဲ့ရှုတ်ချ လိုသောကြောင့် မာတုဃာတကစသော ခြောက်ပါးသော ဆအဘိဋ္ဌာနတို့ကို ပုထုဇ္ဇနနှင့် အရိယ ယှဉ်တွဲ၍ ဘုရားဟော တော်မူအပ်ကုန်၏။

## ပုထုဇ္ဇန

ပုထုဇန်သည် သောတာပတ္တိမဂ်ဉာဏ်နှင့် မပြည့်စုံသော ကြောင့် ဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့် ကြီးလေး

သော အပြစ်ရှိသည့် မာတုဃာတက စသော ခြောက်ပါးသော အဘိဌာနတို့ကို မသင့်သော အမြင်များ အထင်များနှလုံးသွင်းမှားတို့ဖြင့် ကျူးလွန် ပြုလုပ်တတ်၏။

## သောတာပန်

သောတာပန်မှာမူကား အရိယမဂ်နှင့်ပြည့်စုံသောကြောင့် ထို ၆ပါးသော အဘိဌာနတို့ကို မုချဆတ်ဆတ် မပြုတော့ပေ၊ ပုထုဇ္ဇနရှာသား ခလေးနှင့် အရိယာရှာသား ခလေး ငါးဖမ်းရာဝယ်–

(က) ပုထုဇ္ဇန ရှာသား ခလေးတို့သည် ငါးရှင်ကို ဖမ်းလည်းဖမ်း သတ်လည်း သတ်ကြကုန်၏။

( ခ ) အရိယာ ရှာသား ခလေးတို့သည် ငါသေကိုသာ ဖမ်းကြကုန်၏၊ ငါးရှင်ကို ဖမ်းမိသော်လည်း မသတ်ကြကုန်။ ပြန်၍လွှတ်လိုက်ကြကုန်၏။

## ဆ–ဆအဘိဌာန ၂–မျိုးရှင်းလင်းချက်

ထို သောတာပန္န အရိယပုဂ္ဂလသည် ဘဝတပါး၌ မိမိအရိယ၏အဖြစ်ကို မသိပင် မသိပါငြားသော်လည်း ဓမ္မတာအားဖြင့်သာလျှင် ပဉ္စာနန္တရိယကံ ၅–ပါး အညသတ္ထာရဟုဆိုအပ်သော ၆–ပါးသော အဘိဌာနတို့ကိုလည်းကောင်း၊ ဘုရားမှတပါး တိတ္ထိဆရာကို ရည်ညွှန်းခြင်း အညသတ္ထာရနှင့် တကွ ပကတိ ပါဏာတိပါတစသည့် ၅–မျိုးသော ရန်ဟုဆိုအပ်သော ၆–ပါးသော ဆအဘိဌာနတို့ကိုလည်းကောင်း

မုချဆတ်ဆတ် မပြုလုပ်ပေ၊ ဤသည်ကား (ဆစ္စာဘိဋ္ဌာနာနိ နှင့် ဆဆာဘိဋ္ဌာနာနိ)ဝါဒ ၂-မျိုးတို့ ရှင်းလင်းချက်တည်း။

## (ဃ) သောတာပန်၏ ကိုယ်-နှုတ်-စိတ်ဖြင့် သတိမေ့လျော့၍ စဉ်းငယ်မကောင်းမှု ပြုမိသော်လည်း ဖုံးကွယ်မထား ထင်စွာပြုပုံ

ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ခုဒ္ဒကပါဌ၊ သုတ္တနိပါတ ရတနသုတ်ပါဠိ)။

အ ဘဗ္ဗ- ကား ဆန္ဒဂိုဏ်းအရ သင့်မြတ် သော်လည်း အဘဗ္ဗော သော တဿ ပဋိစ္ဆဒါယ-ဟု ဝါစာသိလိဋ္ဌ-မဖြစ်ပေ၊ ထို့ကြောင့် အချို့ဆရာတို့ အဘဗ္ဗော-သော-ဟု ပြင်၍ ရွတ်ဖတ်၏, သင့်မြတ်၏။

### အဓိပ္ပါယ် အကျဉ်း

သောတာပန္နအရိယသာဝကဖြစ်သော အကြင် ရဟန်းသည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း လောကဝဇ္ဇသိက္ခာပုဒ်၌ စေတနာဖြင့် မစေ့ဆော် မကြိုးကုတ် အားမထုတ်ဘဲ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်၌ မကောင်းမှုအပြစ်အနည်းငယ်ကို သတိမေ့လျော့သဖြင့်

အကယ်၍ ပြုမိခဲ့ပါပေ၏၊ ထိုသို့ပင် ပြုမိလင့်ကစား ထိုသောတာပန္န အရိယသာဝက ရဟန်းသည် သတိရသည်နှင့် တပြိုင်နက် ထိုအပြစ်ကို ဖုံးလွှမ်းမထားဘဲ မြတ်စွာဘုရားရှင်နှင့် သီတင်းသုံးဘော်များထံတွင် အပြစ်ကို ထင်စွာပြု၍ နောင်အခါ၌ မပြုလုပ်တော့ပါဟု ဝန်ခံ၍ အမြဲ စောင့်စည်း ထိန်းသိမ်းကြကုန်၏။

တဿတ္ထော– သော ဒဿနသမ္ပန္နော ကိဉ္စာပိ သတိသမ္မောသေန ပမာဒဝိဟာရံ အာဂမ္မ ယံ တံ ဘဂဝတာ လောကဝဇ္ဇံ သဉ္စိစ္စာတိက္ကမနံ သန္ဓာယ ဝုတ္တံ “ယံ မယာ သာဝကာနံ သိက္ခာပဒံ ပညတ္တံ၊ တံ မမ သာဝကာ ဇီဝိတဟေတုပိ နာတိက္ကမန္တိ”တိ၊ တံ ဌပေတွာ အညံ ကုဋိကာရသဟသေယျာဒိံ ပဏ္ဏတ္တိဝဇ္ဇံ ဝီတိက္ကမသင်္ခါတံ ဗုဒ္ဓပ္ပဋိကုဋ္ဌံ ကာယေန ပါပကမ္မံ ကရောတိ၊ ပဒသောဓမ္မဥတ္တရိဆပ္ပဉ္စဝါစာဓမ္မဒေသနသမ္ဖပ္ပလာပဖရုသဝစနာဒိံ ဝါ ဝါစာယ ဥဒစေတသာဝါ ကတ္ထစိ လောဘာဒေါသုပ္ပါဒနံ ဇာတရူပါဒိသာဒိယနံ စီဝရာဒိပရိဘောဂေသု အပစ္စဝေက္ခဏာဒိံ ဝါ ပါပကမ္မံ ကရောတိ၊ အဘဗ္ဗော သော တဿ ပဋိစ္ဆာဒါယ န သော တံ “ဣဒံ အကပ္ပိယံ မကာရဏီယ”န္တိ ဇာနိတွာ မုဟုတ္တမ္ပိ ပဋိစ္ဆာဒေတိ၊ တံ ခဏံ ဧဝ ပန သတ္ထရိ ဝါ ဝိညူသု ဝါ သဗြဟ္မစာရီသု အာဝိကတွာ ယထာဓမ္မံ ပဋိကရောတိ၊ “န ပုန ကရိဿာမိ”တိ ဧဝံ သံဝရိတဗ္ဗံ ဝါ သံဝရတိ။ ကသ္မာ၊

ယသ္မာ အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ ဝေရူပမ္ပိ ပါပကမ္မံ ကတ္ဝာ တဿ ပဋိစ္ဆာဒါယ ဒိဋ္ဌနိဗ္ဗာနပဒဿ ဒဿနသမ္ပန္နဿ ပုဂ္ဂလဿ အဘဗ္ဗတာ ဝုတ္တာတိ အတ္ထော။

(ခုဒ္ဒကပါဌအဋ္ဌကထာ ၁၅၉၊ သုတ္တနိပါတ ဋ္ဌ ၂၈၀)။

အဋ္ဌကထာအဓိပ္ပါယ် အကျယ်-ကာယ ဒွါရအာပတ်

စေတနာနှင့် တကွ စေ့ဆော် ကြိုးကုတ် အားထုတ်၍ လွန်ကျူးသော လောကဝဇ္ဇ ပညတ်တော်ကို ရည်ရွယ်၍ ယံ မယာ သာဝကာနံ သိက္ခာပဒံ ပညတ္တံ၊ တံ မမ သာဝကာ ဇီဝိတဟေတုပိ နာတိက္ကမန္တိ- ဟူသော အကြောင်စကားရပ်ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ ထို လောကဝဇ္ဇ ပညတ်တော်စကားရပ်ကို ချင်းချန်လှုပ်ထား၍ ထိုသောတာပန္န ရဟန်းတော်မြတ်သည် သတိမေ့လျော့ ပျောက်ပျက်သဖြင့် မေ့မေ့ လျော့လျော့ နေခြင်းကိုစွဲမှီ၍ လောကဝဇ္ဇမှ တပါး သော ပိုး ရွ ခြ စသည်ရှိသော မြေနေရာ၌ သံဃာအား မပန်ကြားဘဲ မြေနေရာ ရှင်းခြင်း ကျောင်းဆောက်ခြင်းဟု ဆိုအပ်သော ကုဋိကာရသိက္ခာပုဒ် လူမိန်းမ တိရစ္ဆာန်မိန်းမ တို့နှင့် ညဥ့်အတူ တကျောင်း တမိုး တရံတည်း အိပ်ခြင်း ကြောင့် သင့်သော သဟသေယျသိက္ခာပုဒ် စသော ပဏ္ဏတ္တိ ဝဇ္ဇကို ကျူးလွန်ခြင်းဟု ဆိုအပ်သော ဘုရားသည် စက်ဆုပ် ရွံမုန်းအပ်သည့် မကောင်းမှုကို ကာယဒွါရဖြင့် အကယ်၍ လွန်ကျူးမိခဲ့ပေ၏။

## ဝစီဒွါရ အာပတ်

ရှင်သာမဏေတို့နှင့် သံပြိုင် ရွတ်ဆိုသော ပဒသောဓမ္မ သိက္ခာပုဒ်, မာတုဂါမအား ငါးပုဒ်, ခြောက်ပုဒ်ထက် အလွန် တရားဟောသော ဥတ္တရိဆပ္ပဋ္ဌဝါစာသိက္ခာပုဒ်, ပြိန်ဖျင်းသော စကား ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းဟုဆိုအပ်သော ဩမသဝါဒ သိက္ခာပုဒ် စသော မကောင်းမှုကို ဝစီဒွါရဖြင့် ကျူးလွန်မိပါပေ၏။

## မနောဒွါရ အာပတ်

တစုံတခုသော ဝတ္ထု၌ လောဘဖြစ်ခြင်း ဒေါသဖြစ်ခြင်း ရွှေ ငွေ စသည်ကို သာယာခြင်း ပစ္စည်းလေးပါး အသုံး အဆောင် တို့၌ မဆင်ခြင်ဘဲ သုံးဆောင်ခြင်း စသော မကောင်းမှုကိုလည်း မနောဒွါရဖြင့် ကျူးလွန် ပြစ်မှားမိခဲ့ ပါပေ၏၊ ထိုသို့ သတိမေ့၍ လွန်ကျူးပြစ်မှားမိခဲ့သော်လည်း ထို သောတာပန် ရဟန်းသည် ထို ကာယဒွါရ ဝစီဒွါရ မနောဒွါရ အပြစ်ကို ဖုံးလွှမ်းခြင်းငှာ မထိုက်မအပ်သည်ကို ငါပြုမိ၏ဟု သိသည်နှင့်တပြိုင်နက် မြတ်စွာဘုရားနှင့် ပညာရှိ သီတင်းသုံးဘော်တို့ထံ၌ အာပတ် အားလျော်စွာ ထင်စွာ ပြု၏၊ နောင်တဖန် မပြုတော့ပါဟု ဝန်ခံစောင့်စည်း၏။

အရိယာတို့မည်သည် မကောင်းမှုကို ဖုံးကွယ်ထားလေ့ မရှိပေ၊ ဤသုတ်တော်ကား သံဃာဂုဏ်တော်နှင့် စပ်လျဉ်း၍ သောတာပန္နအရိယ ရဟန်းများအတွက်ကိုသာ ဟောတော် မူ၏။

သောတာပန္န အရိယ ရဟန်းများကိုသာ ရည်ညွှန်း၍ ဟောသော်လည်း သောတာပန္နလူအရိယာများကိုပါ အဝုတ္တ သိဒ္ဓိနည်းဖြင့် လောကဝဇ္ဇကို စေတနာဖြင့် မကျူးလွန်ဘဲ ပဏ္ဏတ္တိဝဇ္ဇကိုသာ မေ့လျော့၍ ကျူးလွန်ကောင်း ကျူးလွန်မိ တတ်ကြသည်ကို အသိဉာဏ်အမြင်မှန်ဖြင့် ဆင်ခြင် သုံးသတ် ယူရာ၏။

## လူအရိယ-ယူဆပုံကား

## ကာယ ဒွါရ

လူ အရိယ သောတာပန္န များမှာ သတိမေ့လျော့၍သော် လည်းကောင်း၊ သို့မဟုတ် အလင်းရောင်မရှိ မှောင်အတိဖြစ်၍ သော်လည်းကောင်း၊ ပိုးရွ ခြင်န်း ပုရွက်ဆိပ် စသည်တို့ကို သေစေလိုသော စိတ်မရှိပါဘဲလျက် ခြေဖြင့် နင်းမိ လက်ဖြင့် ပုတ်ခတ်မိ၍ သေသွားရာ၏၊ နာကျင်ရာ၏၊ သို့မဟုတ် အိမ် စသည် ဆောက်လုပ်ရာဝယ် မြေတွင်း တူးခြင်း သစ်ပင်ခုတ် ခြင်း မီးရှို့ခြင်း စသည်တို့၌ ပိုးကောင် တီကောင် ပုရွက်ဆိပ် ခြပုန်းများ သေသွားခြင်း နာကျင်သွားခြင်းသို့ရောက်တတ်၏၊ ဤကား ကာယဒွါရ။

## ဝစီ ဒွါရ

လူအ လူပေါ် သူယုတ်မာ စသည်ဖြင့် စိတ်မပါဘဲ ဖရုသ ဝါစာဖြင့် ခေါ်ဝေါ် ပြောဆိုတတ်ကြ၏၊ ဤကား ဝစီဒွါရ။

## မနောဒွါရ

မိမိပိုင်ဆိုင်သော ရွှေ-ငွေစသည့်တို့၌ လောဘအနည်းငယ် ရှိခြင်း၊ မိမိပိုင် ရွှေ-ငွေ စသည့်တို့ကို သူတပါးတို့က ခိုးယူ

သွားလျှင် မေတ္တာ–ကရုဏာ–မပွားများမိ သတိမေ့လျော့၍ အနည်းငယ် ဒေါသဖြစ်မိခြင်း၊ပစ္စည်းစသည်တို့ကို သုံးဆောင်ရာ၌ တရားအားလျော်စွာ မဆင်ခြင်မိ၍ သတိ မေ့လျော့၍ သုံးဆောင်မိသဖြင့် အနည်းငယ် မောဟဖြစ်တတ်၏၊ ယင်းသို့ အပြစ်အနည်းငယ်သော်မှ ဖုံးကွယ်မထား ချက်ချင်း ဆင်ခြင်၍ နောင်အခါ၌ စောင့်စည်းကြမည်မှာ မုချပေတည်း။

## အခဏ်း (၁၀)

### စာရေးဆရာများနှင့် ဓမ္မကထိကများ သတိပြုရန်

### (က) မိစ္ဆာဒိဋ္ဌိကသုတ် ဒေသနာ

၁။ မိစ္ဆာ မနံ ပဏိဓာယ၊ မိစ္ဆာ ဝါစဉ္စ ဘာသိယ။
မိစ္ဆာကမ္မာနိ ကတွာန၊ ကာယေန ဣဓ ပုဂ္ဂလော။

၂။ အပ္ပဿုတော ပုညကရော၊ အပ္ပသ္မိံ ဣဓ ဇီဝိတေ။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

(ဣတိဝုတ္တကပါဠိ မိစ္ဆာဒိဋ္ဌိကသုတ္တ ၂၃၆)။

အလွန် တိုတောင်းသောအသက်ရာတမ်းမျှသာ ဖြစ်သော ဤလူ့လောက၌ အကြင် ပုဂ္ဂိုလ်သည် ပရိယတ္တိ ပဋိပတ္တိ ဗဟုဿုတ အကြားအမြင် အဆင်ခြင် အလွန် နည်း၍ ကြမ်းကြုတ်သမှု မကောင်းမှုကိုသာ ပြုလုပ်တတ်၏။ ပရိယတ္တိ ပဋိပတ္တိ အကြားအမြင် အဆင်ခြင် အလွန်နည်း၍ မကောင်းမှုကို ပြုလုပ်တတ်သော ထို ပုဂ္ဂိုလ်သည် မိစ္ဆာဉာဏ် ဘီလူး ပူးဝင်နေသည်ဖြစ်၍–

(က) မနောဒွါရ-အဘိဇ္ဈာ အစရှိသည်တို့၏ အစွမ်းအားဖြင့် မှားမှားယွင်းယွင်း ကြံစည်စိတ်ကူး၍ (ဝါ) မိစ္ဆာဒိဋ္ဌိ၏အစွမ်းအားဖြင့် ဖောက်ဖောက်ပြန်ပြန် ဟောပြောရေးသား ကြံစည်စိတ်ကူး၍-

(ခ) ဝစီဒွါရ-မုသာဝါဒ အစရှိသည်တို့၏ အစွမ်းအားဖြင့် မှောက်မှား ဖောက်ပြား သောစကားကို ပြောဟောလျက်၊

(ဂ) ကာယဒွါရ- ကိုယ်အမူအရာဖြင့် ပါဏာတိပါတစသော မကောင်းမှုတို့ကို ပြုလုပ်ကောင်း ပြုလုပ်နိုင်၏- စသည် ရေးသား ပြောဟောသောကြောင့် သေသည်၏ အခြားမဲ့၌ ငရဲသို့ မုချဆတ်ဆတ် ကျရောက်တတ်၏။

မှတ်ချက်။ ။ထိုဂါထာများ၏လိုရင်းအဓိပ္ပါယ်ကား သူတော်ကောင်း စသည်တို့အပေါ်၌ မိစ္ဆာဉာဏ်သက်ဝင်၍ ကိုယ်-နှုတ်-စိတ်တို့ဖြင့် ပြစ်မှားကျူးလွန်ကာ-

၁။ ဖောက်ဖောက်ပြားပြား မှားမှားယွင်းယွင်း ယူဆ၍ ရေးသားခြင်းနှင့် လက်နက်စသည်တို့ဖြင့် သတ်ဖြတ်ညှဉ်းဆဲ ပြုလုပ်ခြင်း၊

၂။ ဖောက်ဖောက် ပြားပြား မှားမှား ယွင်းယွင်း ကြမ်းကြမ်း ထမ်းထမ်း နှုတ်ဖြင့် ပြောဆိုခြင်း ဟောကြားခြင်း၊

၃။ ဖောက်ဖောက်ပြားပြား မှားမှားယွင်းယွင်း စိတ်ဖြင့် ပြစ်မှား ကျူးလွန်ခြင်း၊ ဤ မကောင်းမှုတို့ကြောင့် ထို သူယုတ်မာသည် မုချဆတ်ဆတ် သေသည်၏ အခြားမဲ့၌ ငရဲသို့သာ လားရောက်ရ၏။

## (ခ) သမ္မာဒိဋ္ဌိကသုတ် ဒေသနာ

၁။ သမ္မာမနံ ပဏိဓာယ၊ သမ္မာဝါစဉ္စဘာသိယ။
သမ္မာကမ္မာနိ ကတွာန၊ ကာယေန ဣဓ ပုဂ္ဂလော။

၂။ ဗဟုဿုတော ပုညကရော၊အပ္ပသ္မိံ ဣဓ ဇီဝိတေ။
ကာယဿ ဘေဒါ သပ္ပညော၊ သဂ္ဂံ သော ဥပပဇ္ဇတိ။
(ဣတိဝုတ္တကပါဠိ သမ္မာဒိဋ္ဌိကသုတ် ၂၃၇)။

မြန်မာပြန်။ ။ဤ လူလောကတွင် အလွန် တိုတောင်းသော အသက်ရာတမ်း၌ အကြင် ပုဂ္ဂိုလ်သည် မိမိသူတပါးတို့၏ အစီးအပွားကို ဆောင်တတ်သော ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဗဟုသုတ အကြားအမြင်နှင့် ပြည့်စုံ၍ ကုသိုလ်ကောင်း မှု ကို ပြုလုပ်တတ်၏။ ကောင်းမြတ် မှန်ကန်သော သမ္မာဒိဋ္ဌိဉာဏ် သက်ဝင်လျက် သိမ်မွေ့နူးညံ့ ပြေပြစ်သော ကိုယ်နှုတ်တို့ဖြင့် ဟောပြော ရေးသားတတ်သော ထို ပညာရှိ ပုဂ္ဂိုလ်သည် (၁) အနဘိဇ္ဈာ- အစရှိသည်တို့၏ အစွမ်းအားဖြင့် စိတ်ကို အမြင်မှန်အယူမှန် ဆောက်တည်စေ၍ (၂) သမ္မာဝါစာ၏ အစွမ်းအားဖြင့် မှန်ကန်သော စကားကိုသာ ဟောပြောလျက် (၃) ကာယဒွါရ ကိုယ်အမူအရာဖြင့် ကောင်းမြတ်သော ဝေယျာဝစ္စ အမှုတို့ကိုသာ ပြုလုပ်

အားထုတ်သောကြောင့် ဥပါဒိန္နက ခန္ဓာကိုယ်၏ ပျက်စီးသည်၏အခြားမဲ့၌ (ဝါ) သေသည်၏အခြားမဲ့၌ နတ်ပြည်သို့ကပ်ရောက်ရ၏။

မှတ်ချက်။ ။ဤ နှစ်ဂါထာဖြင့် သမ္မာဒိဋ္ဌိ အမြင်မှန်ရ၍ သုတ် ဝိနည်း အဘိဓမ္မာ ဒေသနာတော်နှင့် ညီညွတ်သော အမှုပြုလုပ်ခြင်း ရေးသားခြင်း ပြောဆိုဟောကြားခြင်း စိတ်ကြံစည်ခြင်း ကမ္မဋ္ဌာန်း နှလုံးသွင်းခြင်းတို့ကြောင့် ထိုသူသည် သုဂတိသို့လားရောက်ကြောင်း ကောင်းမြတ်သော အလုပ် လုပ်သောသူ မည်၏။

# နိဂုံး

---

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ရန်ကုန် နေပြည်တော် ဗဟန်းမြို့နယ် အမှတ် (၈) နယ်မြေ ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၌ ယာပိုထိ လေးလီ အညီရှင်ပြုံး သီတင်းသုံးနေထိုင်တော်မူလျက် ငါးရာ အကျော် သံဃာတော်များအား အုပ်ချုပ်ပြီးခါ သာသနာ သုံးရပ်တွင် ပရိယတ္တိ ပဋိပတ္တိဟု ဆိုအပ်သော သာသနာ နှစ်ရပ် မပြတ် စည်ပင် ပြန့်ပွား ထွန်းကားစေလျက် သာသနာ ငါးထောင် မြင့်ရှည်ကြာအောင် နေ့ညဥ့်မပြတ် အားထုတ် လျက် နေသော "အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ မဟာ နာယက မဟာထေရ်သည် ၁၃၂၈–ခု၊ ကဆုန်လပြည့်ကျော် (၄)ရက်၊ ၁၉၆၆–ခု မေလ ၈–ရက် တနင်္ဂနွေနေ့ကစ၍ ရေးသားပြုပြင် စီရင်အပ်သော ဤ"သောတာပန္နသီလပ္ပကာ သနီ"ကျမ်းသည် ၁၃၂၈–ခု၊ နယုန်လဆန်း (၁၀) ရက်၊ ၁၉၆၆–ခု၊ မေလ ၂၉–ရက်တွင် ပြီးဆုံး အောင်မြင်ခြင်းသို့ ရောက်ပါသည်။ နောက်ဆက်တွဲအနေဖြင့် ဂိလာနစသည်များ အတွက် ဂိလာန ပရိတ္တဘာဏနာဒိနယဒီပနီကျမ်းငယ်ကိုလည်း ရေးသားခဲ့သေးသည်။

ဤသို့ ပြုစု ရေးသားမှုကြောင့် သတ္တဝါဟူသမျှတို့သည် သူတော်ကောင်းတို့၏ ဥစ္စာရတနာဖြစ်သော သူတော်ကောင်း

တရား (၇)ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ကာယသုခ စိတ္တသုခ ပြည့်ဝခြင်း ရှိကြပါစေကုန်သတည်း။

ရှာချိန်တန်ခါမိုးဃ်းဒေဝါလည်း သာယာစေမှုအကြောင်း ပြု၍ ရွာသွန်းပါစေသတည်း။

သာသနာ့တော်သုံးရပ်သည် နေဝန်း လဝန်း မြရောင်ရွှန်း သို့ အမြဲထွန်းလင်းပါစေသတည်း။

တိုင်းပြည်အုပ်ချုပ် စီမံ ပြုလုပ်ကြသော အစိုးရ မင်းတို့ သည် တိုင်းသူပြည်သား ရှင်လူများ အပေါ်၌ ရင်ဝယ်သား ကဲ့သို့ သနားညှာတာကာ မင်းကျင့်တရား(၁၀)ပါး သင်္ဂဟ တရား (၄)ပါး ဗြဟ္မဝိဟာရတရား (၄) ပါး ဂတိ အဂတိ တရား (၄)ပါး ဤတရားတို့ဖြင့် အမြဲတမ်း စောင့်ရှောက် ချီးမြှောက်နိုင်ကြပါစေကုန်သတည်း။

နိဋ္ဌိတံ။

# နောက်ဆက်တွဲ

# ဂိလာနပရိတ္တဘာဏနာဝိ နယဒီပနီ

## လူမမာများအတွက် ပရိတ်ရွတ်သစ္စာပြု ကမ္မဝါစသည် ဘတ်နည်းကျမ်း

### စက္ကဝါဠပေါင်း ကုဋေတသိန်း အာဏာစူးရှသော ပရိတ်ရွတ်ခြင်းစသည်စည်းမျဉ်း

---

### (၁) ပရိတ်ရွတ်သောပုဂ္ဂိုလ် အင်္ဂါ ၃-ပါး

၁။ ပါဠိကိုကြိမ်ဖန်များစွာ သိထိလ ဓနိတ ဒီဃ ရဿ ဂရု လဟု သမ္ဗန္ဓ ပဒစ္ဆေဒ နိဂ္ဂဟီတ ဝိမုတ္တ ဗျဉ္ဇနဗုဒ္ဓိ ဆယ်တန်ညီ့ ဆ ဌာနနှင့် ကရဏ ပယတန လေးဝသင်္ချာ စုံလင်စွာတို့ဖြင့် လေ့လာ၍ တလုံးသော အက္ခရာ ဗျည်းကိုမျှ မချွတ်ယွင်းစေဘဲ အစ အလယ် အဆုံး ပုဒ် ဝါကျ အက္ခရာ ဗျည်းတို့၌ ဌာန ကရဏ ပယတ် အသံမှန်မှန်ထား၍ရွတ်ရမည်။

၂။ ပါဠိ အနက်ကို ကြိမ်ဖန်များစွာ လေ့လာ၍ အနက်အဓိပ္ပါယ် ထင်အောင်ရွတ်ရမည်။

၃။ လာဘ်ကို မလိုလား မငဲ့ကွက်ဘဲ သတ္တဝါတို့အပေါ် ရောဂါဘေးဒဏ် ကင်းရှင်းခြင်းငှာ မေတ္တာ ကရုဏာ ရှေ့ထားလျက် ရွတ်ရမည်။

**အကျိုးပြပုံ။** ။ပရိတ်ရွတ်ခြင်းသည် သတ္တဝါတို့ အပေါ် စုံး တစ္ဆေ မြေဘုတ်ဘီလူး သားရဲတို့နှင့် ဓာတ် သဘောတို့မှ ဖြစ်ပေါ်လာသော ရောဂါ ဘေး ဒဏ် ရန်မာရ် အန္တရာယ် အသွယ်သွယ် စသည်တို့ ကို တားမြစ်စေကြောင်းပင်တည်း။ ။ထိုကြောင့်

၁။ ရှေးဦးစွာ ပညာဖြင့် ဆင်ခြင်၍၊

၂။ သတ္တဝါတွေ အပေါ် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ပါစေ၊ မေတ္တာဖြန့်လျက်၊

၃။ က-ဂိလာန ဖြစ်က ဂိလာန အပေါ်၌ ဖြစ်ပေါ်နေ သော ရောဂါမှ လွတ်မြောက်ပါစေ၊ ကရုဏာပွား၍ ခ-အကုသိုလ် နှိပ်စက်၍ ဥစ္စာပျောက် တရားရှုံး ရန်ပွားနေလျှင် ယင်း အကုသိုလ်ကို ပယ်ဖျောက်၍- ကုသလ တိုးပွားအောင် ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ မေတ္တာ ကရုဏာ မုဒိတာ ကမ္မဋ္ဌာန်းတို့ကို ပွားများရန် တိုက်တွန်းရမည်။

**ရွတ်သူ၏အင်္ဂါ၊ လက်ာသံပေါက်နှင့် သာစကပါဋ္ဌ်များ**

၁။ အက္ခရာမှန်၊ အတ္ထညာဏ်၊ လာဘံ လိုမရှိ။

၂။ လာဘမဖက်၊ ပုဒ်ဝါကျမှန်၊ နက်မြင်သန်၊ ရွတ်ရန် အင်္ဂါသိ။

၃။ ပုဒ်ဗျည်းအတွေ၊ ဉာဏ်ဖြင့်စေစား၊ မေတ္တာပွား၊ သနားကရု၊ ရွှေသွားပြု။

၄။ ပုဒ်နက်မှန်စွာ၊ ညဏ်ယှဉ်ပါ၊ မေတ္တာကရုဏ်ရွှေသွားပြု။
၅။ ဤသို့ စိတ်ထား၊ ရွတ်ပွားများ၊ ထက်ဖျား အာဏာစူး။

**သာဓက**။ ။အယံ အာဋာနာဋိယ ရက္ခာ သုဂ္ဂဟိတာ ဘဝိဿတိ၊ သမတ္တာ ပရိယာပုတာ။

(ပါထိကဝဂ္ဂပါဠိ အာဋာနာဋိယသုတ် ၁၆၄)။

၂။ တတ္ထ သုဂ္ဂဟိတာတိ အတ္ထဉ္စ ဗျဉ္ဇနဉ္စ ပရိသောဓေတွာ သုဋ္ဌုဥဂ္ဂဟိတာ၊ သမတ္တာ ပရိယာပုတာတိ ပဒဗျဉ္ဇနာနိ အဟာပေတွာ ပရိပုဏ္ဏံဥဂ္ဂဟိတာ၊ အတ္ထမ္ပိပါဠိမ္ပိ ဝိသံဝါဒေတွာ သဇ္ဈာယ ဝါ ပန အပ္ပဂုဏံ ကတွာ ဘဏန္တဿ ဟိ ပရိတ္တံ တေဇဝန္တံ န ဟောတိ၊ သဇ္ဈာယ ပဂုဏံ ကတွာ ဘဏန္တဿေဝ တေဇဝန္တံ ဟောတိ၊ လာဘဟေတု ဥဂ္ဂဟေတွာ ဘဏန္တဿာပိ အတ္ထံ နသာဓေတိ၊ နိဿရဏပက္ခေ ဌတွာ မေတ္တံ ပုရေစာရိကံ ကတွာ ဘဏန္တဿေဝ အတ္ထာယ ဟောတီတိ ဒဿေတိ။

(ပါထိကဝဂ္ဂ အဋ္ဌကထာ အာဋာနာဋိယသုတ္တ ၁၄၉-၁၅၀)။

ပရိသောဓေတွာတိ ကေနစိရဿာပိ အဝိရာဓနေ ဝသေန အာစရိယသန္တိကေ သဇ္ဈံ သောဓေတွာ သုဋ္ဌုဥဂ္ဂဟိတာတိ ပရိမဏ္ဍလပဒဗျဉ္ဇနာယ ပေါရိယာ ဝါစာယ ဝိဿဋ္ဌာယ အနေလ ဂဠာယ အတ္ထဿ ဝိညာပနိယာ သမ္မဒေဝ ဥဂ္ဂဟိတာ၊ တထာ ဟိ (အတ္ထဉ္စ ဗျဉ္ဇနဉ္စ ပရိသောဓေတွာတိ) ဝုတ္တံ။ အတ္ထံ

ဇာနတော ဝေ ဟိ ဗျဉ္ဇနံ ပရိသုဇ္ဈတိ၊ နော အဇာနတော၊ ပဒဗျဉ္ဇနာနီတိ ပဒဉ္စေဝ ဗျဉ္ဇနဉ္စ အဟာပေတွာ၊ ဝေဍ္ဎိ ပရိပုဏ္ဏာနာမ ဟောတီတိ၊ ဝိသံဝါဒေတွာတိ အညထာ ကတွာ၊ တေဇဝန္တံ နဟောတီတိ ဝိရဇ္ဈန တောစေဝ ဝိမုယတ္ထ ဘာဝတောစ၊ သဗ္ဗသောတိ အနဝသေသတော အာဒိမဇ္ဈ ပရိယောသာနတော၊ တေဇဝန္တံ ဟောတီတိ သဘာဝ နိရုတ္တိံ အဝိရာဓေတွာ သုပ္ပဝတ္တိဘာဝေန သာခနတော၊ ဇဝံ ပယောဂ ဝိပတ္တိံ ပဟာယ ပယောဂသမ္ပတ္တိယာ သတိ ပရိတ္တဿ အတ္ထသာခကတံ ဒဿေတွာ ဣဒါနိ အဇ္ဈာသယဝိပတ္တိံ ပဟာယ အဇ္ဈာသယ သမ္ပတ္တိယာ အတ္ထသာခကတံ ဒဿေတုံ(လာဘဟေတူတိ)အာဒိ ဝုတ္တံ၊ ဣဒံ ပရိတ္တ ဘဏန္တံ သတ္တာနံ အနတ္ထပဋိဗာဟန ဟေတူတိ တဿ ဉာဏ ကရုဏာ ပုဗ္ဗကတာ နိဿရဏပက္ခော၊ မေတ္တံ ပုရေစာရိကံ ကတွာတိ မေတ္တာ မနသိကာရေန သတ္တေသု ဟိတဖရဏံ ပုရက္ခတွာ။

(ပါထိကဝဂ္ဂဋီကာ အာဋာနာဋိယသုတ္တ ၁၅၉)

**သင်္ဂဟရစနာ ဂါထာ**

မေတ္တာစိတ္တ ပုရေက္ခာရော၊ ဗျဉ္ဇနတ္ထ ဝိသောဓကော။
ပရိတ္တပါဠိ ပါဂုဏော၊ ပရိတ္တံတျင်္ဂိကော ဘဏေ။

ဂန္ထဂရုဖြစ်မည့်စိုး၍ အနက်မရေးပေ၊ လိုလျှင်ပညာရှိထံ ဆည်းကပ်၊ သို့မဟုတ် သက်ဆိုင်ရာ နိသျ ရှာကြည့်လေ။

ပရိတ်ရွတ်သော ပုဂ္ဂိုလ်တို့၏ အင်္ဂါကားပြီးပြီ။

## ၃–ပရိတ်တရားနာသူအင်္ဂါ ၂–ပါးစီဖြစ်ပုံ

(က) ၁။ ဝမ်းမြောက် ဝမ်းသာနာယူရခြင်း၊
၂။ ရိုရိုသေသေ ကျိုးကျိုးနွံနွံ နာယူရခြင်း၊

### လင်္ကာသံပေါက်

နှစ်သက် ရွှင်လန်း၊ ပီတိလွှမ်းလျက်၊ ကျိုးနွံနာယူ၊ ဤနှစ်ဆူ၊ နာသူအင်္ဂါသာ။

သုမနာ ဘဝန္တုတိ သုခိတမနာ ပီတိသောမနဿဇာတာ ဘဝန္တု၊ အထောပိတိ ကိစ္စန္တရသန္နိယောဇနတ္ထံ ဝါကျော ပါဒါနေ နိပါတဒွယံ၊ သက္ကစ္စ သုဏန္တု ဘာသိတန္တိ အဋ္ဌိံ ကတွာ မနသိကတွာ သဗ္ဗံ စေတသာ သမန္နာဟရိတွာ ဒိဗ္ဗသမ္ပတ္တိ လောကုတ္တရ သုခါဝဟံ မမ ဒေသနံ သုဏန္တု။

(ခုဒ္ဒကပါဌ အဋ္ဌကထာ ရတနသုတ္တ ယာနီဓာတိ ဂါထာ ဝဏ္ဏနာ ၁၄၀)

### တနည်း တရားနာသူ၏ အင်္ဂါ–၂ပါး

(က) ၁။ အာသယ သမ္ပတ္တိ–တည်ရာစိတ်ကောင်းနှင့် ပြည့်စုံခြင်း၊
၂။ ပယောဂသမ္ပတ္တိ– ကောင်းသော လုံ့လနှင့် ပြည့်စုံခြင်း၊

(ခ) ၁။ ယောနိသော မနသိကာရသမ္ပတ္တိ– အသင့်နှလုံးသွင်းခြင်းနှင့် ပြည့်စုံခြင်း၊

၂။ ပရတော ဃောသသမ္ဘုတ္တိ- တပါးသောသူတို့ ဟောအပ်သောတရားသံ နာခြင်းနှင့် ပြည့်စုံခြင်း၊

(ဂ) ၁။ အတ္တသမ္မာပဏိဓိသမ္ဘုတ္တိ- မိမိစိတ် ကောင်းစွာ ထားခြင်းနှင့် ပြည့်စုံခြင်း၊

၂။ သပ္ပုရိ သူပနိဿယသမ္ဘုတ္တိ- သူတော်ကောင်းကို မှီခိုခြင်းနှင့် ပြည့်စုံခြင်း၊

(ဃ) ၁။ သမာဓိဟေတုသမ္ဘုတ္တိ-တည်ကြည်ခြင်းအကြောင်း နှင့်ပြည့်စုံခြင်း၊ (တနည်း) သမာဓိ ပြည့်စုံခြင်း၏ အကြောင်း၊

၂။ ပညာဟေတုသမ္ဘုတ္တိ- ပညာအကြောင်းနှင့် ပြည့်စုံခြင်း၊(တနည်း) ပညာပြည့်စုံခြင်း၏ အကြောင်း၊

## တနည်းသံပေါက်လင်္ကာ ၄-ပုဒ်

၁။ အာသယနှင့်၊ ပယောဂ၊ ပြည့်ဝသမ္ဘုတ္တိ။

၂။ မနသိကာရ၊ ပယောဂ၊ ပြည့်ဝသမ္ဘုတ္တိ။

၃။ အတ္တသမ္မာ၊ ပုရိသာ၊ ပြည့်လာသမ္ဘုတ္တိ။

၄။ သမာဓိပညာ၊ ပြည့်စုံစွာ၊ နှစ်ဖြာအကြောင်းညီ။

## သာ ဓ က

သုမနာ ဘင်န္တေ့ုတိ ဣမိနာ ဝစနေန အာသယ သမ္ဘုတ္တိယံ နိယောဇေန္တော၊ သက္ကစ္စ သုဏန္တု ဘာသိတန္တိ ပယောဂသမ္ဘုတ္တိယံ၊ တထာ ယောနိသော မနသိကာရသမ္ဘုတ္တိယံ ပရတောဃောသသမ္ဘုတ္တိယဥ္စ၊ တထာ အတ္တသမ္မာပဏိဓိသပ္ပုရိသူပနိဿယသမ္ဘုတ္တိသု

သမာဓိပညာဟေတု သမ္ပတ္တိသုစ နိယောဇေန္တော ဂါထံသမာပေသိ။

(ခုဒ္ဒကပါဌ အဋ္ဌကထာ ရတန သုတ္တ ၁၄၀)။

ခု-တနည်း ပရိတ်တရားနာသူ အင်္ဂါ ၃-ပါး

၁။ ဝမ်းမြောက်စွာနာယူခြင်း။

၂။ ရိုရိုသေသေနာယူခြင်း။

၃။ သမ္မာဒိဋ္ဌိ ကောင်းသောအယူရှိခြင်း။

သံပေါက်။ ။နှစ်သက်ရွှင်ပြ၊ ကျိုးနွံခယ၊ ဖြောင့်စွာအယူ၊ ဤသုံးဆူ၊ နာသူအင်္ဂါသာ။

တနည်း ပရိတ်တရားနာသူ အင်္ဂါ ၃-ပါး

၁။ ပဥ္စာနန္တရိယ ကံကြီးငါးပါးနှင့် အရိယာ သီလဝန္တ ကျေးဇူးရှင်တို့ကို ပြစ်မှား၍ သင့်တတ်သော ဒဏ် ၁၀-ပါးတို့မှ ကင်းလွတ်ခြင်း။ .

၂။ အကိရိယဒိဋ္ဌိ အဟေတုကဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ၊ နိယတ မိစ္ဆာဒိဋ္ဌိ သုံးမျိုးမရှိခြင်း။

၃။ ပရိတ်တရားတော်ကို ယုံယုံကြည်ကြည် နာယူခြင်း။

လင်္ကာ သံပေါက်

၁။ ပဥ္စာနန္တ၊ ဒဏ်ဆယ်ဝ၊ လွတ်ကြ တအင်္ဂါ။

၂။ နိယတဒိဋ္ဌိ၊ ကင်းစင်ဘိ၊ မှတ်သိ တအင်္ဂါ။

၃။ တရားတော်၌၊ စူးစိုက်နာယူ၊ စိတ်ကြည်ဖြူ၊ မှတ်ယူ တအင်္ဂါ။

မှတ်ချက်။ ။ကျမ်းကျယ်သွားမည်စိုး၍ သာဓကပါဠိများ အနက်မရေးခဲ့ပေ၊ အဓိပ္ပါယ်လိုရင်းသာ ရေးခဲ့ပေ သည်၊ အလိုရှိက ပညာရှိများထံ ချဉ်းကပ် မေး ပါလေ။

ပရိတ်တရားနာသူများ၏ အင်္ဂါကား ပြီး၏။

---

## မေတ္တာဦးဆောင်သည့် ဂိလာနစသည်များ ဆောက်တည် ရသော သီလခဏ်း ရတနာသုံးပါးတို့အား

### ကန်တော့ပုံ

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်း အပြစ် ကင်းလွတ် ငြိမ်း၍ စီးပွားချမ်းသာ မင်္ဂလာပြည့်စုံစေခြင်းအကျိုးငှါ ပဌမ ဒုတိယ တတိယ တကြိမ်-နှစ်ကြိမ်-သုံးကြိမ် မြောက်အောင် ဘုရား ရတနာ တရားရတနာ သံဃာရတနာ ရတနာသုံးပါး ဆရာ သမားတို့အား ကြည်လင်သော စိတ်ထားဖြင့် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

### ဆုတောင်းပုံ

ဤသို့ ရှိခိုးပါရ မြတ်ပုညကြောင့် အပါယ် လေးပါး ကပ်သုံးပါးနှင့် ရန်မျိုးငါးဝ ဗျသနငါးတန် ပြစ်ဘေးဒဏ် တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

မှတ်ချက်။ ။ကန်တော့ခဏ်းများ၌ ပြစ်မှားမိသော အပြစ်များ ပျောက်သွားရန်သာ ကန်တော့ခြင်း ဖြစ်နေသည်၊ စီးပွားချမ်းသာ မင်္ဂလာအကျိုးစီးပွား သက်သက်ပြည့်စုံခြင်းငှါ မပါပေ။

ထို့ကြောင့်– သဗ္ဗဒေါသ ခပ်သိမ်း အပြစ် ကင်းလွတ်ငြိမ်း၍ကား–ပြစ်မှားမိသောအပြစ် ပျောက်ရန်သာဖြစ်သည်၊ စီးပွားချမ်းသာမင်္ဂလာ ပြည့်စုံရန် မပါသေးပေ။ သို့ဖြစ်၍ ကင်းလွတ်ငြိမ်း၍ နောက်၌ စီးပွားချမ်းသာ မင်္ဂလာ ပြည့်စုံစေခြင်းငှါ ထည့်သွင်းပေးလိုက်သည်။ ဤကန်တော့ခဏ်းဖြင့် ပင် လိုအင်ဆန္ဒများ ပြည့်စုံနိုင်သည်။

မှတ်ချက်။ ။မိဘများပါ ကန်တော့လိုလျှင် ရတနာသုံးပါး ဆရာ–မိဘတို့အားဟု ပြင်ထည့်ပါ။

အချို့ ဆုတောင်းခဏ်း၌ ဤသို့ ကန်တော့ရသောအကျိုးကြောင့်–ဟု ပါရှိ၏၊ ကန်တော့ရသော အမှု အရာသည် အကြောင်းဟေတု ကုသလ ကမ္မ–စေတနာသာ ဖြစ်သည်။

အပါယ်လေးပါး စသည်တို့မှလွတ်၍ နိဗ္ဗာန် ရောက်ရ ပါလို၏–တို့ကား အကျိုးဖလ ဝိပါကများသာ ဖြစ်သည်။ ထို့ကြောင့် အကြောင်းအကျိုးကွဲသွားအောင်–

ဤသို့ ကန်တော့ရသောအကြောင်းကြောင့်၊ (သို့မဟုတ်) ဤသို့ ကန်တော့ရသော ကုသိုလ်ပုည စေတနာကံကြောင့် ဟု ဆို၍ လိုရာဆုကိုတောင်းရမည်။

## တနည်း အပြစ်ပျောက်ရန် ကန်တော့ပုံ

အစ္စယော မ် ဘန္တေ အစ္စာဂမာ ယထာဗာလံ ယထာမူဠှံ ယထာ အကုသလံ၊ ယော ဟံ ဘန္တေ အစ္စယံ အစ္စယတော ဒိသွာ ယထာ ဓမ္မံ ပဋိ ကရိဿာမိ။ တဿ မေ အယျော အစ္စယံ အစ္စယ တော ပဋိဂ္ဂဏှာတု၊ အာယတိံ သံဝရာယ။

## မေတ္တာဘာဝနာ ဦးဆောင်၍ ငါးပါးသီလ ဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
ဒုတိယမ္ပိ။
တတိယမ္ပိ။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ။
တတိယမ္ပိ။

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိ

ယာမိ။ သုရာ မေရယ မဇ္ဇ ပမာဒ ဋ္ဌာနာ ဝေရမဏိ
သိက္ခာပဒံသမာဒိယာမိ။
မေတ္တာသဟဂတေန စေတသာ ယထာသတ္တိ ယထာ
ဗလံ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရာမိ။

ဤသည်ကား ဂိလာနစသည်တို့၏ မေတ္တာဘာဝနာ
ဦးဆောင်သော ငါးပါးသီလ
ဆောက်တည်ပုံ ပြီး၏။

---

အမ္ဗာ။ ။အမ္ဗေ့ ပန တေတ္တိံ သမတ္တာ ဇနာ၊ ပါဏံ န
ဟနာမ။ အဒိန္နံ နာဒိယာမ။ မိစ္ဆာစာရံ န စရာမ။
မုသာဝါဒံ နဘဏာမ။ မဇ္ဇံ နပိဝါမ။ မေတ္တံ ဘာ
ဝေမ။ ဒါနံ ဒေမ။ မဂ္ဂံ သမံ ကရောမ။ ပေါက္ခရ
ဏိယော ခဏာမ။ သာလံ ကရောမ။ အယံ အမှာကံ
မန္တေ့ာစ ပရိတ္တဉ္စ ဝုဍ္ဎိစာတိ။

ဟူသော ခုဒ္ဒကနိကာယ ပဌမဇာတက အဋ္ဌကထာ။ ကုလာဝ
ကဝဂ္ဂ ကုလာဝက ဇာတကဝဏ္ဏနာ။ (နံပါတ် ၂၁၆)။ ဤ
ကုလာဝကဇာတ်တွင်–

ပါဏံ နဟနာမ(ပ)မဇ္ဇံ နပိဝါမ ဟု ငါးပါးသီလဆောက်
တည်ပုံကို ပြောကြား ပြီးသည့်နောက် မေတ္တံ ဘာဝေမ–ဟု
မေတ္တာပွားသဖြင့် ဘေးရန် အောင်နိုင်ပုံကို သံတော်ဦးတင်
သည်ကို ထောက်ထား၍ ငါးပါးသီလ ဆောက်တည်ပြီးသည့်
နောက် မေတ္တာသဟဂတေန စေတသာ(ပ)ဖရိတွာ ဝိဟရာမိ
ဟု လျှော်ညီစွာ ထည့်သွင်း ပေးလိုက်သည်။

မေထုန်-အမှုကို မပြုကြသော အဖိုးအို၊ အမယ်အို၊ ယောကျ်ား၊ မိန်းမ၊ လူပျို၊ အပျို ဂိလာန စသည်တို့သည် တတိယမြောက်(ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ)ကိုနုတ်၍(အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ)ပုဒ်ကိုသွင်း၍ဆောက်တည်လျှင်သင့်မြတ်သည်။

၍သည်ကား ဂိလာနစသည်တို့၏ မေတ္တာ ဘာဝနာ ဦးဆောင်သော ဗြဟ္မစရိယ ငါးပါးသီလ ဆောက်တည်ပုံ ပြီး၏။

---

အာစရိယ ပဉ္စသီလ ဥယျောဇန

တိသရဏေန သဟ မေတ္တာဘာဝနာသီသံ ပဉ္စင်္ဂ သမန္နာဂတံ ဣဋ္ဌံ ကန္တံ မနာပံ ဂရုဓမ္မ နိစ္စသီလံ ဂရုံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

အာစရိယ ပဉ္စ ဗြဟ္မစရိယ ဥယျောဇန

တိသရဏေန သဟ မေတ္တာဘာဝနာသီသံ ပဉ္စင်္ဂ ဗြဟ္မ စရိယသီလံ ဂရုံကတွာ အပ္ပမာဒေန သမ္ပာဒေထ။

မေတ္တာဦးဆောင်သည့် ရှစ်ပါးသီလ ဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ။

တတိယမ္ပိ။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ။

တတိယမ္ပိ။

ပါဏာတိ ပါတာ ဝေရမဏိ သိက္ခာ ပဒံ သမာဒိ ယာမိ။

အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာ ပဒံ သမာဒိယာမိ။
မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာ ပဒံ သမာဒိယာမိ။

ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိ ယာမိ။

မေတ္တာသဟဂတေန စေတသာ ယထာသတ္တိ ယထာဗလံ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟာရာမိ။

## အာစရိယ၏ မေတ္တာ ဦးဆောင်သည့် ရှစ်ပါးသီလ ဆောက်တည်သူတို့အား

## ဥယျောဇန

တိသရဏေနသဟ မေတ္တာဘာဝနာသီသံ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဂရုံကတွာ အပ္ပမာဒေန သမ္ပာဒေထ။

ဤသည်ကား မေတ္တာဘာဝနာ ဦးဆောင်သည့် ရှစ်ပါး သီလ ဆောက်တည်ပုံ ပြီး၏။

မှတ်ချက်။ ။ဂိလာန စသည်များကား မိမိတို့၌ စွဲကပ်နေသော ရောဂါဘေးဒဏ် အန္တရာယ်တို့အပေါ် အာရုံပြု၍ ဒုက္ခ ဒေါမနဿ ဖြစ်တတ်၏။ ထို့ကြောင့် ရောဂါ ဘေးဒဏ်စသည်တို့ကို အာရုံမပြုဘဲ သီလကို ဆင်ခြင်လျက် (လုံးစုံ သတ္တဝါ ရန်မာန် ခပ်သိမ်း ကင်းငြိမ်းပါစေ) ဟု- မေတ္တာကိုသာ ပွားများ၍ နေခဲ့သည် ရှိသော် လူတွေ နတ်တွေ ချစ်ခင်ပြီး စောင့်ရှောက် ကူညီ မစသဖြင့် ရောဂါ ဘေးဒဏ် စသည်တွေ ပျောက်ကင်း ငြိမ်းအေး သွားနိုင်သော ကြောင့် မေတ္တာ ဦးဆောင်သော သီလဆောက်တည် ရန် သင့်လျော်သည်။ ဂိလာနများသည် သက်ဆိုင်ရာ သတ္တဝါတွေအပေါ် မေတ္တာပွား၍ အသက်ရှိသော သတ္တဝါတို့၏ အသားများကို ရှောင်ကြဉ်လျက် အသက်လွှတ်စားလျှင် ရောဂါ လျင်မြန်စွာ ပျောက် ကင်းနိုင်သည်။

အချို့ကား။ ။မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏ
ဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ။
ဟု မေတ္တာကို သီလပြုလုပ်၍ဆောက်တည်ကြ၏၊ မသင့်ပေ၊ မေတ္တာကား ဘာဝနာပင်တည်း။

အထက်ပါ အတိုင်း (မေတ္တာ သဟဂတေန စေတသာ ယထာသတ္တိ ယထာဗလံ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရာမိ) ဟူ၍သာ ထည့်သွင်း ပွားများရမည်။

နဝင်္ဂုပေါသထကျင့်သုံးနေပုံ

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ ဥပေါသထံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ။

တတိယမ္ပိ။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ။

တတိယမ္ပိ။

၁။ အဟမ္ပိ အဇ္ဇ ဣမံ ရတ္တိန္ဒိဝံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ ဝိဟရာမိ။

၂။ အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော ဝိဟရာမိ။

၃။ အဗြဟ္မစရိယံ ပဟာယ အဗြဟ္မစရိယာ ပဋိဝိရတော ဝိဟရာမိ။

၄။ မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော ဝိဟရာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒံ ပဟာယ သုရာမေရယ မဇ္ဇပမာဒါ ပဋိဝိရတော ဝိဟရာမိ။

၆။ ဝိကာလဘောဇနံ ပဟာယ ဝိကာလ ဘောဇနာ ပဋိဝိရတော ဝိဟရာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ဌာနံ ပဟာယ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာ ဂန္ဓဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဌာနာ ပဋိဝိရတော ဝိဟရာမိ။

၈။ ဥစ္စာသယန မဟာသယနံ ပဟာယ ဥစ္စာသယန မဟာသယနာ ပဋိဝိရတော နီစသေယျံ ကပ္ပေမိ။ (မဉ္စကေဝါ တိဏသန္ထာရကေဝါ)။

၉။ မေတ္တာသဟဂတေန စေတသာ ယထာသတ္တိ ယထာ ဗလံ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရာမိ။

(အင်္ဂုတ္တရ နိကာယ နဝကနိပါတပါဠိ ၂-သီဟနာဒဝဂ္ဂ၊ ၈-နဝင်္ဂုပေါသထ သုတ္တ ၁၃၂)။

ဤနဝင်္ဂပေါသထ သုတ်အရ အပိုပါဠိမျှား မရေးဘဲ၊ နဝင်္ဂပေါသထ ကျင့်သုံးပုံ၊ လိုရင်းပါဠိကိုသာ ရေးသားစီရင် လိုက်သည်။

အဋ္ဌမေ ဝေနေယျဇ္ဈာသယ ဝသေန မေတ္တာဘာဝနံ
ပက္ခိပိတွာ နဝင်္ဂသမန္နာဂတောတိ ဝုတ္တံ။
(ဋင်း အင်္ဂုတ္တရ နဝက နိပါတ အဋ္ဌကထာ ၂၆၆)။

အဝိပ္ပါယ်။ ။ကိုးပါးသောအင်္ဂါရှိသောဥပုသ်ကိုကျင့်သုံးလိုသည့် ဆုံးမထိုက် ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့၏ လွန်ကဲသော အလိုနှလုံးသွင်း ဆန္ဒ၏အစွမ်းဖြင့် ရှစ်ပါးသောအင်္ဂါရှိသော သီလ၌ မေတ္တာဘာဝနာကို ထည့်သွင်းပေးလိုက်သောကြောင့် နဝင်္ဂ သမန္နာဂတောဟု ဘုရားမိန့်တော်မူ၏၊ အချို့ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒ အားလျော်စွာ ဟောတော်မူသောသုတ်ဖြစ်သည်။

နော စ ခေါ ယထာသတ္တိ ယထာဗလံ သံဝိဘာဇိမှာတိ
အတ္တနော သတ္တိယာစ ဗလဿစ အနုရူပေန သီလ
ဝန္တာနံ သံဝိဘာဂံ ကတွာ န ဘုဉ္ဇိမှာတိ။

(အင်္ဂုတ္တရ နဝကာ နိပါတ အဋ္ဌကထာ ၉-ဒေဝတာသုတ္တ
ဝဏ္ဏနာ ၂၆၇)။

ဤဒေဝတာသုတ်မှ ယထာသတ္တိ ယထာဗလံ နှစ်ပုဒ်ကို နဝင်္ဂပေါသထ ဥပုသ် ပွဲများကျင့်သုံးရာ၌ ထက်ထက်မြက်မြက် သတ္တိအစွမ်းအားဖြင့် ကျင့်သုံးပွဲများ နေရန် ထည့်သွင်း ရေးလိုက်သည်။

## အာစရိယ နဝင်္ဂုပေါသထ ဥဃျောဇန

တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထံ
ဓမ္မံ ဂရုံ ကတွာ အပ္ပမာဒေန သမ္မာဒေထ။

စွမ်းနိုင်သော သီလ မကျိုးအောင် ဆောက်တည်၍ မေတ္တာမပြတ်ပွား သစ္စာအဓိဋ္ဌာန်ပြုပါလျှင် ဘေးရန်ဟူသမျှ အောင်နိုင်သည်။

အချို့က ၉-ပါးသော ဥပေါသထသည် စကြာမင်းများ ဆောက်တည်သော ဥပေါသထသီလဟု မိန့်ဆိုကြ၏။

ဥပေါသထံ ဝုစ္စတိ အဋ္ဌင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသု
ဂဟဋ္ဌေဟိ ရက္ခိတဗ္ဗသီလံ၊ သမာဒါန ဝသေန တံ
တဿ အတ္ထီတိ ဥပေါသထိကော၊ တဿ ဥပေါသထိ
ကဿ၊ တေနာဟ“သမာဒိန္န ဥပေါသထင်္ဂဿာ”တိ။

(မဟာဝဂ္ဂဋီကာ ၄-မဟာသုဒဿန သုတ္တ အဖွင့် ၁၉၃)

အရ လူတို့ ဆောက်တည်သော ရှစ်ပါးသီလသာ ဆောက်တည်သည်၊ စကြာမင်းသည် တိုင်းသူပြည်သား လူအများ အပေါ်၌ မေတ္တာ အမြဲတမ်းပွားများနေသည်ဟု ယူဆရမည်။

## မေတ္တာဦးဆောင်သည့် ရှစ်ပါးသီလအနက်

ဘန္တေ၊ အရှင်မြတ်တို့ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သုံးပါးသော ကိုးကွယ်ရာ သရဏနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ ရှစ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလဟု ဆိုအပ်သော။

ဓမ္မံ၊ ဆောက်တည်အပ်သော တရားတော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ။ဘန္တေ၊ တို့။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ မေတ္တာ ဦးဆောင်သော ရှစ်ပါးသီလကို။ ဒေထ၊ ပေးသနားတော်မူပါကုန်ဘုရား။

ဘန္တေ၊ တို့။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ အဟံ၊ သည်။ (ပ) ဒေထ၊ ကုန်ဘုရား။

ဘန္တေ၊ တို့။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ အဟံ၊ သည်။ (ပ)ဒေထ၊ ပေးသနားတော် မူပါကုန်ဘုရား။

အရဟတော၊ လူမင်း နတ်မင်း ပြဟ္မာမင်းတို့၏ ပူဇော်သက္ကာရအထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် ကိုယ်တော်တိုင်သာ ဥဇ္ဈင်္ဂါးတန် တရားမှန်ကို ထိုးထွင်း၍ သိတော်မူတတ်သော။ တဿ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော် မူသော ထိုမြတ်စွာဘုရားအား။ မေ၊ တပည့်တော်၏။ (တယောက်ထည်း) အမှာကံ၊ တပည့်တော်တို့၏။ (အများ) နမော၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ကန်တော့ခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

ဗုဒ္ဓံ၊ သက်တော်ထင်ရှား မြတ်စွာဘုရားကို။ ဝါ၊ မြတ်စွာဘုရား၏ အရဟံ အစရှိသော ဂုဏ်တော် အပေါင်းကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ် ပါ၏။ သိပါ၏။

ဓမ္မံ၊ လောကီ လောကုတ္တရာ ဖြစ်သော ပရိယတ် ပဋိပတ် ပဋိဝေဓ တရားတော်မြတ်ကို။ သရဏံ၊ ကျင့်သုံးသောအား ဖြင့် ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ သိပါ၏။

သံဃံ၊ အရိယသမုတိ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏၊ သိပါ၏။

ဒုတိယမ္ပိ၊ လည်း။ ။ပ။

တတိယမ္ပိ၊ လည်း။ ။ပ။

အဟံ၊ တပည့်တော်သည်။ ပါဏာတိပါတာ၊ မေတ္တာ ကရုဏာရှေ့ထား၍ တပါးသောသူတို့၏ အသက်ကို သတ်ခြင်း နှာကျင်အောင် ညှဉ်းဆဲခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကြဉ် ရှောင်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

အဒိန္နာဒါနာ၊ မုဒိတာတရားကို ရှေးရှုထား၍ ဥစ္စာရှင် တို့သည် မပေးအပ်သော ပစ္စည်းကို ယူခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

အဗြဟ္မစရိယာ၊ ရွှသူတို့ ဥစ္စာဖြစ်သော မမြတ်သော မေထုန်အကျင့်မှ၊ ဝေရမဏိသိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

မုသာဝါဒါ၊ ဝစီသစ္စာကို ရှေးရှုထား၍ မဟုတ်မမှန် သောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ၊ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကိုသောက်သုံးခြင်းမှ။ ဝေရ မဏိ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

ဝိကာလဘောဇနာ၊ နေလွဲညစာ စားခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း သာသနာတော်၏ ဆန့်ကျင်ဘက် ဖြစ်သော ကပွဲ သီဆိုပွဲ တီးမှုတ် ပွဲသဘင် တို့ကို ကြည့်ရှု နားထောင်ခြင်း ပန်းပန်ခြင်း နံ့သာရေမွှေး ထုံသင်းခြင်း သနပ်ခါး ပေါင်ဒါ လိမ်းသခြင်း ရွှေငွေ ကျောက်သန်တို့ဖြင့် မွန်းမံ ပန်ဆင်ခြင်း မပြည့်အရပ်ကို ပြည့်လတ်အောင် ဆင်မြန်းခြင်း သနပ်ခါး ပေါင်ဒါ နံ့သာ အဖြာဖြာ အတင့်အတယ် ချယ်လှယ်မှုန်ခြင်း၏အကြောင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

(သီလက္ခန္ဓ ဗြဟ္မဇာလ စူဠသီလ ဝဏ္ဏနာနှင့်အညီ ပေးသည်)။
ဋ္ဌ-(၇၆) ဋ္ဌီ-သစ်- (၁၄၇)။

ဥစ္စာသယန မဟာသယနာ၊ တထောင့်ထွာထက် မြင့်သော နေရာ လက်လေးသစ် အမွေးရှိသော သိုးမွှေး ကော်ဇော မွေ့ယာ မြတ်သောနေရာတို့၌ ထိုင်အိပ်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

မေတ္တာသဟဂတေန၊ လုံးစုံသတ္တဝါ ရန်မာရ် ခပ်သိမ်း ကင်းငြိမ်းပါစေ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ စိုးရိမ် ခပ်သိမ်း ကင်းငြိမ်းပါစေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ပါစေ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသော။ စေတသာ၊ ကောင်းမြတ်သော ဘာဝနာစိတ်ဖြင့်။ ယထာသတ္တိ၊ မိမိအစွမ်းအား

လျှော်စွာ။ ယထာဗလံမိမိ အား အားလျှော်စွာ။ သဗ္ဗပါဏ ဘူတေသု၊ အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ အရပ် ဆယ် မျက်နှာ ဘုံတို့တွင် နေကြကုန်သော အလုံးစုံသော သတ္တဝါ တို့၌။ ဖရိတွာ၊ ပျံ့နှံ့ပွားများ၍။ ဝိဟရာမိ၊ နေပါ၏။

## နဝင်္ဂုပေါသထ အနက်

ဘန္တေ၊ တို့။ အဟံ၊ သည်။ တိသရဏေန၊ နှင့်။ သဟ၊ တကွ။ နဝင်္ဂသမန္နာဂတံ၊ ကိုးပါးသော အင်္ဂါတို့နှင့် ပြည့်စုံ သော။ ဥပေါသထံ၊ ကျင့်သုံး နေအပ်သော။ ဓမ္မံ၊ တရား တော်မြတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ဘုရား။

ဘန္တေ၊ တို့။ အနုဂ္ဂဟံ၊ ချီးမြှောက်သည်ကို။ ကတွာ၊ ၍။ မေ၊ တပည့်တော်အား။ ဥပေါသထံ၊ ကျင့်သုံး အပ်သော တရားတော် မြတ်ကို။ ဒေထ၊ ပေးသနားတော် မူပါကုန် ဘုရား။

ဒုတိယမ္ပိ။ တတိယမ္ပိ။ ရှေ့အတိုင်း။

အရဟတော၊ တထောင့်ငါးရာ ကိလေသာတည်းဟူသော ရန်သူတို့ကို အရဟတ္တမဂ် ဒါးသန်လျက်ဖြင့် ပယ်သတ်တော် မူတတ်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် ကိုယ်တော် တိုင်သာ သင်္ခတ အသင်္ခတ တရားတို့ကို ထိုးထွင်း၍ သိတော် မူတတ်သော။ တဿ ဘဂဝတော၊ ဘုန်းတော်အနန္တ ကံတော် အနန္တ ဉာဏ်တော်အနန္တ စကြဝဠာကမ္ဘာမြေမိုး ဖြန့်းဖြန်း ကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ထို မြတ်စွာဘုရားအား။ မေ၏။ (တယောက်တည်း)။အမှာကံ၊

တို့၏။ (အများ)။ နမော၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ပူဇော် ဖူးမျှော် မာန်လျှော့ ကန်တော့ခြင်းသည်။ အတ္ထု၊ ဖြစ်ပါသတည်း။

ဗုဒ္ဓံ၊ ကို။ သရဏံ၊ ၍။ ဂစ္ဆာမိ၊ ၏။

ဓမ္မံ၊ ကို။ သရဏံ၊ ၍။ ဂစ္ဆာမိ၊ ၏။

သံဃံ၊ ကို။ သရဏံ၊ ၍။ ဂစ္ဆာမိ၊ ၏။

ဒုတိယမ္ပိ–

တတိယမ္ပိ–

အဟံပိ၊ တပည့်တော်သည်လည်း။ အဇ္ဇ၊ ယနေ့။ ဣမံ ရတ္တိန္ဒိဝံ၊ ဤညဉ့်နေ့ပတ်လုံး။ ပါဏာတိပါတာ၊ သူတပါးတို့၏ အသက်ကို သတ်ဖြတ်ခြင်းကို။ ပဟာယ၊ ပယ်၍။ ပါဏာတိ ပါတာ၊ သူတပါးတို့၏အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတော၊ ကြဉ်ရှောင်၍။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ အလုံးစုံသော အသက်ရှိသော ထင်ရှားသော သတ္တဝါတို့၏ အကျိုးစီးပွားကို စောင့်ရှောက်လျက်။ ဝိဟရာမိ၊ နေပါ၏။

အဒိန္နာဒါနံ၊ ဥစ္စာရှင်တို့သည် မပေးအပ်သော ပစ္စည်းကို ယူခြင်းကို။ ပဟာယ၊ ၍။ အဒိန္နာဒါနာ၊ ဥစ္စာရှင်တို့သည် မပေးအပ်သော ပစ္စည်းကို ယူခြင်းမှ။ ပဋိဝိရတော၊ ကြဉ် ရှောင်၍။ ဝိဟရာမိ၊ ၏။

အဗြဟ္မစရိယံ၊ ရွာသူတို့၏ဥစ္စာဖြစ်သောမမြတ်သောမေထုန် အကျင့်ကို။ ပဟာယ၊ ၍။ အဗြဟ္မစရိယာ၊ ရွာသူတို့၏ ဥစ္စာ ဖြစ်သော မမြတ်သော မေထုန် အကျင့်မှ။ ပဋိဝိရတော၊ ကြဉ်ရှောင်၍။ ဝိဟရာမိ၊ ၏။

မုသာဝါဒံ ၊ဝစီသစ္စာကိုရှေးရှု၍ မဟုတ်မမှန်သောစကား ကို ပြောဆိုခြင်းကို။ပဟာယ၊ ပယ်၍။ မုသာဝါဒါ၊ ဝစီသစ္စာ ကို ရှေးရှု၍ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ပဋိဝိရတော၊ ကြဉ်ရှောင်၍။ ဝိဟရာမိ၊ ၏။

သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနံ၊ ယစ်မူး မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေအရက် သောက်သုံးခြင်းကို။ ပဟာယ၊ ပယ်၍။ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ၊ ယစ်မူး စေတတ်သော သေအရက်ကို သောက်သုံးခြင်းမှ။ ပဋိဝိရ တော၊ ကြဉ်ရှောင်၍။ ဝိဟရာမိ၊ ၏။

ဝိကာလဘောဇနံ၊ နေလွဲညစာ စားခြင်းကို။ ပဟာယ၊ ပယ်၍။ ဝိကာလဘောဇနံ၊ နေလွဲ ညစာ စားခြင်းမှ။ ပဋိဝိရ တော၊ ကြဉ်ရှောင်၍။ ဝိဟရာမိ၊ ၏။

နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနံ၊ ကခြင်း သီဆိုခြင်း တီးမှုတ် ခြင်း သာသနာတော်၏ ဆန့်ကျင်ဘက် ဖြစ်သော ကပွဲ သီဆိုပွဲ တီးမှုတ်ပွဲ သဘင်တို့ကို ကြည့်ရှု နားထောင်ခြင်း။ မာလာဓာရဏ၊ ပန်းပန်ခြင်း။ ဂန္ဓမဏ္ဍန၊ နံ့သာ ရေမွှေး ထုံသင်းခြင်း။ ဝိလေပန ဝိဘူသနဋ္ဌာနံ၊ သနပ်ခါး ပေါင်ဒါ နံ့သာအဖြာဖြာ တို့ဖြင့် အတင့်အတယ် ချယ်လှယ်မှုံးခြင်းတို့၏ အကြောင်းကို။ ပဟာယ၊ပယ်၍။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း သာသနာတော်၏ ဆန့်ကျင်

ဘက် ဖြစ်သော ကပ္ပဲ သိဆိုပွဲ တီးမှုတ်ပွဲသဘင်တို့ကို ကြည့်ရှု နားထောင်ခြင်း ပန်းပန်ခြင်း နံ့သာ ရေမွှေး ထုံသင်းခြင်း သနပ်ခါး ပေါင်ဒါ နံ့သာအဖြာဖြာတို့ဖြင့် အတင့်အတယ် ချယ်လယ် မွှံးခြင်းတို့၏ အကြောင်းမှ။ ပဋိဝိရတော၊ ၍။ ဝိဟာရာမိ၊ ၏။ ။မာလာဒီနိ- ဓာရဏာဒိဟိ ယထာသမ္ဗန္ဓံ ယောဇေတဗ္ဗာနိ- ခုဒ္ဒကပါဌ အဋ္ဌကထာ။ (၂-သိက္ခာပဒဝဏ္ဏနာ၊ (၂၆)အတိုင်းပေးသည်)။

ဥစ္စာသယန မဟာသယနံ၊ တထောင့်ထွာထက် မြင့်သော နေရာ၊ လက်လေးသစ် အမွေးရှိသော သိုးမွေး ကော်ဇော မွေ့ယာ မြတ်သောနေရာကို။ ပဟာယ၊ ၍။ ဥစ္စာသယန မဟာသယနာ၊ တထောင့်ထွာ(ပ)နေရာမှ။ ပဋိဝိရတော၊ ၍။ နီစသေယျံ၊ နိမ့်သော ညောင်စောင်းငယ် မြက်အခင်း၌။ ကပ္ပေမိ၊ အိပ်ခြင်း ထိုင်ခြင်းကို ပြုပါ၏။

မေတ္တာသဟဂတေန၊ လုံးစုံ သတ္တဝါ ရန်မာန် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ စိုးရိမ် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသော။ စေတသာ၊ ကောင်းမြတ်သော ဘာဝနာစိတ်ဖြင့်။ ယထာသတ္တိ၊ စွာ။ ယထာဗလံ၊ စွာ။ သဗ္ဗပါဏဘူတေသု၊ အရပ်လေးမျက်နှာ၊ အရပ် ရှစ်မျက်နှာ၊ အရပ် ဆယ်မျက်နှာ ဘုံတို့တွင် နေကြကုန်သော အလုံးစုံသော သတ္တဝါတို့၌။ ဖရိတွာ၊ ပြန့်နှံ့ ပွားများ၍။ ဝိဟာရာမိ၊ နေပါ၏။

## အာဋာနာဋိယသုတ် ရွတ်ခြင်း၏ စည်းမျဉ်းများ

ပဌမမေဝဟိ အာဋာနာဋိယသုတ္တံ န ဘဏိတဗ္ဗံ၊
မေတ္တာသုတ္တံ ဓဇဂ္ဂသုတ္တံ ရတနသုတ္တန္တိ ဣမာနိ
သတ္တာဟံ ဘဏိတဗ္ဗာနိ။

ပါထိကဝဂ္ဂဋ္ဌကထာ၊ ၉-အာဋာနာဋိယသုတ္တ ပရိတ္တ ပရိကမ္မ ကထာ။ (၁၅၀)။

အဓိပ္ပါယ်။ ။လူတယောက် ဘီလူး သားရဲ ဖမ်းစား ပူးဝင်ခဲ့လျှင် လူမမာရှင်က ပရိတ်ရွတ်သာပင့်၍ (ဂိလာန) လူမမာအား ပရိတ်ရွတ်လိုသော ရဟန်းများသည် ရှေးဦးစွာ အာဋာနာဋိယသုတ်ကို မရွတ်ရပေ။

### ပရိတ်ရွတ်မည့်ဌာနဌ် စီစဉ်ထားရပုံ

၁။ ပရိတ်ရွတ်မည့် ဌာနသည် စင်ကြယ်သန့်ရှင်းသော နေရာ ဖြစ်ရမည့် အပြင် ဖြူစင် ကောင်း မြတ် သော အခင်းများ ခင်းထားရမည်။

၂။ ဖရောင်းတိုင် ဆီမီး ပန်း ပေါက်ပေါက် အမွှေးတိုင် စသည်တို့ကို ဘုရားအား ဂိလာနနှင့် သက်ဆိုင်ရာတို့ အတွက် လှူဒါန်း ပူဇော်ထားရမည်။

၃။ ပရိတ်ချည် ပရိတ်သဲ ပရိတ်ပန်း ရေသန့် ရေမွှေး နံ့သာရေ (အရဟံ) ရေးထားသော အုဌ် ၉-ချပ်၊ (အရဟံ)ရေးထားသော ကြေးပြားငွေပြား ၉-ပြား၊ စားဆေး စသည် စီစဉ်ထားရမည်။

၄။ သက်ဆိုင်ရာ နတ်များအတွက် ရတနာသုံးပါး ပူဇော် လှူဒါန်းရန် ပန်း ဖယောင်းတိုင် အမွှေးတိုင် စသည်အသင့်ထားရမည်။

## ဂိလာန ဆောက်တည်ရန် သီလနှင့်ရှေးဦးစွာ ရွတ်ရမည့် ပရိတ်များ

ပရိတ္တေ ပန ဂိလာနဿ ပရိတ္တံ ကရောထ ဘန္တေ တိ ဝုတ္တေ န ကာတဗ္ဗံ။ဘဏထာ တိ ဝုတ္တေ ပန ကာတဗ္ဗံ။ ပရိတ္တောဒကံ ပရိတ္တသုတ္တံ ကတွာ ဒေထာတိ ဝုတ္တေန ပန တေသံယေဝ ဥဒကံ ဟတ္ထေန စာလေတွာ သုတ္တံ ပရိမဇ္ဇိတွာ ဒါတဗ္ဗံ။
မနုဿာ ဥဒကဉ္စ သုတ္တဉ္စ ဂဟေတွာ နိသီဒိတွာ ပရိတ္တံ ဘဏထာတိ ဝဒန္တိ၊ ကာတဗ္ဗံ နော စေ ဇာနန္တိ အာစိက္ခိတဗ္ဗံ။
ဘိက္ခူနံ နိသိန္နာနံ ပါဒေသု ဥဒကံ အာကိရိတွာ သုတ္တဉ္စ ဌပေတွာ ဂစ္ဆန္တိ ပရိတ္တံ ကရောထ ပရိတ္တံ ဘဏထာတိ။

န ပါပါ အပနေတွာ- စသည်....

(ဒုတိယ ပါရာဇိက ကင်္ခါအဋ္ဌကထာ၊ ၁-တတိယ ပါရာဇိက ဝိနီတ ဝတ္ထု ဝဏ္ဏနာ-၆၇)။

## ဂိလာန ဆောက်တည်ရန် သီလ

၁။ ဂိလာန၏ ခန္ဓာနာမ်ရုပ်ကို ဘုရားအမှူးရှိသော သံဃာနှင့် သီလဝန္တ မဟာထေရ်များအား လှူရမည်။

၂။ သံဃာတော်အား အထက်ပါ နည်းဖြင့် ရှေးဦးစွာ ကန်တော့၍ လူမမာအား သရဏဂုံ သုံးပါးနှင့် မေတ္တာ ဦးဆောင်သော ငါးပါးသီလ ဆောက်တည် ခိုင်းရမည်။

၃။ နတ်ဖိတ် သမန္တာ ရွတ်ရမည်။

၄။ မေတ္တာ စကား ပြောကြား၍ မေတ္တာသုတ် ရွတ်ရမည်။

၅။ ရတနသုတ်ရွတ်၍ ရတနသုတ်၌ ပါသော ရတနာ သုံးပါး ဂုဏ်တင်၍ မြန်မာလို သစ္စာပြုရမည်။

၆။ ဗောဇ္ဈင်သုတ်၌ ဘုရား ဗောဇ္ဈင် မောဂ္ဂလာန ဗောဇ္ဈင် ကဿပ ဗောဇ္ဈင် သုတ်ရင်း ဖြစ်စေ၊ ပရိတ္တလာ ဂါထာများ ဖြစ်စေ၊ သစ္စာပြုပေးရမည်။

၇။ ရတနာသုံးပါး ဂုဏ်တို့နှင့် စပ်သော ဓဇဂ္ဂသုတ်လုံး ဖြစ်စေ၊ (သို့မဟုတ်) ဘုရားဂုဏ် တရားဂုဏ် သံဃ ဂုဏ် လိုရင်းဖြစ်စေ ရွတ်ပွားရမည်။

၈။ ပုဗ္ဗဏှသုတ် ယံ ဒုန္နိမိတ္တံ၊ ၃-ပုဒ် ရွတ်ရမည်။

၉။ အရပ် ၈-မျက်နှာ၊ စည်းတား၊ သဗ္ဗဗုဒ္ဓါ- မန္တာန် ရွတ်ရမည်။

၁၀။ (ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ) ဂါထာ တို့ ရွတ်ပြီး ဆိုင်ရာနတ်များ ဘုရား တရား သံဃာ အမိန့်တော်ဖြင့် စောင့်ရှောက်ခိုင်းခြင်း၊ (ဧတ္တာဝတာ စ အမှေဟိ၊ (ပ)ဂစ္ဆန္တု ဒေဝတာဂတာ) ဂါထာတို့ ဖြင့် အမျှဝေခြင်း ပြန့်ပို့ခြင်း ပြုရမည်။

၁၁။ ပရိတ်ရွတ်နေတုန်းအခါ ပရိတ်ချည်များကို ပရိတ်ရေဖြင့် ဆုပ်ပေးရမည်။ ပရိတ်ရေတွင် လက်နှိုက်၍ အာဏာစက် သွင်းပေးရမည်။

၁၂။ ဤပရိတ်များ ပါဠိက အဋ္ဌကထာလာတိုင်း ၇-ရက် မပြတ် ရွတ်ရမည်။ မပြတ် မရွတ်နိုင်လျှင် သုတ်ကို သော်၎င်း၊ (သို့မဟုတ်) ကာလ နာရီ အပိုင်းအခြား ကိုသော်၎င်း ထား၍ နေ့စန် ၇-ရက် စေ့အောင် ရွတ်နိုင်လျှင် သင့်ပေသည်။

ဤသို့ရွတ်ပြီးလျှင် ပရိတ်ရေကို လူမမာအား တိုက်ရမည်။ ပရိတ်ရေ အကြွင်းအကျန်ကို ဘုရားဆောင်၌ ကောင်းစွာ ထားရမည်။ ပရိတ်ချည်ကို ၉-ပင်လုပ်၍ လူမမာ လည်ပင်း လက်ကောက်ဝတ် စသည်တို့၌ စွပ်ထားရမည်။ ပတ်ထားရမည်။ အကြွင်းအကျန်ကို ဘုရားဆောင်၌ ကောင်းစွာ သိမ်း ထားရမည်။

မှတ်ချက်။ ။(က) မမာနေသော ဂိလာနတို့သည် မိမိ ကိုယ်တိုင် စွမ်းရေသတ္တိ ဗဟုဿုတ-ရှိက ကိုယ်ကိုယ် တိုင် ကျင့်သုံးပြီး နေ့စဉ် ဝတ်မှန်မှန် ရွတ်ဘတ် သစ္စာ ပြုပါလျှင် သင့်လျော် ဆေး ခတ်စာများ စားသုံးရ၍ ရောဂါ ပျောက်ကင်းနိုင်သည်။ (ခ) ရန်သူ အောင်နိုင်လိုသူ။ (ဂ) စာမေးပွဲအောင်မြင် လိုသူ။ (ဃ) ရာထူးခိုင်မြဲ တိုးတက်လိုသူ။ (င) ပစ္စည်းဥစ္စာ တိုးပွားချမ်းသာလိုသူ။ ရှေ့ ညွှန်ကြား

တိုင်း ပြုလုပ်လျှင် ရှေးဝိပါကဝဋ် မရှိလျှင် မုချ ဆတ်ဆတ် အောင်မြင်ရမည်။

ပရိတ်ပန်းကို ပရိတ်ရေတွင် နှစ်၍ အိမ်တွင်း အိမ်ပြင် နှံ့စပ်အောင် ပက်ဖျန်းရမည်၊ ထို့နောက် ပရိတ်သဲဖြင့် အိမ်ခြံဝင်းပတ်၍ ပရိတ်သဲအိုး ၈–လုံး၊ ပရိတ်အုဋ် ၈–ချပ်ကို လူမနင်းရာ အရပ် ၈–မျက်နှာတွင် တွင်းတူးပြီး သဲအိုး အောက်ခံ (အရဟံ) အုဋ် အပေါ်က ဖုံးလျက် ပခုက္ကူ အန္တရာယ်ကင်း ကမ္မဝါစာလာအတိုင်း နိမိတ်ကြား၍ ပြုလုပ် ပေးရမည်။

အိမ်အမိုး ၈–မျက်နှာနှင့် အလယ် မျက်နှာကြက်တွင် (အရဟံ) ဗျည်းကို မထိခိုက်စေဘဲ သံဖြင့် ဆွဲထားရမည်။ ဤ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ပြုလုပ်လျှင် အိမ်နှင့် အရာမ်ပါ သန့်ရှင်း လုံခြုံ၍ လူမမာ၏ ဘီလူး သရဲ ပူးကပ် ခြင်း ရောဂါဘေးမှ လွတ်မြောက် ကင်းရှင်း ပပျောက် သွားပါလိမ့်မည်၊ စီးပွားချမ်းသာ တိုးတက်လာပါလိမ့်မည်။

## ပါထိကဝဂ္ဂလာ အာဋာနာဋိယသုတ်ရွတ်ပုံစည်းကမ်း

အာဋာနာဋိယ သုတ်ကြီးကို ရွတ်သော ရဟန်းသည် အနည်းဆုံး စာတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံ၍ အသက်သတ် လွတ် စားသော ရဟန်း ဖြစ်ရမည်။ အသက်သတ်လွတ် စားသော ရဟန်းတော်သာ ဤအာဋာနာဋိယ သုတ်ကြီးကို သေချာ ကျနစွာ ရွတ်ရမည်၊ အမြဲတမ်း အသက်လွတ် စားသော ရဟန်းတော် မရှိခဲ့လျှင် အနည်းဆုံး ၇–ရက်မျှ

အသက်လွှတ် စားရမည်၊ အသက်လွှတ်စား၍ ရွတ်သော ရဟန်း၏ ပရိတ်သည် တန်ခိုး ထက်မြက်၏။

၅-ကမ္မဝါစာများ

တဖန် အာဋာနာဋိယ သုတ်မှ ထုတ်နုတ်၍ စီစဉ်ထားသော ပဗ္ဗာဇနိယကမ္မဝါစာနှင့် ပခုက္ကူ ဘုရား ၇-ဆူ ကမ္မဝါစာ ၃-စောင်ကိုလည်း ကမ္မဝါစာ၌ အမှာအတိုင်း နိမိတ်ကြား သိမ်နုတ် သိမ်သမုတ်သလိုပြုလုပ်၍ ရွတ်ဖတ်ရမည်။

(၆) အာဋာနာဋိယသုတ် ရွတ်မည့် သူ၏အသက် သတ်လွတ် စားနည်း သာဓက များ

၁။ တံ ဘာဏန္တေန ဘိက္ခုနာ ပိဋ္ဌံ ဝါ မံသံ ဝါ န ခါဒိ တဗ္ဗံ၊ သုသာနေ န ဝသိတဗ္ဗံ။

(ပါထိက ဝဂ္ဂအဋ္ဌကထာ အာဋာနာဋိယသုတ္တ- ၁၅၀)။

၂။ ပိဋ္ဌံ ဝါ မံသံ ဝါ တိ ဝါ သဒ္ဒေါ အနိယမတ္ထော။ တေန မစ္ဆဃတသုပါဒိံ သင်္ဂဏှာတိ။

(ပါထိကဝဂ္ဂ ဋီကာ၊ အာဋာနာဋိယသုတ္တ-၁၆၁)။

၃။ ဘန္တေ သုသာနေ ဝသန္တေန နာမ အဘယေန မစ္ဆ မံသ တိလ ပိဋ္ဌ တေလ ဂုဠာဒိနိ ဝဇ္ဇေတဗ္ဗာနိ။

(ဓမ္မပဒ အဋ္ဌကထာ၊ ယမကဝဂ်၊ ပဌမဝတ္ထု-၄၄)။

၄။ အမနုဿာနံ ပိယံ တိလ ပိဋ္ဌ မာသဘတ္တ မစ္ဆ မံသ- ခီရ တေလ ဂုဠာဒိ ခဇ္ဇ ဘောဇ္ဇံ န သေဝိတဗ္ဗံ။

(ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ ဓုတင်္ဂနိဒ္ဒေသ သောသာနိကင် ကထာ-၇၄)။

၅။ တိလပိဋ္ဌံ ဝုစ္စတိ ပလလံ၊ မာသမိဿံ ဘတ္တံ မာသဘတ္တံ။ ဂုဠာဒီတိ အာဒိသဒ္ဒေန တိလသံဂုဠိ ကာဒိ ဃတပူဝဥ္စ သင်္ဂဏှာတိ။
(ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ ဓုတင် နိဒ္ဒေသ- ၁၀၁)။

## ၁-နံပါတ်သာဓကပါဌ်အနက်

တံ၊ တို ပါထိကဝဂ်လာ အာဋ္ဌာနာဋ္ဌိယ သုတ်ကို။ ဘာဏနွေန၊ ရွတ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပိဋ္ဌံဝါ၊ မုံ့ညက်ကိုလည်းကောင်း (ဝါ) မှုံညက်မှုံကိုလည်းကောင်း။ ဃတံဝါ၊ ထောပတ်ကိုလည်းကောင်း။ မံသံဝါ၊ အသားကို လည်းကောင်း။ မစ္ဆံဝါ၊ ငါးကိုလည်းကောင်း။ နခါဒိတဗ္ဗံ၊ မခဲစားအပ်။ သုသာနေ၊ သုဿာန်၌။ နဝသိတဗ္ဗံ၊ မနေ အပ် မနေသင့် မနေထိုက် မနေကောင်း။

မှတ်ချက်။ ။ပိဋ္ဌ၌ ဝါသဒ္ဒါက ဃတကိုဆည်း၊ မံသ၌ ဝါသဒ္ဒါက မစ္ဆ စသည်ကိုဆည်းသည်။

## ၂-နံပါတ်သာဓကပါဌ်အနက်

ပိဋ္ဌံ ဝါ မံသံဝါတိ တွေ့ ပိဋ္ဌံဝါ မံသံဝါ ဟူသော ဤ ပါဌ်၌။ ဝါသဒ္ဒေါ၊ ဝါသဒ္ဒါသည်။ အနိယမတ္ထော၊ ပုံသေ မမြဲသော အနက်ရှိ၏။ တေန၊ ထိုသို့ ဝါသဒ္ဒါ၏ မမြဲသော အနက်ရှိလေသောကြောင့်။ မစ္ဆဂတသူပါဒိံ၊ ငါး ထောပတ် ဟင်းလျာစသည့်ကို။ ဝါသဒ္ဒေါ၊ ဝါသဒ္ဒါသည်။ သင်္ဂဏှာတိ၊ သိမ်းယူ၏။

## ၃-နံပါတ် သာစကပါဠိအနက်

ဘန္တေ၊ အရှင်ဘုရား။ သုသာနေ၊ လူသေမြှုပ်နှံ မြေ သုသာန်၌။ ဝသန္တေန၊ သုသာန်ဓုတင် ဆောက်တည်၍နေ သော။ အယျေနနာမ၊ ရဟန်းတော် အရှင်မြတ်မည်သည်။ မစ္ဆ မံသ တိလ ပိဋ္ဌ တေလ ဂုဠာဒီနိ၊ ငါး အမဲ နှမ်းပြစ် မုံ့ညက် နှမ်းဆီ ထန်းလျက်ခဲ တင်လဲခဲ နှမ်းပြစ်ခဲ စသည် တို့ကို။ ဝဇ္ဇေတဗ္ဗာနိ၊ မစားဘဲ ရှောင်ကြဉ်အပ်ကုန်၏။

## ၄-နံပါတ်သာစက ပါဠိအနက်

အမနုဿာနံ၊ လူမဟုတ် လူတု လူယောင် ဆောင်သော ဘီလူးတို့သည်။ ပိယံ၊ ကြိုက်နှစ်သက်အပ်သော။ တိလ ပိဋ္ဌ မာသဘတ္တ မစ္ဆ မံသ ခီရ တေလ ဂုဠာဒိ ခဇ္ဇ ဘောဇ္ဇံ၊ နှမ်ပြစ် မုန့် ပဲထမင်း ငါး အမဲ နို့ရည် ဆီ ထန်းလျက် စသော ခဲဘွယ် ဘောဇဉ်ကို။ ဘိက္ခုနာ၊ သုဿာန် ဓုတင်ဆောက် တည်သော အာဒ္ဓာနာဝ္ဓိယသုတ်ကြီး ရွတ်မည့်ရဟန်းသည်။ န သေဝိတဗ္ဗံ၊ မမှီဝဲအပ်။

## ၅-နံပါတ်သာစက ပါဠိအနက်

ပလလံ၊ ကောက်ရိုးချောင်းလေးနှင့်တူသော နှမ်းမုန့်ညက် ချောင်းကို။ တိလပိဋ္ဌံ၊ နှမ်းနှင့် ရောသော မုန့်ညက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မာသမိဿံ၊ ပဲကြီးနှင့် ရောနှောသော။ ဘတ္တံ၊ ချက်အပ်သော ထမင်းတည်း။ မာသဘတ္တံ၊ ပဲကြီးနှင့် ရော၍ ချက်အပ်သော ထမင်း (ဝါ) ပဲထမင်း။ ဂုဠာဒီတိ. ဧတ္ထ၊ ဂုဠာဒိဟူသော ဤပါဠိ၌။ အာဒိသဒ္ဒေန၊ အာဒိသဒ္ဒါ

ဖြင့်။ တိလသံဂုဋ္ဌိကာဒိ ဿတပူဝ ္ဓါ၊ နှမ်း တင်လဲ စသည်တို့နှင့်ရောသော တခဲနက်သောမုန့်ကိုလည်း (ဝါ) နှမ်းပြစ်စသော တခဲနက်သော မုန့်ကိုလည်း။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ သင်္ဂဏှာတိ၊ သိမ်းယူ၏။

ဤအဋ္ဌကထာ ဋီကာများအရ အာဋ္ဌာနာဋိယ သုတ်ကြီးကို ရွတ်မည့်ပုဂ္ဂိုလ်၏ စားရမည့် အသက်လွတ်အစာများ–

(က) ဆွမ်းနှင့်တွဲစားရသော အစာ၌ ဆီ ထောပတ် မပါသော ဟင်းရွက်ပြုတ်နှင့် ဖြစ်စေ၊

(ခ) သို့မဟုတ် ပြုတ်ပြီးသော ကဇွန်းဥ ပိန်းဥ မုံလာဥ စသည်တို့နှင့်ဖြစ်စေ။

(ဂ) သို့မဟုတ် သစ်သီးမှည့် အမျိုးမျိုးနှင့် ဖြစ်စေ။

(ဃ) သို့မဟုတ် နွားနို့ သက်သက်နှင့်ဖြစ်စေ။

(င) သို့မဟုတ် ထန်းလျက် ကြံသကာ သကြား ယိုစသည်တို့နှင့် ဖြစ်စေ စားနိုင်သည်။

## အာဋ္ဌာနာဋိယသုတ်ကြီး ရွတ်မည့်ပုဂ္ဂိုလ်များ မစားရသော အစာများ

ငါး အမဲ ထောပတ်ဟင်း အမျိုးမျိုး မုန့်ညက်မုန့်အမျိုးမျိုး မစားရ၊ သုဿာန်ဓုတင်ဆောင် ပုဂ္ဂိုလ်များမှာမူ အထက်၌ ဖော်ပြထားသည့် (က) (ခ) (ဂ) အစားအစာများကိုသာ စားနိုင်သည်။

ယင်း သုဿာန်ဓုတင် ဆောက်တည်သော ပုဂ္ဂိုလ်များ မစားရသော ခဲဘွယ် ဘောဇဉ် များမှာ ငါး အမဲ ဆီ

ထန်းလျက်ခဲ နွားနို့ နှမ်းပြစ်မုန့် ပဲထမင်း ထန်းလျက် စသည်တို့နှင့် ပြုလုပ်ထားသော မုန့်အမျိုးမျိုး မစားရ။

အာဋာနာဋိယသုတ်ကြီး ရွတ်မည့် ပုဂ္ဂိုလ်၏ စည်းမျဉ်း ပြီး၏။

---

## အထူးမှာကြားချက်
## ပရိတ်ကြီးလာ အာဋာနာဋိယ သုတ် ရွတ်မည့်ပုဂ္ဂိုလ် ကျင့်ဝတ်များ

အာဋာနာဋိယသုတ်ကြီး ရွတ်သော ပုဂ္ဂိုလ်တို့ စားသောက်သော အသက်သတ်လွှတ်မျိုး မစားနိုင်၊ မကျင့်သုံးနိုင်ပါလျှင် သားငါးတို့မှလွတ်သော ဆီ ထောပတ် အနည်းမျှသာ စွက်ဖက်သော သစ်ဥ သစ်ဖု သစ်သီး ဟင်းသီး ဟင်းရွက် ဟင်းအမျိုးမျိုးနှင့် ဆန်မှုံ့ ဂျုံမှုံ့တို့ဖြင့်ပြုလုပ်သော မုန့်အမျိုးမျိုးကို ချင့်ချိန် စားသုံးသော ပုဂ္ဂိုလ်တို့၏ ဥပပီဠကကံ နှိပ်စက်၍ ဂိလာန ဒုက္ခပီဠိတဖြစ်သော ပုဂ္ဂိုလ်များအပေါ်၌ မေတ္တာ ကရုဏာ ရှေ့ထား၍ ပရိတ်ရွတ် သစ္စာပြုခြင်းနှင့် ဘတ်ရွတ်သော ကမ္မဝါစာတို့၏ အာဏာသည် သား ငါး စားသောသူတို့ ရွတ်ဘတ်သည်ထက် တန်ခိုးထက်မြက်၏၊ ရောဂါကင်းနိုင်၏၊ ဥပပီဠကကံ ချုပ်နှောင် နှိပ်စက်ခြင်း ခံရသော မင်းဘေး မင်းဒဏ် စသည်တို့မှ လွတ်မြောက်နိုင်၏၊ လူ နတ်တို့သည် ချစ်၏၊ နတ်တို့သည်စောင့်ရှောက်၏၊ သတ္တဝါတွေ အပေါ် မေတ္တာ ကရုဏာ မုဒိတာ ဘာဝနာ ပွားများနေခြင်းကြောင့် ရောဂါဘေး အန္တရာယ် အမျိုးမျိုးတို့မှ

ကင်းလွတ်သည်ဖြစ်၍ အသက်ရှည်ရှည် ချမ်းသာစွာ နေရ၏ လူ နတ်ဦးခိုက် ပူဇော်ခံရ၏၊ ထို့ကြောင့် အသက်သတ်လွတ် ရက်ရှည်မစားနိုင်သော်လည်း ဂိလာန ဥပပီဠကမင်းပြစ်မင်းဒဏ် သင့်နေသော ပုဂ္ဂိုလ်တို့ အတွက် ရွတ်ဘတ်ရမည့် နေ့ရက်၌ သီလစင်ကြယ်အောင်ကျင့် အသက်သတ်လွတ် စား၍ ရွတ်ဘတ် သရဏ္ဍာယ် မေတ္တာ ကရုဏာပွားရန် မေတ္တာ ရပ်ခံပါသည်။

## ပါထေယျလာ အာဋ္ဌာနာဋ္ဌိယသုတ်ကြီး ရွတ်မည့် ရဟန်းအိမ်သို့ပင့်ဆောင်နည်း

အသက်သတ်လွတ် စားမည့် အာဋ္ဌာနာဋ္ဌိယ သုတ်ကြီး ရွတ်မည့် ရဟန်းအိမ်သို့ ပင့်ဆောင်သောအခါ သေနတ် ဒါး လှံ ကိုင်ဆောင်သောသူများ ဝိုင်းရံလျက် အိမ်သို့ ပင့်ဆောင်ရမည်။

အိမ်သို့ ရောက်သော အခါ၌လည်း ပါထေယျလာ အာဋ္ဌာနာဋ္ဌိယသုတ်ကြီး ရွတ်မည့်ရဟန်းကို လက်နက်ကိုင်များ ဝိုင်းရံထားရမည်၊ အိမ်တံခါးမ လေသာ ပြူတင်းပေါက် တို့ကို ပိတ်ထားရမည်။

## အစောင့်အရှောက် မလိုသော ရဟန်းတော်များ မှာ ထား ချက်

၁။ ဈာန် အဘိညာဏ် တန်ခိုးသတ္တိရှိသော အရိယာ ခီဏာသဝ ရဟန္တာတို့၏ မဂ္ဂ ဖလ ဈာန သမာပတ္တိ အဘိညာဏ်တန်ခိုးသတ္တိဖြင့် ဘီလူး သားရဲအစရှိသည်

တို့သည် ဘေးရန်မပြုလုပ်နိုင်ကုန်၊ ထို့ကြောင့် ထို တန်ခိုးရှင် ရဟန္တာများကို လက်နက်ကိုင် လူတို့ ကာကွယ် စောင့်ရှောက်ရန် မလိုပေ။

၂။ အရိယ ခီဏာသဝ ရဟန္တာတို့သည် ဈာနသမာပတ္တိ နှင့် အဘိညာဏ် မရသော်လည်း မဂ္ဂ ဖလ သမာပတ္တိ တန်ခိုးတို့ဖြင့် ကာကွယ်စောင့်ရှောက်နိုင်သည် ဖြစ်၍ ယင်းသုက္ခဝိပဿက ရဟန္တာကိုလည်း စောင့်ရှောက် ဘွယ်မလိုပေ။

၃။ ဈာန် အဘိညာဏ်ရရှိသော တန်ခိုးရှင် ကလျာဏ ပုထုဇန် ရဟန်းဝိသေသသည်လည်း ဘီလူး သားရဲ တစ္ဆေ မြေဘုတ်စသည်တို့၏ ဘေးရန်မှ ကာကွယ် စောင့်ရှောက်နိုင်သည့် အပြင် ယင်း ဘီလူး သားရဲ တစ္ဆေ မြေဘုတ် စသည်တို့ကို ဈာန် အဘိညာဏ် တန်ခိုးသတ္တိဖြင့် လိုရာသို့ ပို့နိုင်ခြင်း နှင်ထုတ် နိုင်ခြင်း တန်ခိုးသတ္တိ ရှိသည်ဖြစ်၍ ယင်းတန်ခိုးရှင် ကလျာဏ ပုထုဇန် ရဟန်းများအား စောင့်ရှောက် ဘွယ်မလိုပေ။

## စောင့်ရှောက်ရမည့် ရဟန်းတော်များ

၄။ ဈာန် အဘိညာဏ် မရသော စာတုပါရိသုဒ္ဓိသီလ ရှိသော ပုထုဇ္ဇနပုဂ္ဂိုလ်များ ဖြစ်ပါမူ ဘီလူး သားရဲ တစ္ဆေ စသည်တို့ ရန်မူနိုင်၏၊ ယင်းဘီလူး သားရဲ တစ္ဆေ စသည်တို့ ရန်မမူနိုင်ရန် ၎င်းတို့ ကြောက်တတ်

သော သေနတ် ဒါး လှံ လေး မြှားကိုင်ဆောင်သော အင်အား တောင့်တင်းသော လူရွယ် လူသန် လူ မာဏဝတို့ဖြင့် အာဠွာနာဠိယ ပရိတ်ရွတ်မည့် ပုဂ္ဂိုလ်ကို အမြဲတမ်းဝိုင်းရံထားရမည်၊ သတိချပ်ပါလေ။

ဖော်ပြပါ အစီအစဉ်အတိုင်း ပြုလုပ်ပြီးပါမှ အာဠွာနာဠိယ ပရိတ်တော်ကြီးကို မနှေးလွန်း မမြန်လွန်း လာဘ်လာဘကို မငဲ့ကွက်ဘဲ မေတ္တာ ကရုဏာ ရှေ့ထား၍ ပုဒ် ပါဠိ အက္ခရာ ဌာန် ကရိုဏ်း ကျနသေချာစွာ ရွတ်ရမည်။

### ပရိတ်အကြိမ် အပိုင်းအခြားနှင့် နာရီအချိန် အပိုင်းအခြား သတ်မှတ်ပုံ

၁။ အခေါက် အပိုင်းအခြားအားဖြင့် တကြိမ်တခေါက်ဖြစ်စေ၊ သုံးကြိမ် သုံးခေါက်ဖြစ်စေ ငါးကြိမ် ငါးခေါက်ဖြစ်စေ၊ ခုနစ်ကြိမ် ခုနစ်ခေါက်ဖြစ်စေ၊ ကိုးကြိမ် ကိုးခေါက်ဖြစ်စေ၊ ရွတ်ရမည်။

၂။ နာရီအပိုင်းအခြားအားဖြင့် တနာရီဖြစ်စေ၊ နှစ်နာရီဖြစ်စေ၊ သုံးနာရီဖြစ်စေ၊ တဆယ့် နှစ်ရာရီဖြစ်စေ၊ အသံမပြတ်မစဲ ရွတ်ရမည်။

### ကျောင်း၌ ရွတ်ပုံ

၁။ (က) အိမ်၌ ဤအစီအစဉ် အတိုင်း ရွတ်ပွားလျက် မပျောက်လျှင် ကျောင်းသို့ယူဆောင်၍ကျောင်းတိုက်အတွင်း တဆောင်သော ကျောင်း၏ ဘုရားရှေ့၌ ဖြစ်စေ။

(ခ) သို့မဟုတ် စေတီယင်ပြင် သန့်ရှင်းသော နေရာ၌ ဖြစ်စေ လူမမာကို နေနိုင်သော ဣရိယာပုထ်ဖြင့် ထားရမည်။

၂။ စေတီယင်ပြင်၌တံမြက်လှဲ၍ ပန်း ရေ အမွှေးတိုင် ဆီမီး တို့ကို ညီညွှန်း ပူဇော်ပြီး သံဃာစည်းဝေးရမည်။

၃။ ထို့နောက် သမန္တာ စသော နတ်ဖိတ်ဂါထာတို့ဖြင့် သော်၎င်း၊ သို့မဟုတ် မြန်မာဘာသာဖြင့်သော်၎င်း၊ အလုံးစုံသောနတ်များကို ဤသံဃာ့အစည်းအဝေးသို့ လာရောက်တရားနာရန် ဖိတ်မံရမည်။

၄။ အထူးအားဖြင့် သံဃအမိန့်နှင့် ကျောင်းတိုက်အရာမ် အတွင်း စောင့်ရှောက်သော နတ်မင်း ကြီးကို ဖိတ်ရမည်။

၅။ နတ်မင်းကြီးလာလျှင် သံဃာ့များက သမ္မုတိပေး ထားသော မထေရ်မြတ်က သင့်အတွက် စေတီ၌ ဆွမ်း ဆီမီး ပန်းအမွှေးတိုင် ကုသိုလ်ပြုထားသည်၊ သာဓုခေါ်ပါ၊ ဤလူမမာ၌ ပူးကပ်နေသော ဘီလူး သားရဲဘေးမှ ကင်းလွတ်အောင် စောင့်ရှောက်ပါဟု ပန်ကြားရမည်၊ မင်္ဂလာစကား ပြောကြားရမည်၊ မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်တို့ ကိုရွတ်ရမည်၊ နတ်မင်းလာ၍ ရောဂါပျောက်ကင်း အောင် လုပ်ပေးလျှင် ကောင်းလေစွ၊ ဘီလူး သားရဲ များသည် သားငါးအလွန်ကြိုက်နှစ်သက်သည်ဖြစ်၍

ဘီလူးသားရဲ ပူးဝင်သောသူသည် သားငါး အမဲတို့မှ ရှောင်ကြဉ်၍ အသက်သတ်လွတ်စားရမည်၊ လုံးဝ သက်သတ်လွတ် မစားနိုင်လျှင် ကုန်းသတ္တဝါသား များ ရှောင်၍ ရေသတ္တဝါငါးခြောက် ငါးကြော် ချဉ်ဟင်း ချိုဟင်း လက်သုတ်တို့ဖြင့် စားရမည်၊ ထောပတ်ဆီ အနည်းငယ်သာ ထည့်ပါ၊ မီးလွတ် သစ်သီးများသာ စားသုံးလျှင် အမြန်ပျောက် နိုင်မည်။

**ဒုတိယအဆင့် ပူးသောနတ်ဘီလူးအား မေးရပုံ**

နတ်မင်းလာ၍ ပျောက်ကင်းအောင် မလုပ်ပေးနိုင်သော် ငင်း၊ နတ်ခင်းမလာလျှင်သော်ငင်း၊ ဘီလူး သားရဲ ပူးနေ သော သူအား သံဃာတွင် သမ္မုတိရ မထေရ်က မေးရမည်။

**မေး။** ။သင် ဘယ်သူနည်း။
**ဖြေ။** ။တပည့်တော်မည်သူ....ပါဘုရား။
**မိန့်။** ။ဤ....အမည်ရှိသော ဘီလူး။ သင့်အတွက် ဘုရားအား ပန်း ဆီမီးအမွှေးတိုင် ရေချမ်း စသည်တို့ ကို ပူဇော်ထားပါ၏၊ သံဃာတော်အားဆွမ်းကျွေး၏၊ သင် သာဓုခေါ်ပါ၊ သံဃာတော်၌ ရှိသေသော် အားဖြင့် ဤ....သူကို လွှတ်ပါဟု မေတ္တာရပ်ခံ ပြော ရမည်၊ မင်္ဂလသုတ် စသည်ရွတ်ရမည်။

တတိယဆင့် မလွှတ်လျှင် အကယ်၍ တတိယဆင့် ပြုပါ လျက် ဘီလူးသည် လူမမာကို မလွှတ်လျှင် နောက်ဆုံး

အာဋာနာဋိယ ဝေဂဗ္ဗာ ပဏ္ဏာကာ စသော နတ်စစ်သူကြီးတို့ အမည် အကုန်အစင် ထုတ်ဖော်၍ ထိုနတ်စစ်သူကြီးတို့အား အမိန့်တော်ပြန်တိုင်ကြားပြီး အာဋာနာဋိယသုတ်ကို အက္ခရာ ပုဒ် ဗျဉ်း မှန်ကန် ဌာန် ကရိုဏ်း ပယတ် ကျနစွာ အမိန့်တော်ပြန် ရှေ့အစီ အစဉ်အတိုင်း ရွတ်ရမည်။

ဤကား လူကို စုန်း ဘီလူး သားရဲ ပူးဝင်ရာ၌ ရွတ်ရသော အစီအရင်တည်း။

**ရှင်ရဟန်းများ ဘီလူး သားရဲ ပူးဝင်လျှင် ရွတ်ရပုံ**

၁။ ရှင် ရဟန်းများ ဘီလူး သားရဲ ပူးဝင်လျှင် ရှေးဦးစွာ ကျောင်းတွင် သံဃာစည်းဝေး၍ တံခါးပိတ်ပြီး လူကို ရွတ်ပုံအစီအစဉ်အတိုင်း ရွတ်ရမည်။

၂။ ကျောင်းတွင် ရွတ်၍မရလျှင် ဘုရားယင်ပြင် ကောင်းသောနေရာ လူဂိလာန၌ ဆိုခဲ့ပြီးသည့် အစီအစဉ်အတိုင်း ရွတ်ခြင်းကို ပြုလုပ်ရမည်။

**အိမ်သစ်တက်ရာ၌ ရွတ်ရမည့် ပရိတ်များ**

၁။ မင်္ဂလသုတ် ၄။ ဓဇဂ္ဂသုတ်
၂။ မေတ္တသုတ် ၅။ ပုဗ္ဗဏှသုတ်
၃။ မဟာသမယသုတ်။

မှတ်ချက်။ ။ပရိတ်ရွတ် ကမ္မဝါစာဘတ်သော ရဟန်းတော်များ အသက်သတ်လွတ်စားရမည်၊ ဂိလာနရဟန်းလည်း အသက်သတ်လွတ်စားရမည်၊ ဆွမ်းဒါယကာများကလည်း အသက်သတ်လွတ် ဆွမ်းကပ် ဆွမ်း

ကျွေးရမည်၊ အသက်လွှတ်စားသော ပုဂ္ဂိုလ်များ ရွတ်လျှင် သာ၍ တန်ခိုးထက်မြက်သည်။

## စီ စဉ် ပုံ

၁။ အမွှေးတိုင် ဆီမီး ညှိထွန်းရမည်။

၂။ ပရိတ်ရေအိုး၌ သပြေစသော ပန်း ၇-မျိုး ၉-မျိုး ၁၀-မျိုး ထိုးရမည်။

၃။ နံ့သာ ရေမွှေးထည့်ထားသော ရွှေ ငွေ ကြေးဖလား ၌ ရတနာ ၇-မျိုး ၉-မျိုး ၁၀-မျိုးထည့်ရမည်။

၄။ ယင်း ရတနာမျိုးစုံ ထည့်ထားသော နံ့သာရေမွှေး ရေဖြင့် ဘုရားကျောင်းဆောင်နှင့် အိမ် နတ်ကွမ်း နက်နန်း နတ်များကို အမွှေးနံ့သာထုံသင်း ပူဇော် ရမည်၊ (အရပ်) ရေးထားသော အုဌ်ငွေပြား သဲ ကျောက် စသည်များကို အထက်က ဖော်ပြခဲ့ပြီး သည့်အတိုင်း ပြုလုပ်ရမည်။

## ကျောင်း အိမ် ဆောက်မည့်နေရာ၌ ရွတ်ရမည့် ပရိတ်များ

(၁) သမန္တာ၊ (၂) မေတ္တာသုတ်၊ (၃) ရတနသုတ်၊ (၄) ဓဇဂ္ဂသုတ်၊ (၅) ပုဗ္ဗဏှသုတ်ကို ရွတ်ပြီး၍ ရဟန်းတော် ခြင်း ဟတ္ထပါသ် စပ်အောင်နေပြီး ရှေးဦးစွာ သိမ်နှုပ်ကမ္မဝါ စာ ဖတ်ရသလို ၁- နံပါတ် ပခုက္ကူ အန္တရာယသမုဂ္ဃါတ ကမ္မဝါစာ ဖတ်ရမည်၊ ဖတ်ပြီးနောက် အိမ်ခြံဝင်းပတ်မိအောင် စည်းတားရမည်၊ ပက်ဖြန်းရမည့် ပရိတ်ရေကိုလည်း ထိုနည်း

ရင်း သဲအတိုင်း ပြုလုပ်ရမည်၊ ပရိတ်ပန်းတို့ကို အိမ် ကျောင်း အရပ် နံရံတို့၌ ထိုးချိပ်ထားရမည်၊ ပရိတ်ချည်ကို အိမ်ဝန်း ကျောင်းဝင်း၌ ပတ်ထားရမည်၊ ထို့နောက် အိမ်အရပ် ကျောင်း အရပ်၏ အရပ်(၈)မျက်နှာ၌ (၈) ကျင်းတူးပြီး ပရိတ်သဲအိုး (၈) လုံးထည့်၍ နိမိတ်ကြားပြီးမှ မြှုတ်ထား ရမည်၊ သိမ်နိမိတ်ကြားသလို ကြားရမည်၊ ထို့နောက် ရဟန်း တော် တပါးသည် သိမ်နိမိတ်ကြားသကဲ့သို့–

မေး။ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ၊
ဖြေ။ ဝါလိကာ ပရိတ္တံ ဘန္တေ၊
မိန့်။ ဧတံ ဝါလိကာ ပရိတ္တံ နိမိတ္တံ၊ (ပါဠိ)၊
မေး။ အရှေ့အရပ်က နိမိတ်သည် အဘယ်နိမိတ်နည်း၊
ဖြေ။ ပရိတ်သဲပါ ဘုရား၊
မိန့်။ အရှေ့အရပ်၌ ထိုသဲသည် နိမိတ်အမှတ်အသားတည်း၊ (မြန်မာ)၊

ဤသို့သော နည်းအားဖြင့်အရှေ့အရပ်ကစ၍ အရပ်(၈) မျက်နှာ ပတ်မိထပ်မိအောင် အရှေ့အရပ်ထိ နိမိတ်ကြားရာ၏။

ထို့နောက် သမာနသမ္မုတိ ကမ္မဝါစာလို ၂–နံပါတ် အနန္တရာယိက သမ္မုတိကမ္မဝါစာ အဝိပ္ပဝါသ ကမ္မဝါစာလို ၃–နံပါတ် အနန္တရာယိက ကရဏ ကမ္မဝါစာတို့ကို ဖတ်ရွတ် ရာ၏၊ အကျယ်အလိုရှိလျှင် ပခုက္ကူ အန္တရာယ်ကင်းကမ္မဝါစာ တွင် ကြည့်ရှုကြပါကုန်။

## (၁၁) ပရိတ် ၁၁-သုတ်ရွတ်ပုံသစ္စာပြုပုံ နတ်ဖိတ်ရန် ဂါထာ

သမန္တာ စက္ကဝါဠေသု (ပ) မေ့သဝဏကာလော အယံ ဘဒ္ဒန္တာ။

အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ ထက်ဝန်းကျင်မှ စကြဝဠာပေါင်း တိုက်တသောင်း၌ နေကြ ကုန်သော သက်ဆိုင်ရာ နတ်အပေါင်းတို့သည် စကြာဝဠာပေါင်း ကုဋေ တသိန်း အာဏာစက် ပြန့်နှံ့နိုင်သော ဤပရိတ်ရွတ်ရာ....အရပ် သို့ လာကြစေကုန်သတည်း။

နတ်ပြည် နိဗ္ဗာန်ချမ်းသာကို ပေးတတ်သော ရဟန်းမင်း မြတ်စွာဘုရား၏ ပရိတ် တရားတော်ကို နာကြ စေကုန် သတည်း။

အို....သက်ဆိုင်ရာ နတ်အပေါင်းတို့ ဤအခါသည်ကား ပရိတ်တရားတော်ကို နာအံ့သော အခါပေတည်း။ (သာဓု ခေါ်ရန်)။

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

ယေသန္တာ (ပ) အာရက္ခံ ဂဏှန္တု။

သာသနဿစ၊ မြတ်စွာဘုရား သာသနာတော်၏ လည်းကောင်း။ လောကဿစ၊ သတ္တဝါ အပေါင်း၏ လည်းကောင်း။ သမ္ပဒါ၊ အခါခပ်သိမ်း။ ဝုဍ္ဍိ၊ တိုးတက် ကြီးပွားခြင်းသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။ သာသနမ္ပိစ၊

မြတ်စွာဘုရား သာသနာ တော်ကို လည်းကောင်း။ လောကဥ္စ၊ သတ္တဝါအပေါင်းကို လည်းကောင်း။ ဒေဝါ၊ နတ်အများ တို့သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ ဘုရားအမိန့် တရားအမိန့် သံဃာအမိန့်ဖြင့် ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှ ကင်းစင် လွတ်မြောက်၍ လောကီ လောကုတ္တရာ စီးပွား ချမ်းသာ ကြက်သရေ မင်္ဂလာ တိုးတက်အောင် စောင့်ရှောက် ကြပါစေကုန်သတည်း။ (သာဓုခေါ်ရန်)။

သဗ္ဗေ၊လူ နတ် ဗြဟ္မာ နဂါး ဂဠုန်သတ္တဝါလုံးစုံတို့သည်။ အတ္တနော၊ မိမိ၏။ ပရိဝါရေဟိ၊ ခြွေရံသင်းပင်း တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ သုခီ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဟောန္တု၊ မုချ ပုံသေ ဖြစ်ပါစေ ကုန်သတည်း။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေအမျိုး တို့နှင့်။ သဟ၊ အတူတကွ။ အနီဃာ၊ ဆင်းရဲ မရှိကုန်သည်။ သုမနာ၊ နှစ်သက် ရွှင်လန်း စိတ်ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ (သာဓု ခေါ်ရန်)။

## (၁) မင်္ဂလသုတ်ရွတ်ပြီး သစ္စာပြုပုံ

ယံ မင်္ဂလံ ဒွါဒသဟိ (ပ) တံ တေ မင်္ဂလ မုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ (တုမှာကံ) ဟောတု
သဗ္ဗဒါ။

ဧတေန သစ္စဝဇ္ဇေန၊ မြတ်စွာဘုရားသည် ဟောတော်မူ အပ်သော ၃၈-ဖြာ မင်္ဂလာတရားတော်ကို ကျင့်သုံးသူ

အပေါင်း ပစ္စက္ခစီးပွားချမ်းသာ မင်္ဂလာတိုးတက်၍ တမလွန် ဘဝ မင်္ဂလေးတန် ဖလလေးဝ နိဗ္ဗာန် တည်းဟူသော လောကုတ္တရာ မင်္ဂလာပန်း ဆင်မြန်းရသဖြင့် ချမ်းသာသုခ လွန်ပြည့်ဝ၏ဟု မှန်ကန်စွာပြောဆိုရသော ဤသစ္စာစကား ကြောင့်။ ဝေါ၊ သင့်အား။ (တုမှာကံ၊ သင်တို့အား)။ သဗ္ဗဒါ၊ နှစ် လ နေ့ ရက် မိနစ်ကွက်မခြာ အခါခပ်သိမ်း။ သောတ္ထိ၊ ဘေးရန်ကင်းရှင်း ချမ်းသာခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

## (၂) ရတနသုတ်တော်ရွတ်ပြီး သစ္စာပြုပုံ

ပဏိဓာနတော ပဋ္ဌာယ (ပ) ပရိတ္တံ တံ ဘဏာမဟေ။

ဟေ၊ အို...သူတော်ကောင်းတို့။ ပဏိဓာနတော၊ ဒီပင်္ကရာ ဘုရားမြတ်ထံ ဘုရားဆုပန်သည်မှ။ ပဋ္ဌာယ၊ အစပြု၍။ တထာဂတဿ၊ မြတ်စွာဘုရား၏၊ ဒသပါရမိယော၊ ဆယ်ပါး သော ပါရမီတို့ရင်း။ ဒသဥပပါရမိယော၊ ဆယ်ပါးသော ဥပပါရမီတို့ရင်း။ ဒသပရမတ္ထပါရမီယော၊ ဆယ်ပါးသော ပရမတ္ထပါရမီတို့ရင်း။ ဣတိ၊ ဤသို့။ သမတ္တိံသပါရမီယော၊ အမျှ သုံးဆယ်သော ပါရမီတို့ကိုရင်း။ ပဉ္စမဟာပရိစ္စာဂေ၊ ငါးပါးသော စွန့်ခြင်းကြီး တို့ကိုရင်း။ လောကတ္ထစရိယံ၊ သတ္တဝါများ အကျိုးငှာ ကျင့်တော်မူခြင်းရင်း။ ဉာတတ္ထ စရိယံ၊ ဆွေမျိုးများ အကျိုးငှာ ကျင့်တော်မူခြင်းရင်း။ ဗုဒ္ဓတ္ထစရိယံ၊ ဘုရားဖြစ်ရန်အကျိုးငှာ ကျင့်တော်မူခြင်းရင်း။ ဣတိ၊ ဤသို့။ တိဿော၊ သုံးပါးကုန်သော။ စရိယာယော၊

အကျင့်တို့ကိုရင်း။ ပစ္ဆိမဘဝေ၊ ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌။ ဂဗ္ဘဝေါက္ကန္တိံ၊ မယ်တော်ဝမ်း၌ သက်ဆိုက် စံနေသန္ဓေယူတော် မူခြင်းကိုရင်း။ ဇာတိံ၊ ဖွားမြင်တော်မူခြင်းကိုရင်း။ အဘိနိက္ခမနံ၊ မြတ်သောတောထွက်တော် မူခြင်းကိုရင်း။ ပဓာနစရိယံ၊ ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင်ကျင့်တော်မူခြင်းကိုရင်း။ ဗောဓိပလ္လင်္ကေ၊ ဗောဓိညောင်ရွှေပလ္လင်ဗွေ၌။ မာရဝိဇယံ၊ မာရ်ငါးပါးကို အောင်တော်မူခြင်းကိုရင်း။ သဗ္ဗညုတဉာဏပ္ပဋိဝေဓံ၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော် မူခြင်းကိုရင်း။ ဓမ္မစက္ကပဝတ္တနံ၊ ဓမ္မစကြာတရားဟောကြားတော်မူခြင်း ကိုရင်း။ နဝ၊ ကိုးပါး ကုန်သော။ လောကုတ္တရဓမ္မေ၊ လောကုတ္တရာတရား တော်တို့ကိုရင်း။ ဣတိ၊ ဤသို့။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဣမေဗုဒ္ဓဂုဏေ၊ ဤမြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို။ အာဝဇ္ဇေတွာ၊ ဆင်ခြင်တော်မူ၍။ ဝေသာလိယာ၊ ဝေသာလီ ပြည်၏။ တိသုပါကာရန္တရေသု၊ တံတိုင်း သုံးထပ်ကြားအရပ်တို့၌။ တိယာမရတ္တိံ၊ ညည့်သုံးယာမ်ပတ်လုံး။ ပရိတ္တံ၊ ရတနသုတ်ပရိတ်အရံအတားကို။ ကရောန္တော၊ ပြုတော်မူသော။ အာယသ္မာ အာနန္ဒတ္ထေရောဝိယ၊ အရှင်အာနန္ဒာ မထေရ်ကဲ့သို့။ ကာရုညစိတ္တံ၊ ကရုဏာစိတ်ကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေကြကုန်၍။ ကောဋိသတသဟဿေသု၊ ကုဋေ တသိန်းကုန်သော။ စက္ကဝါဠေသု၊ စကြဝဠာတို့၌။ ဒေဝတာ၊ နတ်ဗြဟ္မာတို့သည်။ ယဿ၊ အကြင်ရတနသုတ် ပရိတ်တော်၏။ အာဏံ၊ တန်ခိုး

အာဏာ အရှိန်အဝါကို။ ပဋိဂ္ဂဏှန္တိ၊ ခံယူကြကုန်၏။ ယံ၊ အကြင် ရတနာ့သုံး ပရိတ်တော်သည်။ ဝေသာလိယာ၊ ဝေသာလီမည်သော။ ပုရေ၊ ပြည်၌။ ရောဂါမနုဿဒုဗ္ဘိက္ခ သမ္ဘူတံ၊ ရောဂါထူးခြား ဘီလူးများနှင့် အစာရှားခြင်းကြောင့် ဖြစ်ပေါ်လာသော။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဘယံစ၊ ဘေးကိုရင်း။ ခိပ္ပံ၊ လျင်မြန်စွာ။ အန္တရဓာပေသိ၊ ကွယ်ပျောက်စေခဲ့လေပြီ။ တံပရိတ္တံ၊ ထိုရတနာ့သုံး ပရိတ်တော်ကို။ (မယံ၊ ငါတို့သည်)။ ဘဏာမ၊ ရွတ်ကြကုန်စို့။ (သာဓုခေါ်ရန်)။

ယာနီဓ ဘူတာနိ (ပ) သုဏန္တု ဘာသိတံ။

ဣဓ၊ ဤအရပ်၌။ ဘုမ္မာနိ၊ မြေ၌ဖြစ်ကုန်သော။ ယာနိ ဘူတာနိဝါ၊ အကြင်နတ်တို့သည်လည်းကောင်း။ အန္တလိက္ခေ၊ ကောင်းကင်၌။ ယာနိဘူတာနိဝါ၊ အကြင် နတ်တို့သည်လည်းကောင်း။ သမာဂတာနိ၊ စည်းဝေး ရောက်လာကြကုန်၏။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ တေ၊ ဘူတာ၊ ထိုနတ်အများတို့သည်။ သုမနာ၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက် ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြကုန်လော့။ အထောပိ၊ ထို့မှတပါးလည်း။ ဘာသိတံ၊ ငါတို့သည် ရွတ်ဆိုအပ်သောဘုရား တရားတော်ကို။ သက္ကစ္စ၊ အရိုအသေပြု၍။ သုဏန္တု၊ နာယူကြကုန်လော့။ (သာဓုခေါ်ရန်)။

တသ္မာဟိဘူတာ (ပ) ရက္ခထ အပ္ပမတ္တာ။

ဘူတာ၊ နတ်အများတို့။ တသ္မာဟိ၊ ထိုသို့တရားနာရန် ငါတို့တိုက်တွန်းတော် မူခဲ့သည်၏ အဖြစ်ကြောင့်သာလျှင်။

(တုမေ့၊ သင်တို့သည်)။ နိသာမေထ၊ နားစိုက်ကြကုန်လော့။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ (တုမေ့၊ သင်တို့သည်)။ မာနုသိယာပဇာယ၊ လူသားများအပေါ်၌။ မေတ္တံ၊ ချစ်မြတ်နိုးခြင်းကို။ ကရောထ၊ ပြုကြကုန်လော့။ ယေ၊ အကြင်လူတို့သည်။ ဒိဝါစ၊ နေ့အခါ၌ရင်း။ ရတ္တောစ၊ ညဥ့်အခါ၌ရင်း။ ဗလိံ၊ ပူဇော်ဘွယ်ရာကို။ ဟရန္တိ၊ ဆောင်ယူပူဇော်ကြကုန်၏။ တသ္မာဟိ၊ ထို့ကြောင့်ပင်လျှင်။ နေ၊ ထိုလူတို့ကို။ အပ္ပမတ္တာ၊ မမေ့မလျော့ ကြကုန်ဘဲ။ ရက္ခထ၊ ဘုရားအမိန့် တရားစကား သံဃာဂုဏ်တော်တို့ဖြင့် အမြဲစောင့်ရှောက်ကြကုန်လော့။ (သာဓုခေါ်ရန်)။

## (၁) ဘုရား ဂုဏ်

ယံ ကိဉ္စိဝိတ္တံ (ပ) ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေနသစ္စေန၊ လူ နတ် ဗြဟ္မာ ဂဠုန် နာဂါ ဘုံ၌ဘာနာတို့၌ ဘုရားရတနာနှင့် တူသော ရတနာမရှိ၊ ဘုရားရတနာသာ အမြတ်ဆုံးဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။ ပဝတ္တာ၊ ဖြစ်သော။ ရောဂါ၊ ရောဂါမှ။ မုစ္စိတွာ၊ ကင်းလွတ်၍။ သုဝတ္ထိ၊ ကိုယ်၏ကျန်းမာခြင်း စိတ်၏ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## (၂) တရားဂုဏ် (၁)

ခယံ ဝိရာဂံ (ပ) ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စေန၊ မြတ်စွာဘုရားသည် အာရုံပြုသော အားဖြင့် ရအပ်သော ကိလေသာစင် ရာဂကင်း သေခြင်းမရှိ

သော နိဗ္ဗာန်သည် မြတ်၏ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။ ပဝတ္တာ၊ ဖြစ်သော။ ရောဂါ၊ ရောဂါမှ။ မုစ္စတု၊ ကင်းလွတ်၍။ သုဝတ္ထိ၊ ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

တရားဂုဏ် (၂)

ယံ ဗုဒ္ဓသေဋ္ဌော (ပ)ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေနသစ္စေန၊ ဘုရားမြတ်စွာသည် ချီးမွမ်းအပ်သည် ဖြစ်၍ ကိလေသာစင်ဘိ အာနန္တရိက မည်ရှိ အရိယ ဖလ သမာဓိသည် မြတ်၏ ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ သင်၏။ သရီရေ၊ ကိုယ်တွင်း ကိုယ်ပနှစ်ဌာန၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စတု၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

(၃) သံဃဂုဏ် (၁)

ယေ ပုဂ္ဂလာ(ပ)ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စေန၊ သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သည် ဖြစ်၍ ကံနှင့် ကံကျိုး မျှော်ကိုး ရည်သန် ကောင်းမှုမှန်ကို ခံထိုက်သော ရှစ်ပါး ပုဂ္ဂလာ စုံလေးဖြာ သားတော်သံဃာ အရိယာတို့၌ ပေးစွန့်အပ်သော အလှူတို့သည် ကြီးကျယ်အကျိုး ဖွံ့ဖြိုး တိုးတက်ကုန်၏ ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ ၏။ သရီရေ၊ ၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စတု၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

## သံဃဂုဏ် (၂)

ယေ သုပ္ပယုတ္တာ(ပ) ဧတေန သစ္စေန သုဝတ္ထိဟောတု။

ဧတေန သစ္စေန၊ သမာဓိမြဲစွာ ကိလေသာ ထွက်မြောက် အရဟတ္တသို့ရောက်ကုန်သော အရဟန္တမည်တွင် အရှင်တို့သည် မသေရာမှန် မြတ်နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် အငြိမ်းခာတ် အရသာကို ခံစားလျက်နေကြကုန်၏ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ ၏။ သရိရေ၊ ၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စိတ္ဝာ၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

## သံဃဂုဏ် (၃)

ယထိန္ဒခီလော(ပ) ဧတေနသစ္စေန သုဝတ္ထိ ဟောတု။

ဧတေနသစ္စေန၊ မြေ၌မြုပ်ထား တံခါးတိုင်လား သစ္စာလေးဝ မြတ်ဓမ္မကို ထိုးထွင်းသိထား ပုဂ္ဂိုလ်များကို ကိလေသာလေ မမွေ့ မလှုပ်နိုင်ဟု မှန်ကန်သော သစ္စာစကားကြောင့်။ တေ၊ ၏။ သရိရေ၊ ၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စိတ္ဝာ၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

## သံဃဂုဏ် (၄)

ယေ အရိယသစ္စာနိ(ပ)ဧတေနသစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စေန၊ သစ္စာလေးဝ မြတ်ဓမ္မကို ထင်ထင်ရှားရှား သိမြင်ထားသော သတ္တက္ခတ္တုပရမ သောတာပန်သည် ငါးဖြာအာရုံ ကာမဂုဏ်ညစ် မှုးယစ်မေ့လျော့ ပျော်ပျော်နေငြားသော်လည်း ရှစ်ကြိမ်မြောက်ဘဝေ သန္ဓေမနေဟု

မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ ၏။ သရီရေ၊ ၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စိတွာ၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

သံဃဂုဏ် (၅)

သဟာဝသ ဒဿနသမ္ပဒါယ(ပ) တေန သစ္စေန သုဝတ္ထိ ဟောတု။

တေန သစ္စေန၊ သောတာပတ္တိမဂ်ဉာဏ် အမြင်သန့်သည်နှင့် တပြိုင်နက် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ ဤသုံးဝ လုံးဝပယ် အနည်းငယ် ကြွင်းကျန် ကိလေသာရန်ကိုစွန့် အပါယ်လေးဝတို့မှ လွတ်သော သောတာပန် အရိယသည် ပဉ္စာနန္တရိယ အညသတ္ထာရ ဤခြောက်ဝသော အဘိဌာနတို့ကို ပြုခြင်းငှာ မသင့် ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ ၏။ သရီရေ၊ ၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စိတွာ၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

သံဃဂုဏ် (၆)

ကိဉ္စာပိ သော (ပ) တေန သစ္စေန သုဝတ္ထိ ဟောတု။

တေန သစ္စေန၊ ကိုယ် နှုတ် စိတ်တို့ဖြင့် အနည်းငယ်သော မကောင်းမှုကို မေ့လျော့၍ပြုမိသော ထိုသောတာပန်သည် ယင်းပြုမိသော မကောင်းမှုကို ဖုံးကွယ်မထား ဖွင့်လှစ်ပန်ကြားတတ်၏ဟု မှန်ကန်သော ဤ သစ္စာစကားကြောင့်။ တေ၊ ၏။ သရီရေ၊ ၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စိတွာ၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

## ဘုရားဂုဏ် (၂)

ဝနပ္ပဂုမ္ဗေ (ပ) ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စေန၊ နွေဦးပေါက်စ တံခူးလဲ့ ‌တောက်ပ ပင်လုံး ပွင့်ရည်သုံး မွှေးထုံသော တောအုပ်သည် တင့်တယ် ရှုချင်ဖွယ်ရှိသလို စီးပွား ချမ်းသာ လွန်မြတ်စေခြင်းငှာ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို မြတ်စွာ ဘုရားသည် ဟောတော်မူတတ်၏ဟု မှန်ကန်သော ဤသစ္စာ စကားကြောင့်။ တေ၊ ၏။ သရီရေ၊ ၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စိတွာ၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

## ဘုရားဂုဏ် (၃)

ဝရော ဝရညူ(ပ) ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေန သစ္စေန၊ နတ်လူ အများ လိုလား တောင်းတအပ် နိဗ္ဗာန်မြတ် သိတတ် ကျင့်မြတ်ပေးတတ် သန္တိသုခ ယူဆောင် တော် မူတတ်သော မြတ်စွာဘုရားသည် အမြတ်တရား ဟောကြားမူတတ်၏ ဟု မှန်ကန်သော ဤ သစ္စာစကား ကြောင့်။ တေ၊ ၏။ သရီရေ၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စိတွာ၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

## သံဃဂုဏ်(၇)ပါး

ခီဏံ ပုရာဏံ (ပ) ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဧတေနသစ္စေန၊ ဆီ မီးဇာကုန်ခန်း မီးပန်း မီးခွက်တို့ သည် နောက်ထပ် တဖန်ဘောက်ပြန်ခြင်းမရှိ ငြိမ်းအေးဘိ သို့ ကုသိုလ် အကုသိုလ်မျိုးစေ့ကုန်စင် ရဟန္တာအရှင်တို့သည်

ဇီဝိန်ချုပ်ပြန် ပရိနိဗ္ဗာန်စံခဲ့သော် နောက်ထပ်ဘဝ ဆန္ဒတော် မရှိလှ၍ ဘဝဇာတ်သိမ်း ခန္ဓာငြိမ်းကုန်၏ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ ၏။ သရီရေ၊ ၌။ ပဝတ္တာ၊ သော။ ရောဂါ၊ မှ။ မုစ္စိတွာ၊ ၍။ သုဝတ္ထိ၊ သည်။ ဟောတု၊ သတည်း။

## ရတနာ ၃-ပါးဂုဏ်

ယာနီဓ ဘူတာနိ(ပ)သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ဧတေနသစ္စေန၊ မြေပြင် ကောင်းကင် အစဉ်မပြတ် တည်နေလတ်သော ငါတို့သည် လူနတ်အများ အားထားရသော ရတနာ သုံးချပ် မြတ်ဓမ္မကို ရှိသေမြတ်နိုး ရှိခိုးပါ၏ဟု ဤသစ္စာ စကားကြောင့်။ တေ၊ သင်၏။ (တုမှာကံ၊ သင်တို့၏)။ သရီရေ၊ ကိုယ်၌။ ပဝတ္တာ၊ ဖြစ်သော။ ရောဂါ၊ ရောဂါမှ။ မုစ္စိတွာ၊ ကင်းလွတ်၍။ သုဝတ္ထိ၊ ချမ်းသာခြင်း သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## (၃) မေတ္တာသုတ်ရွတ်ပြီးသစ္စာပြုပုံ

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဧတေနသစ္စဝဇ္ဇေန၊ လုံးစုံသတ္တဝါ ရန်မာရ် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ စိုးရိမ် ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ ဤသို့ မပြတ်မလတ် တတ်အားသမျှ မေတ္တာပွားများနေ သော သူသည် (အိပ်ကောင်း၊ အိပ်နိုး၊ မကောင်းမမက်၊ လူချစ် နတ်ချစ်၊ စောင့်ရှောက်လစ်၍၊ အဆိပ်လက်နက်

ကိုယ်ဝယ်မထိ၊ စိတ်တည် မျက်ရှင်၊ အိပ်သောယောကျ်ား နိုးသောလား၊ ရောက်ပြွားသုဂတိ၊ ဆယ့်တလီမျိုး၊ အကျိုး ရ၏)ဟု မှန်ကန်သော ဤသစ္စာ စကားကြောင့်။ တေ၊ သင့်အား။ သောတ္ထိ၊ ဘေးရန်ကုန်ကင်း ချမ်းသာမအေးမြ ခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဟောတု၊ ဖြစ်ပါစေ သတည်း။

## (၄) ခန္ဓသုတ်ရွတ်ပြီးသစ္စာပြုပုံ

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဧတေနသစ္စဝဇ္ဇေန၊ နတ်ဆေး နတ်မန္တန်သည် အလုံးစုံ သော အဆိပ်ရှိပြွား သတ္တဝါအများတို့၏ ပြင်းပြင်းထန်ထန် အဆိပ်မှန်သမျှကို ဖျက်ဆီး ဖြိုဖျက်နိုင်သလို ဤခန္ဓသုတ်ပရိတ် တော်သည် ဇာတိ အာဏာ ဝိသယ ခေတ်ဟူသမျှ၌ သက်ရှိ သတ္တဝါ ဟူသမျှတို့၏ ဘေးရန် အန္တရာယ် အသွယ်သွယ်ကို ခြွင်းချန်မထား ဆီးတားဖြိုဖျက် ကာကွယ်နိုင်၏ဟု မှန်ကန် သော ဤသစ္စာ စကားကြောင့်။ တေ၊ အား။ (တုမှာကံ၊ တို့အား)။သဗ္ဗဒါ၊အခါခပ်သိမ်း။ သောတ္ထိ၊ဘေးရန်ကင်းရှင်း ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## (၅) မောရသုတ်ရွတ်ပြီးသစ္စာပြုပုံ

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဧတေနသစ္စဝဇ္ဇေန၊ ဘုရားအလောင်း ဥဒေါင်းမင်းသည် ရှေးရှေးသော ဘုရားရှင်တို့၏ သဗ္ဗညုတ ဉာဏ်တော်နှင့် ဂုဏ်တော်တို့ကို အာရုံပြု၍ သံသရာမှ လွတ်ရန် ဗောဓိဉာဏ်

နှင့် ဘုရားရှင်တို့အား ရှိခိုးပါ၏ဟု အကျွန်ုပ်ကို အမြဲစောင့်ရှောက်ပါ၊ ဤသို့နံနက် အရှေ့ အရပ်မျက်နှာမူ, နေကိုကြည့်လျက် ညနေ အနောက်အရပ် မျက်နှာမူ, နေကိုကြည့်ကာ အရံအတားကို ပြုလုပ်သဖြင့် ဘေးရန်ကင်း၏ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## (၆) ဝဋ္ဋသုတ်ရွတ်ပြီးသစ္စာပြုပုံ

တေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

တေနသစ္စဝဇ္ဇေန၊ ဘုရားအလောင်းသည် ငုံးမင်းဖြစ်စဉ်တောမီးတွေ ဝိုင်းနေသောအခါ ရှေးဘုရားရှင်တို့၏ သီလမေတ္တာ ကရုဏာ သစ္စာဂုဏ်တို့ကိုအာရုံပြုလျက် သင်တောမီး- ကျွန်ုပ်ကား အတောင်ရှိ၍ မခတ်နိုင်၊ ခြေထောက်ကားရှိ၍ မသုံးဆောင်နိုင်၊ မိဘနှစ်ပါးတို့ကား စွန့်ပစ်၍ ထွက်ပြေးသွားကြကုန်ပြီ၊ သင်တောမီး ဆုတ်ဖဲလော့ ဤသို့သစ္စာစကား ပြောကြားလိုက်သည်နှင့် တပိုင်နက် အလျှံတပြောင်ပြောင် တောက်လောင် နေသော တောမီးသည် ရေသို့ရောက်ခါ ငြိမ်းသွားသကဲ့သို့ ၁၆-ကရီအရပ်မှ ပယ်ရှောင်၍ ငြိမ်း၏ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ သင်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

## (၇) ဓဇဂ္ဂသုတ်ရွတ်ပြီး သစ္စာပြုပုံ

ဧတေနသစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဧတေန သစ္စဝဇ္ဇေန၊ ရတနာသုံးပါး ဂုဏ်တော်များကို အားထား ပွားများသော သူသည် ကောင်းကင်၌သွား မြေပြင်လား ဒါးပြ ဘီလူး ဘေးထူးထူးမှ လုံးဝလွတ်မြောက်နိုင်၏ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာရွှင်ပြ ဘေးမခဘဲ အေးမြခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## (၈) အာဋာနာဋိယသုတ်ရွတ်ပြီး သစ္စာပြုပုံ

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဧတေန သစ္စဝဇ္ဇေန၊ ၇-ဆူသော ဘုရားဂုဏ်တော်များကို ရွတ်ပွား ရှိခိုး အားကိုးသူသည် ဘီလူး အန္တရာယ် အသွယ်သွယ် ကာကွယ်ပယ်ဖျောက်နိုင်၏ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သုဝတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## (၉) အင်္ဂုလိမာလသုတ်ရွတ်ပြီးသစ္စာပြုပုံ

ဧတေနသစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

ဧတေနသစ္စေန၊ သက်ရှယ်နုနယ် အိုနှမငယ် ငါသည် အရိယာဇာတ်ဖြစ်သော နေ့မှစ၍ သေစေလိုသော စေတနာဖြင့် စေ့ဆော်ကြိုးကုတ် အားထုတ်၍ သတ္တဝါကို ဇီဝိတိန္ဒြေမှ မချဘူး မသတ်ဘူး မညှဉ်းဆဲ မနှိပ်စက်ဘူးပါဟု မှန်ကန်စွာ

ပြောဆိုရသော ဤသစ္စာစကားကြောင့်။ တေ၊ သင်နှမငယ် အား။ သောတ္ထိ၊ ချမ်းချမ်းသာသာ မွေးဖွားနိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ တေ၊ သင်နှမငယ်၏။ ဂဗ္ဘဿ၊ ဝမ်း၌မှီတွယ် သားသူငယ်လေးအား။ သောတ္ထိ၊ ချမ်းသာ ခြင်းသည်။ (ဝါ)ချမ်းချမ်းသာသာ မွေးဖွားလာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## (၁၀) ဗောဇ္ဈင်္ဂသုတ်ရွတ်ပြီးသစ္စာပြုပုံ

ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဧတေနသစ္စဝဇ္ဇေန၊ ဗောဇ္ဈင်တရား ၇-ပါးကို ပွားများ လေ့လာသူသည် ဥဒ္ဒေ ယျငါးတန် တရားမှန်ကို အမှန်သိမြင် မဂ်ဉာဏ်ကို ထိုးထွင်း အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ကို မျက် မှောက်ပြုနိုင်၏ဟု မှန်ကန်သော ဤသစ္စာ စကားကြောင့်။ တေ၊ သင့်အား။သောတ္ထိ၊ သည်။ သဗ္ဗဒါ၊ သိမ်း။ ဟောတု၊ သတည်း။

ဧတေန သစ္စဝဇ္ဇေန၊ အရှင်မဟာကဿပ မူးဝေနာ၊ အရှင် မဟာမောဂ္ဂလ္လာန လေနာ နှိပ်စက်သောအခါ မြတ်စွာဘုရား သည် ဗောဇ္ဈင်တရား ၇-ပါးကို ဟောတော်မူသည်နှင့် တပြိုင်နက် တရားကို နှစ်သက်သောအားဖြင့် ရောဂါမှ လွတ် ကင်း၏ဟု မှန်ကန်သော ဤသစ္စာစကားကြောင့်။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။ ပဝတ္တာ၊ ဖြစ်သော။(ဝါ) စွဲကပ် နေသော။ ရောဂါ၊ ရောဂါမှ။ မုစ္စိတွာ၊ ကင်းလွတ်၍။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဧတေန သစ္စဝဇ္ဇေန၊ မြတ်စွာဘုရား ဝေဠုဝန္ဓာ သီတင်းသုံးစဉ်အခါ သွေးဒူလာ နှိပ်စက်သဖြင့် ရှင်စုန္ဒမထေရ်သည် ထိုဗောဇ္ဈင်တရား ၇-ပါးကို ရိုသေစွာ ရွတ်ကြားခဲ့သည်ရှိသော် ဝမ်းမြောက်စွာ ထိုခဏမှာ အနာမှထ၏ဟု မှန်ကန်သော ဤ သစ္စာစကားကြောင့်။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။ ပဝတ္တာ၊ ဖြစ်သော။ ရောဂါ၊ ရောဂါမှ။ မုစ္စိတွာ၊ ကင်းလွတ်၍။ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဧတေန သစ္စဝဇ္ဇေန၊ ဗောဇ္ဈင်တရား ၇-ပါးကြောင့် သုံးလီ မဟေသီတို့၏ အနာကိုပယ် ကိလေသာကိုဖြတ် အသစ်တဖန် မဖြစ်ပြန်သော သဘောသို့ရောက်၏ဟု မှန်ကန်သော ဤ သစ္စာစကားကြောင့်။ တေ၊ သင်၏။ သရီရေ၊ ကိုယ်၌။ ပဝတ္တာ၊ ဖြစ်သော။ ရောဂါ၊ ရောဂါမှ။ မုစ္စိတွာ၊ လွတ်မြောက်၍။ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ပရိတ်မှန်း

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ (ပ) ဝိနာသမေန္တု။

ယံ ဒုန္နိမိတ္တဉ္စ၊ မကောင်း သတ္တဝါ၊ များစွာ မြင်း-ဆင်၊ ဂျီ-သမင်နှင့် ခိုဝင် စွန်ရဲ၊ ပျားစွဲလင်းတ၊ ဥဗျိုင်း စသည်၊ များလှတချက်၊ လင်းဝက် ပိတုန်း၊ငုံးဝင် ချိုးနား၊ ပေါက်ငြားညောင်ပင်၊ ထို့ပြင် တောင်ပို့၊ သက်တန့်စိုတို့၊ မီးဖိုမှိုပေါက်၊ မှတ်လောက်မိုးစွန်၊ တိမ်တံခွန်နှင့်၊ ပြင်းထန်မိုးကြိုး၊ ထစ်ကြိုး

အော်လည်း၊ လျှောင်မည်လှုပ်၊ မီးရောင် ဥက္ကာ၊ တာရာ လ နေ၊ ကျစ်လေ ကြွေကျ၊ ရောင်မလှရှာ၊ များစွာ အပေါင်း၊ အကြင်မကောင်းသော အတိတ်နိမိတ်မျိုးသည်လည်းကောင်း။ ယံ အဝမင်္ဂလဥ္စ၊ အနိဋ္ဌ ဖလရုပ်၊ ဒုက္ခဝေဒနာ၊ များစွာ တွင်းကျင်း၊ ရေတွင်း ရေကန်၊ မကျန် တံတား၊ လင်းလွှား ကြိုးတန်း၊ ပျံသန်း ငှ့်ရှူး၊ ကျောင်းဆိုး အိမ်ဆိုး၊ ရှိုးသည့် တထွေ၊ မြေ နေ မကောင်း၊ ကျောင်းဆောက် အိမ်ဆောက်၊ ထုပ် လျှောက် သစ် ဝါး၊ အသား မမှန်၊ လှန်ကန် တချက်၊ အမျက်မတော်၊ ကြောင်ကျော်ဖွတ်တက်၊ ခွေး ဝက် ကြက်ကာ၊ စသည် အပေါင်း၊ အကြင် မကောင်း အမင်္ဂလာ ဟူသမျှသည် လည်းကောင်း။ အမနာပေါ၊ သော်သော မြည်သံ၊တညံညံနှင့်၊ မြည်သံကျစ်ကျစ်၊ မြည်ဟစ် ကျော်ကျော်၊ မတော်နားမှာ၊ မခံသာအောင်၊ မြည်လာသော။ ယော သကုဏဿ သဒ္ဒေါစ၊ လင်းတ ခင်ပုပ်၊ ငှက်ယုတ် ငှက်ဝါ၊ မြည်လာ ခွေးအ၊ ထိုမှ တထူး၊ တစ်တီတူးကာ၊ လန့်စိုးရွံ့ထိတ်၊ စိတ်မသန့်ဘွယ်၊ ကျယ်ကျယ်လောင်လောင်၊ထက်ခေါင်အိမ်မိုး၊ ဝင်ထိုးပျံသန်း၊ ငှက်သရမ်းမှ၊ များလှ အပေါင်း၊ အကြင် မကောင်းသော ငှက် စသည်တို့၏ မြည် သံသည်လည်းကောင်း။ ယော ပါပဂ္ဂဟော စ၊ ဂြိုဟ်အိမ် စန်းကျ၊ ပါပ သမာသ်၊ ဂြိုဟ်ပြွတ် ဂြိုဟ်ဝင်၊ဂြိုဟ်နင်း ဂြိုဟ်စီး၊ ထွက်ပြီးမငြိမ်၊ စန်းအိမ် လွန်းပြွတ်၊ နက္ခတ် ဂြိုဟ်ယိုင်၊ မခိုင်လှုပ်ရှား၊ မကောင်းထားသည့်၊ တခြား တွင်းဆိုး၊ အကျိုးမထင်၊ တစ္ဆေ တောသူ၊ ညှိုးနွမ်း ဆိုးယုတ်၊ စုံးဘုတ် ကဝေ၊ တစ္ဆေ မှင်စာ၊ မာတရာ ရက္ခိုက်၊ အတိုက်

အမြုပ်၊ အနှုပ်အဖွဲ့၊ အစွဲအလမ်း၊ အကြမ်းအနု၊ ပြုပြုသမျှ၊ ရုပ်မြုပ်နှံ့ထား၊ များစွာ အပေါင်း၊ အကြင် မကောင်းသော ဂြိုဟ်စီး ဒသာ ကံကြမ္မာ သည်လည်းကောင်း။ အကန္တံ၊ နှစ်သက်မရှိ၊ နောက်ကျိကျိနှင့်၊ မချိဝမ်းမှာ၊ မခံသာအောင်၊ သဒ္ဒါရှက်ထွေး၊ ကင်းဝေးစိတ်တွင်၊ အိပ်လျှင်မပြေ၊ မှိုင်ဝေဝေ နှင့်၊ အနေမကျ၊ စိတ်သောကကြောင့် ဖြစ်သော။ ယံ ဒုဿုပိ နဉ္စ၊ ကြောက်ဘွယ် လန့်ဘွယ်၊ အသွယ်သွယ်နှင့်၊ မဖွယ်အရုပ်၊ ကြမ်းကြုတ်ဖမ်းဆွဲ၊ အူသဲ ဝင်နှုတ်၊ ရိုက်ပုတ် ချီနှောင်၊ ကရောင် ကတန်း၊ မြည်တမ်း ငိုကြွေး၊ ပူဆွေး ဆူလှိုက်၊ မနှစ်ခြိုက်ပေ၊ မြွေပွေး မြွေဟောက်၊ ငန်းပြောက် ငန်းကျား၊ တောသား ခွေးရူး၊ လူရူး နှိပ်စက်၊ ဝက်ပက် ဆင်နင်း၊ နွား မြင်း သစ်ကျား၊ ကိုက်စား နှိပ်စက်၊ ထားချက် လှံဝင်၊ သစ်ပင် ထက်ကျ၊ ရာဇ ဘေးဒဏ်၊ ကောင်းကင် ပျံကာ၊ ကောင်းကင်ကျနှင့်၊ မီးပြ မီးသင့်၊ နိမ့်မြင့်လူးလာ၊ များစွာ အပေါင်း၊ မကောင်းသော အကြင် အိပ်မက် သည်လည်း ကောင်း။ ယေ အန္တရာယာစ၊ အကြင် ရောဂါ ဘေးဒဏ် အတန်တန် အသွယ်သွယ် အန္တရာယ်တို့သည် လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏။

တေ၊ သင် လူမမာ ..............................အား (တုမှာကံ၊ သင်..............................တို့အား)။ (ဝါ)တို့၏။ တေ ဒုန္နိ မိတ္တာဒယော၊ ထို မကောင်းသောနိမိတ် အစရှိသည်တို့သည်။ (ဝါ) ထို မကောင်းသော နိမိတ် မကောင်းသော အမင်္ဂလာ မကောင်းသော အသံ မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်း

မကောင်းသော အိပ်မက် မကောင်းသော ရောဂါ ဘေးဒဏ် အန္တရာယ် အသွယ်သွယ်တို့သည်။ ဗုဒ္ဓါနုဘာဝေနစ၊ မြတ်စွာ ဘုရား ဂုဏ်တော်အပေါင်း၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်လည်းကောင်း။ ဓ မ္မာနုဘာဝေနစ၊ ရတနတ္တယ ပူဇန စေတနာ သီလသမာဒါန စေတနာ ပရိတ္တဓမ္မသဝန စေတနာ မေတ္တာ ကရုဏာ မုဒိတာ ဘာဝနာတရားတော်တို့၏ တန်ခိုး တေဇော် အာနုဘော်တော်ကြောင့် လည်းကောင်း။ သံဃာနုဘာဝေနစ၊ သုပ္ပဋိပန္နတာ အစရှိသော သံဃာတော်၏ ဂုဏ်တော် တန် ခိုး တေ ဇော် အာ နု ဘော် တော် ကြောင့် လည်းကောင်း။ ဝိနာသမေန္တု၊ နေရောင်ခြည်လင်း၊ နေထိ နှင်းသို့၊ ရှင်းရှင်းမသွေ ပျောက်ပါစေကုန်သတည်း။

(ဤယံဒုန္နိမိတ္တံ အမှန်းကိုအမင်္ဂလာအခါမှာရွတ်ပါလေ)။

ဘဝတု သဗ္ဗမင်္ဂလံ(ပ)သဒါ သုခီ ဘဝန္တု တေ။

ဒါနသာမိကာနံ၊ အလှူရှင်ဖြစ်ကြကုန်သော.................. .........................တို့အား။ (ပဗ္ဗဇ္ဇာပေက္ခာနံ၊ မောင်ရှင်လောင်း ဖြစ်ကုန်သော ..................................တို့အား။ ဥပသမ္ပဒါပေက္ခာနံ၊ ရဟန်းလောင်း ဖြစ်ကုန်သော............... ........... ...တို့အား)။ သန္နိပတိတ ပရိသာနံ၊ ဤ အလှူမင်္ဂလာ ပွဲလုပ်ရာအရပ်သို့ ညီညာဖြဖြ စည်းဝေးကြွရောက် ချီးမြှောက် ကြကုန်သော တရားနာ ပရိသတ်အပေါင်း သူတော်ကောင်း တို့အား။ သဗ္ဗမင်္ဂလံ၊ အလုံးစုံ ချမ်းသာ ကြီးပွားကြောင်း မင်္ဂလာတရားကောင်းသည်။ ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါ

စေသတည်း။ သဗ္ဗ ဒေဝတာ၊ ခပ်သိမ်း ဉာဏ် အလုံးစုံသော ကိုယ်နှင့် သာသနာ နှစ်ဖြာ စောင့်ကြပ် နတ်မြတ်တို့သည်။ ဒါနသာမိကေ၊ အလှူရှင်ဖြစ်ကြကုန်သော..................တို့ကို။ (ပဗ္ဗဇ္ဇာပေက္ခေ၊ မောင်ရှင်လောင်း ဖြစ်ကုန်သော.................................တို့ကို။ ဥပသမ္ပဒါပေက္ခေ၊ ရဟန်းလောင်း ဖြစ်ကုန်သော..............................တို့ကို။ သန္နိပတိတပရိသေ၊ ဤ အလှူမင်္ဂလာ ပွဲလုပ်ရာ အရပ်သို့ စည်းဝေး ကြွရောက် ချီးမြှောက် ကြကုန်သော တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့ကို)။ ရက္ခန္တု၊ ဘေးရန် အန္တရာယ် မသန်း ရအောင်ရင်း၊ စီးပွားချမ်းသာ ကြက်သရေမင်္ဂလာအဖြာဖြာ တိုးတက်အောင်ရင်း၊ ဘုရားအမိန့် တရားအမိန့် ယခု ကြွရောက်လာသော သံဃာတော်အမိန့်ဖြင့် စောင့်ရှောက်ကြ ပါစေကုန်သတည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ကုဋေ အရာမက များစွာကုန်သော မြတ်စွာ ဘုရားတို့၏ တန်ခိုး တေဇော် အာနုဘော်တော်ကြောင့် ရင်း။ သဗ္ဗဓမ္မာ နုဘာဝေန၊ အလုံးစုံသော မဂ်လေးတန် ဖလ လေးဝ နိဗ္ဗာန် ပရိယတ္တိ တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်၏ တန်ခိုး တေဇော် အာနုဘော်တော်ကြောင့် ရင်း။ (ဝါ) ယခု မျက်မှောက် ကြွရောက် ချီးမြှောက်သော ဘုရားအမှူးရှိသော ထေရ်ရှင်သံဃာတော်များကို ရှိခိုးပူဇော် ဖူးမျှော် မာန်လျော့ ကန်တော့ကြောင်းဖြစ်သော စေတနာ, ဆောက်တည်ကြောင်း ဖြစ်သော သီလစေတနာ, ပေးလှူကြောင်းဖြစ်သော ဒါန

စေတနာ၊ ဖတ်ရွတ်တော်မူအပ်သော ပရိတ်တရားတော်မြတ်ကို ရိုသေစွာ နာယူကြောင်းဖြစ်သော ဓမ္မသဝန စေတနာ, ကြွရောက်တော်မူလာသော ထေရ်ရှင် သံဃာတော်များနှင့် ပရိသတ်အပေါင်းတို့ကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေဟု ပွားများကြောင်းဖြစ်သော မေတ္တာဘာဝနာ စေတနာတို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်ရှင်း။ သဗ္ဗသံဃာနုဘာဝေန စ၊ အလုံးစုံသော မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်သော ပရမတ္ထသံဃာတော် သီလ သမာဓိ ပညာ ဝိမုတ္တိ ဒဿနတို့နှင့် ပြည့်စုံတော်မူကြသော သမ္မုတိ သံဃာတော်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်ရှင်း။ ဒါနသာမိကာနံ၊ အလှူရှင်တို့အား (ပဗ္ဗဇ္ဇာပေက္ခာနံ၊ မောင်ရှင်လောင်းတို့အား။ ဥပသမ္ပဒါပေက္ခာနံ၊ ရဟန်းလောင်းတို့အား။ သန္နိပတိတ ပရိသာနံ၊ စည်းဝေးညီညာ ကြွရောက် လာကြကုန်သော ပရိသတ်တို့အား)။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကိုယ်စိတ်နှစ်ဝ ချမ်းသာအေးမြကုန်သည်။ ဘဝန္တု၊ မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။

ဇယန္တော ဗောဓိယာ (ပ) ဇယမင်္ဂလေ။

သကျာနံ၊ သာကီဝင် မင်းတို့၏။ နန္ဒိဝဍ္ဎနော၊ အားရနှစ်သက်ခြင်းကို တိုးပွားစေတတ်သော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အနီးတခွင်အပရာဇိတ ရွှေပလ္လင်၌။ ဇယန္တော ယထာ၊ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့။ ဝေမေဝ၊ ပုံစံနှိုင်းယှဉ် ဤအတူသာလျှင်။ ဒါနသာမိကာနံ၊ အလှူရှင်တို့အား။ ဇယော၊

ဘေးရန် ခပင်း အောင်မြင်ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ တံ၊ သင်သည်။ ဇယမင်္ဂလေ၊ အောင်ရာ အောင် ကြောင်း ကောင်းမြတ်သော မင်္ဂလာတရားတို့ကို။ ဇယဿု၊ ခရီးရောက်အောင် ပြီးမြောက်လျက်လျှင် အောင်မြင်ပါစေ သတည်း။

အပရာဇိတပလ္လင်္ကေ (ပ) အဂ္ဂပတ္တော ပမောဒတိ။

သက္ကျာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝဍ္ဎနော၊ သော။ ဗုဒ္ဓေါ၊ သည်။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်း ဥဿုံ အလုံးစုံကုန်သော ဘုရားရှင်တို့၏။ အဘိသေကေ၊ ဗုဒ္ဓါဘိသေကမင်္ဂလာခံယူရာ ဖြစ်သော။ သီသေ၊ မြေတို့၏ အထွဋ်အထိပ်ဖြစ်သော။ ပုထုဝိပုက္ခလေ၊ တင့်တယ် ထူးလွန် မြေမွန် မြေမြတ်ဖြစ်သော။ အပရာဇိတ ပလ္လင်္ကေ၊ မာရ်ငါးပါးကို အောင်တော်မူရာ ပလ္လင်တော်သာ၌။ အဂ္ဂပတ္တော၊ အမြတ်ဆုံးဖြစ်သော သဗ္ဗညုတ ဉာဏ်တော်သို့ ရောက်တော်မူသည်။ ဟုတ္ဘာ၊ ဖြစ်၍။ ပမောဒတိ ယထာ၊ အလွန်ရွှင်လန်း ဝမ်းမြောက်တော်မူသကဲ့သို့။ ဧဝမေဝ၊ ပုံစံနှိုင်းယှူ ဤအတူသာလျှင်။ ဒါနသာမိကာ၊ တို့သည်။ သဗ္ဗသမ္ပတ္တိသမိဒ္ဓါ၊ စည်းစိမ် ဥစ္စာ ရတနာ ဟူသမျှတို့နှင့် ပြည့်စုံကြွယ်ဝကုန်သည်။ ဟုတ္ဘာ၊ ဖြစ်ကုန်၍။ ပမောဒန္တု၊ ကြည်သာရွှင်လန်း ဝမ်းမြောက်ကြပါစေကုန်သတည်း။

သုနက္ခတ္တံ သုမင်္ဂလံ (ပ) သုယိဋ္ဌံ ဗြဟ္မစာရိသု။

ယသ္မိံ ဒိဝသေ၊ အကြင်နေ့၌။ တေ၊ သင်အလှူရှင်၏။ ဗြဟ္မစာရိသု၊ မြတ်သောအကျင့်ကို ကျင့်ကြကုန်သော ရဟန်း

တော်တို့၌။ ယိဋ္ဌံ၊ ခဲဘွယ်ဘောဇဉ်စသော ပစ္စည်းလေးပါး တို့ဖြင့် လှူဒါန်းပူဇော်ခြင်းသည်။ သုယိဋ္ဌံ၊ ကောင်းမြတ်သန့် ရှင်း ပူဇော်လှူဒါန်းခြင်းမည်၏။ တေ၊ သင်အလှူ့ရှင်၏။ သောဒိဝသော၊ ရဟန်းတော် အရှင်မြတ်တို့၌ ကောင်းမြတ် သန့်ရှင်း ပူဇော်လှူဒါန်းသော ထိုနေ့သည်။ သုနက္ခတ္တံစ၊ ကောင်းသော နက္ခတ်နှင့်ယှဉ်သည်လည်းမည်၏။ သုမင်္ဂလံစ၊ ကောင်းသော မင်္ဂလာနှင့် ပြည့်စုံသည်လည်း မည်၏။ သုပ္ပဘာတံစ၊ ကောင်းစွာသန့်ရှင်း မိုးလင်းခြင်းလည်းမည်၏။ သုဟုဋ္ဌိတံစ၊ ကောင်းစွာသန့်ရှင်း အိပ်ရာမှထခြင်းလည်း မည်ပေ၏။ သုခဏောစ၊ ကောင်းသောခဏလည်း မည်ပါ ပေ၏။ သုမုဟုတ္တောစ၊ ကောင်းသော မုဟုတ်လည်း မည်ပါ ပေ၏။

ပဒက္ခိဏံ ကာယကမ္မံ (ပ) ပဏိဓိ တေ ပဒက္ခိဏာ။

တသ္မိံ ဒိဝသေ၊ ရဟန်းတော်အရှင်မြတ်တို့၌ ကောင်း မြတ်သန့်ရှင်း ပူဇော်လှူဒါန်းသော ထိုနေ့၌။ တေ၊ သင် အလှူ့ရှင်၏။ ကာယကမ္မံ၊ မေတ္တာရှေ့ရှု ကာယကံမှု မှန်သမျှ သည်။ ပဒက္ခိဏံ၊ တိုးတက်ကြီးပွားကြောင်း အကောင်း အမြတ်ချည်းသာတည်း။ ဝါစာကမ္မံ၊ မေတ္တာရှေ့ရှု ဝစီကံမှု မှန်သမျှသည်။ ပဒက္ခိဏံ၊ တိုးတက် ကြီးပွားကြောင်း အကောင်း အမြတ်ချည်းသာတည်း။ မနောကမ္မံ၊ မနောကံ မှန်သမျှသည်။ ပဒက္ခိဏံ၊ တိုးတက် ကြီးပွားကြောင်း အကောင်းအမြတ်ချည်းသာတည်း။ တေ၊ သင်အလှူ့ရှင်အား (ဝါ) ၏။ ပဒက္ခိဏာ၊ တိုးတက်ကြီးပွားကြောင်း ကောင်း

မြတ်သော ကာယကံမှု ဝစီကံမှု မနောကံမှု၌ (ဝါ)ကြောင့်။ ပဏိဓိ၊ တောင့်တခြင်းသည် (ဝါ) ဆုတောင်းခြင်းသည်။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

ပဒက္ခိဏာနိ ကတွာန (ပ) သဟ သဗ္ဗေဟိ ဉာတိဘိ။

ယေ ဒါနသာမိကာ၊ အကြင် အလှူ့ရှင် တို့သည်။ ပဒက္ခိဏာနိ၊ တိုးတက်ကြီးပွားကြောင်း ကောင်းမှုကံတို့ကို။ ကတွာန၊ ပြုကုန်၍။ ပဒက္ခိဏာ၊ တိုးတက်ကောင်းမြတ်ကုန်သော။ အတ္ထေ၊ အကျိုးစီးပွားတို့ကို။ လဘန္တိ၊ ရကြကုန်၏၊ (ဝါ) ရကြကုန်လတ့်။ တေ ဒါနသာမိကာ၊ ထိုအလှူရှင်တို့သည်။ အတ္ထလဒ္ဓါ၊ ရအပ်သော ကောင်းကျိုးရှိကြကုန်သည်။ သုခိတာ၊ ချမ်းသာခြင်းသို့ရောက်ကြကုန်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ဝိရုဠှာ၊ တိုးတက်စည်ကား ကြီးပွားကြကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ သဗ္ဗေဟိ၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော။ ဉာတိဘိ၊ မိဘဆွေမျိုးတို့နှင့်။ သဟ၊ တကွ။ အရောဂါ၊ ရောဂါမရှိကုန်သည်။ သုခိတာ၊ ကိုယ်စိတ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ ဟောန္တု၊ စင်စစ်မသွေ ဖြစ်ကြပါစေ ကုန်သတည်း။

မှတ်ချက်။ ။ယခုကာလ ပြင်မူတို့၌ (သုခိတာ ဟောထ) ဟု တုမ္ဟယောဂနှင့် ပြင်ကြ၏။ ရှေးမူများ၌ (သုခိတာ ဟောန္တု)ဟု နာမယောဂနှင့်ရှိ၏၊ ယင်းဂါထာ အစ၌(တေ) ဟူသောသဗ္ဗနာမ်ပုဒ် နာမယောဂပထမ ပုရိသ်ဗဟုဝုစ် အဆုံးရှိသော ပုဒ်ပါရှိသောကြောင့် ရှေးမူသာသင့်မြတ်ပါသည်။

## နည်းမှီရန် သစ္စာပြုသူများ
## (၁) စက္ကန ဥပါသက၏-ပါဏာတိပါတ သီလ တည်ပုံ

ယတော အဟံ ဇာနတော နာဘိဇာနာမိ၊ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာတိ သစ္စံ ဝတွာ အဋ္ဌာသိ။ တာဝဒေဝဿ မာတာ အရောဂါ အဟောသိ။

(အဋ္ဌသာလိနီ ၁၄၆၊ စက္ကန ဥပါသက ဝတ္ထု)။

အမိရောဂါရ၍ ဆရာက ယုန်သားရရင် ပျောက်မည် ပြော၍ အစ်ကို မဟာဝစက္ကနက ညီစက္ကနကို တော၌ ယုန်ရှာခိုင်း၍မိရာ ကိရိကိရိဟု ကြောက်ကြောက် ရွံ့ရွံ့အသံပြုရာ ဤယုန်တော့သေစေ, အမိတော့ရှင်စေဟူသည် မတရားဟု ကြံမိ၍ သင်ယုန်ကလေးသည် ယုန်အဘော်တို့နှင့် ချမ်းသာစွာနေပေတော့ဟုဆို၍ လွှတ်လိုက်၏၊ လွှတ်လိုက်ပြီး အိမ်သို့ ပြန်လာခဲ့သော် အစ်ကိုကြီးကမေး၍ ပြောရာ စိတ်ဆိုး၍ လိုက်ရိုက်သောအခါ အမိထံသွားပြီး-

**သစ္စာပြုပုံ။** ။ကျွန်တော်သည် အကြင်အခါမှစ၍ လူဖြစ်လာပါ၏၊ ထိုအခါမှစ၍အသက်ကို သတ်ဘူးသည်ဟူ၍ မသိခဲ့ပါ၊ ထိုအတိုင်းမှန်လျှင် အမိရောဂါပျောက်ပါစေသားဟုသစ္စာပြု၍ လက်နှင့်သပ်ချသည်နှင့်တပြိုင်နက် အမိရောဂါသည် ခဏချင်းပျောက်၏။ ဤသည်ကားသီလနှင့် သစ္စာ တန်ခိုးတည်း။

## (၂) ဥတ္တရဝစ္စုနတောင်နေ ဥပါသကာ၏ သီလတည်ပုံ

ဇီဝိတံ ပရိစ္စဇာမိ နသိက္ခာပဒန္တိ အံသေ ဌပိတံ
တိခိဏဒဏ္ဍဝါသိံ အရညေ ဆင္ဓေသိ၊ တာဝဒေဝနံ
မဟာဝါဠေဒ္ဓာမုဋ္ဌိတွာ အဂမာသီတိ။ (သီလတန်ခိုး)

(ဇင်း အဋ္ဌသာလိနီ ၁၄၇၊ ဥတ္တရဝစ္စုန ပဗ္ဗတဝါသီ ဥပါသက)။

ငါသည် မင်္ဂလဗုဒ္ဓရက္ခိတထေရ်ထံ သီလယူထား၏၊ ဤ မြွေကိုက်၍ သေပါစေတော့၊ သိက္ခာပုဒ်ကို မဖျက်တော့ဟု အသက်စွန့်၍ ပခုန်းပေါ် တင်ထားသော ပဲခွပ်ကို စွန့်ပစ် လိုက်သည်နှင့် တပြိုင်နက် မြွေကြီးကား ပူလွန်းသည်ဖြစ်၍ အခွေဖြေပြီး လိုရာ သွားလေတော့၏။ ။ဤသည်ကား ဆောက်တည်ထားသော သီလ တန်ခိုးတည်း။

## (၃) မဟာမိတ္တထေရ်၏ သီလတည်ပုံ

အဟံ ယတော ပဗ္ဗဇိတော တတော ပဋ္ဌာယ န မယာ
လောဘသဟဂတေန စိတ္တေန ဣန္ဒြိယာနိ ဘိန္ဒိတွာ
ဝိသဘာဂရူပံ ဩလောကိတပုဗ္ဗံ၊ ဣမိနာ သစ္စဝစ
နေန မာတုယာ မေ ဖာသု ဟောတု၊ ဂစ္ဆ ဣဒံ ဝတွာ
ဥပါသိကာယ သရီရံ ပရိမဇ္ဇာတိ။

(မဟာမိတ္တထေရ်၊ ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ စတုပါရိသုဒ္ဓိ သမ္ပါဒန ဝိမိ ၃၈)။

နှမဘိက္ခုနီမလေးကို ကိုယ်စားလှယ် ထား၍ မိခင် အကျွန်ုပ်သည် ဆေးဝါးဓာတ်စာကား မသိပါ သိဒါက

တော့ အကြင်အခါမှစ၍ ရဟန်းအဖြစ်သို့ ကပ်ရောက်၏၊ ထိုအခါမှစ၍ အကျွန်ုပ်သည် လောဘနှင့်တကွ ဖြစ်သော စိတ်ဖြင့် စက္ခုစသော ဣန္ဒြေတို့ကိုဖျက်၍ သဘောမတူသော မာတုဂါမစသော အာရုံအဆင်းကို မကြည့်ဘူးပါ၊ ဤ သစ္စာစကားမှန်ကန်ပါက ငါ၏ အမိဥ္ဖြစ်သော ရောဂါ သည် ပျောက်ကင်း၍ ချမ်းသာပါစေသတည်း။ ။ဤသို့ နှမဘိက္ခုနီမလေးအား ကိုယ်စားလှယ်ထား၍ သစ္စာစကား ဆိုစေလျက် လက်ဖြင့်သတ်လိုက်သည်နှင့် တပြိုင်နက် မိခင် ရောဂါသည် ရေမြှုပ်စိုင်ကဲ့သို့ဖြစ်၍ ပျောက်သွားတော့၏။ ဤကားမဟာမိတ္တ မထေရ်၏ သီလတန်ခိုးတည်း။

## (၄) သားထက် တရားကိုလိုလားပုံ

အနေကကဒ္ဒူတံ့ခေါ ပန မေ အယံ သံသာရဝဋ္ဋေ ဝဋ္ဋန္တိယာ ပုတ္တော အပောသိ၊ ဓမ္မမေဝစရိဿာမိတိ၊ တိယာမရတ္တိံ ဌိတကာဝ ဓမ္မံ ပဂ္ဂဏှိတွာ သောတာ ပတ္တိဖလေ ပတိဋ္ဌာယ အရုဏေ ဥဂ္ဂတေ သစ္စကိရိ ယာယ ပုတ္တဿ ဝိသံ နိမ္မထေတွာ ပုတ္တံ ဂဟေတွာ ဂတာ။

(အင်္ဂုတ္တရ နိကာယ တိကနိပါတ အဋ္ဌကထာ၊ ၁-ပဌမ ပဏ္ဏာသက၊ ၅-စူဠဝဂ္ဂ၊ ၂-တိဌာနသုတ္တ ဝဏ္ဏနာ ၁၃၆)။

**အစိပ္ပါယ် အကျဉ်း**။ ။ကဋ္ဌမ္ဗရရွာ၌ နေသော မိန်းမ် တယောက်သည် တနှစ်သားလေး ရင်ခွင်ပိုက်၍ အရိယဝံသ တရားကို နာပေအံ့ဟု စိတ္တလ ပဗ္ဗတတောင် ကျောင်းသို့သွား

၍ သားကလေးကို သစ်ပင်ရင်းသိပ်ထားပြီး တရားနာ၏၊ သန်းခေါင် ယာမ်၌ သားကလေးကို မြွေကိုက်၏၊ တရား အန္တရာယ် ဖြစ်မည်စိုး၍ တရားကိုသာနာလျက် သံသာရ ကျင်လည်တဲ့အခါ သားပြန်ရနိုင်၏၊ တရားကားခဲရင်းလှ၏၊ ဤသို့ ညဥ့်သုံးယာမ်ပတ်လုံး ရပ်တည်လျက် တရားစူးစူးစိုက် စိုက်နာရာ အရဟံလဲတက် သောတာပန်လဲတည် တရားလဲ ပြီးဆုံးတော့၏၊တရားပြီးဆုံးသောအခါ သားထက်တရားသာ လေးစားရိုးမှန်လျှင် မြွေဆိပ်တွေ မြေသို့ကျပါစေသားဟု သစ္စာပြုသည်နှင့် တပြိုင်နက် မြွေဆိပ်တို့သည် မြေသို့ကျ၍ ရောဂါပျောက် သားလေး ချမ်းသာရောက်လေတော့၏။ ဤကား လေးစားစွာ နာယူသော တရားနှင့် သစ္စာ တန်ခိုးတည်း။

## (၅) အရှင်သာရိပုတ္တရာထေရ်၏ အာဇီဝပါရိသုဒ္ဓိ သီလတည်ပုံ

အနေသနာယ စိတ္တမ္ပိ၊ အဘနေတွာ ဝိစက္ခဏော။
အာဇီဝံ ပရိသောဓေယျ၊ သဒ္ဓါပဗ္ဗဇိတောယတီတိ။
(ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ ၄၁)။

**ဂါထာအနက်။** ။ဝိစက္ခဏော၊ ကျိုးကြောင်းမျှော်မြင် ဆင်ခြင်တတ်သော။ သဒ္ဓါပဗ္ဗဇိတော၊ ယုံကြည်သဒ္ဓါဖြင့် ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်တတ်သော။ ယတိ၊ သာသနာ တော်ထမ်း ရဟန်းတော် အရှင်မြတ်သည်။ အနေသနာယ၊ သာသနာတော်၌ ပစ္စည်းလေးပါးတို့ကို မသင့်သောရှာမှီး

ခြင်းငှာ။ စိတ္တမ္ပိ၊ စိတ်ကိုလည်း။ အဇနေတွာ၊ မဖြစ်စေမူ၍။ အာဇီဝံ၊ အသက်မွေးခြင်းကို။ ပရိသောဓယေ၊ စင်ကြယ်အောင် သုတ်သင်ရာ၏။

## ပစ္စည်း စင်ကြယ်အောင် သုတ်သင်သော ရှင်သာရိပုတ္တရာဝတ္ထုကြောင်း

အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်နှစ်ပါးတို့သည် တခုသော တောအုပ်၌ အပန်းဖြေ နားနေသော အခါ အရှင်သာရိပုတ္တရာသည် လေနာရောဂါဖြစ်လာ၏၊ အရှင်မောဂ္ဂလာန်က ရှေးကပျောက်ဘူးသော ဆေးကိုမေး၍ ထောပတ် ပျားသကာ ဇီယာ ကရဝေး ဆေးစသည်တို့နှင့် မရောသော နို့ဃနာကို မယ်တော်ကြီး လုပ်ဝေး၍ စားသုံးသောကြောင့် ရောဂါပျောက်ဘူးကြောင်း ပြောပြ၏။

အရှင် မဟာ မောဂ္ဂလာန် သည် ဆွမ်းခံဝင်သော အခါ မထေရ်၏ အလုပ်အကျွေး ဥပါသိကာမကြီးက စောင့်မျှော်၍ အဆင်သင့် လုပ်ထားသော နို့ဃနာကို ကပ်လှူ၏။ အရှင် မဟာမောဂ္ဂလာန်သည် ယူလာ၍ အရှင် သာရိပုတ္တရာအား ဆက်ကပ်ရာ အလွန် ကောင်းလှသော နို့ဃနာ ဖြစ်နေ၍ ဆင်ခြင်လိုက်သောအခါ ကျောင်းစောင့်နတ်က ဥပါသိကာမကြီး၏ သားကြီးအား ပူးဝင်ပြီး ပြော၍ ဖြစ်ပေါ်လာသော နို့ဃနာပင်တည်း၊ မစင်ကြယ် ဟု စိတ်ဆုံးဖြတ်ပြီး အရှင် မဟာ မောဂ္ဂလာန်အား မစင်ကြယ်သော နို့ဃနာဟု ပြော လိုက်၏။ အရှင် မဟာမောဂ္ဂလာန်သည် ယူ၍ သင့်လျော်

သော မြေအရပ်၌ နို့ဃနာတွေ သွန်ချလိုက်သည်နှင့်တပြိုင်နက် အရှင် သာရိပုတ္တရာ လေနာရောဂါ ကင်းစင် လွင့်ပျောက်၍ ပရိနိဗ္ဗာန် စံသည့်တိုင် (၄၅)နှစ်ပတ်လုံး မဖြစ်ပေါ်လာပေ။

ဤသည်ကား အရှင်သာရိပုတ္တရာ၏ အာဇီဝသီလ တန်ခိုး တည်း။

**မင်းဖြစ်မှ လွတ်လျှင် ရဟန်းပြုမည်ဟု သစ္စာပြု၍ လွတ်ပုံ**

ဣဒံ မယှံ ဝေရူပံ ဒုက္ခံ အဂါရေ ဝသနဘာဝေန ဥပ္ပန္နံ၊ သစေ ဣတော မုစ္စိဿာမိ၊ မဟာ ဂေါတမ သမ္မာသမ္ဗုဒ္ဓဿ သန္တိကေ ပဗ္ဗဇိဿာမီတိ။

(ဇာတက ဋ္ဌကထာ၊ ကေနိပါတ၊ ၁၂-ဟံ စိဝဂ္ဂ၊ ဂ-ဝန္ဓ ဇာတက ဝဏ္ဏနာ။ ၄၅ဂ-၉)။

သာဝတ္ထိမြို့တော်တွင် ဗြဟ္မပြည်မှ ဆင်းလာ၍ ကိလေသာ ကာမ မလိုလားသော ဥတ္တရသေဋ္ဌေးသားအား သဟာယ်ချင်း တို့က နက္ခတ်ပွဲ၌ စုံတွဲနှဲကြစို့ဟု ပြောကြရာ တားမြစ်သော် လည်း ဘုံကြိုးပြတ် နတ်သမီးကဲ့သို့ လှပသော ပြည့်တန်ဆာမ ကို တန်ဆာဆင်ပြီး သေဋ္ဌေးသား တိုက်ခန်း အပေါက်ဝ ထိအောင် လိုက်ပို့ ပေးလိုက်သည်။ သေဋ္ဌေးသားလည်း ဝင်လာသော ပြည့်တန်ဆာမကို လုံးဝ မကြည့်။ ထိုအခါ ပြည့်တန်ဆာမသည် မိန်းမ မာယာ သဲကိုးဖြာ ဆိုသလို ကိုယ်အမူအရာ နှုတ်အမူအရာ အမျိုးမျိုးပြပြီး လက်ခုတ်တီး၍ ရယ်သောအခါကျမှ သေဋ္ဌေးသားက ကြည့်လိုက်ရာတွင်

သွားကိုမြင် အသုဘ တင်လိုက်ရာ အချော့အလှကလေးမှာ အရိုးကဲ့ကဲ့ ရှိစရာဘဲ ဖြစ်နေ၍ ရိက္ခာ ပေးပြီး ပြန်လွှတ်လိုက်သည်။

အိမ်မှ အဆင်းလမ်းတွင် အစိုးရ အရာရှိ တယောက်က တွေ့၍ ရိက္ခာပေး ခေါ်ပြီး ၇-ရက်ပတ်လုံး နက္ခတ်ပွဲ ပျော်နေ၏။ ထိုအခါ သမီး မပြန်လာ၍ သေဌေးသားထံ မေးရာ ရိက္ခာပေး လွှတ်လိုက်ပါပြီဟု ပြော၏။ သတို့သမီး၏ မိခင်သည် သမီးမတွေ့၍ ငိုပြီး သေဌေးသားကို မင်းထံခေါ် တရားစွဲတော့၏။

**မင်းကြီး စစ်မေး။** ။သင့်မိတ်ဆွေတွေက ပြည့်တန်းဆာမကို သင့်ထံ ပို့ပေးသလား။

**သေဌေးသားဖြေ။** ။ပို့ပေးပါသည်။

**မေး။** ။ဘယ်မလဲ ခလေးမ။

**ဖြေ။** ။ရိက္ခာပေး လွှတ်လိုက်ပါသည်။

**မေး။** ။ယခု သူ ဘယ်သွားသလဲ။

**ဖြေ။** ။မသိပါ။

**မေး။** ။ခေါ်ဆောင်ပေးနိုင်မလား။

**ဖြေ။** ။မပေးနိုင်ပါ။

မောင်မင်း- ခလေးမလေးကို ခေါ်ဆောင် မပေးနိုင်လျှင် လူသတ်ထောင်ရပ်၌ အသေသတ်စေဟုစီရင်ချက် အမိန့်တော် ချသည်နှင့်တပြိုင်နက် လူသတ် ထောင်မှူးတို့သည် လက်ပြန်ကြိုး ချီတုပ်ခါ ရိုက်နှက်ဆောင်ကြကုန်၏။

**သံဝေဂ သစ္စာပြုပုံ။** ။အိမ်၌ နေမိသဖြင့် ဤသို့ မင်းပြစ် မင်းဒဏ် သင့်၍ အဖမ်းခံရပြီး ကြီးစွာ ဆင်းရဲရ၏။ ဤအပြစ်မှ လွတ်ခဲ့ပါလျှင် မြတ်စွာဘုရားထံ ရဟန်းပြုတော့မည်ဟု ကြံစည်ကာ သစ္စာပြု၏။

ထိုသို့ သစ္စာပြုသည်နှင့် တပြိုင်နက် ပြည့်တန်ဆာမသည် လူတွေ့ ဆူဆူ ညံညံ အုတ်သြသောင်းသင်း ဖြစ်၍ မေးရာ ဥတ္တရ သေ်ဋ္ဌေးသား သတို့သမီး မပြနိုင်၍ သတ်မလို့ ဆောင်ကျဉ်းလာကြောင်း ပြောရာ အိမ်ပေါ်မှ ပြေးဆင်းလာပြီး အရှင်တို့- သေဋ္ဌေးသားကလေးကို မသတ်ပါနှင့် ကျမ ဒီမှာရှိပါတယ်ဟု ထောင်မှူးတွေကို မိမိကိုယ်ကို ပြပြီး လွှတ်စေ၏။ ။သေဋ္ဌေးသားလည်း သစ္စပြုတိုင်း ဘုရားထံ ရဟန်းပြု၍ ရဟန္တာဖြစ်၏။

## ရောဂါပျောက်လျှင် ရဟန်းပြုမည်ဟု သစ္စာပြု၍ ရောဂါ ပျောက်ပုံ

သစာဟံ ဣမမှာ ရောဂါ ဝုဋ္ဌဟိဿာမိ။ ပဗ္ဗဇိဿာမိတိ။ (ဇာတကဋ္ဌကထာ-ဒု၊ တိက နိပါတ်၊ ၅-ကုမ္ဘဝဂ်၊ ၃-ကာယ နိဗ္ဗိန္ဒဇာတက ဝဏ္ဏနာ-၃၉၃)။

သာဝတ္ထိပြည်၌ ယောကျ်ားတယောက်သည် ဖျော့တော့သော ရောဂါ (အားကုန်သော ပန်းသေရောဂါ) နှိပ်စက်၏။ ဆေးဆရာတို့သည် လက်လွှတ်လိုက်၏။ သားမယားတို့ကလည်း ငြိုငြင်ကုန်၏။ ထိုအခါ ငါသည် ဤရောဂါမှ

ထအုံ၊ (ဝါ) ပျောက်ကင်းအုံ၊ ရဟန်း ပြုမည်ဟု ကြံစည် သစ္စာပြု၏။

သစ္စာပြု အကြံ ဖြစ်ပြီး ၂-ရက် ၃-ရက် လွန်လျှင် လျောက်ပတ်သော ဆေး အစာ အာဟာရ ရ၍ ပန်းသေ ရောဂါမှ ပျောက်ကင်း၏။ ရောဂါ ပျောက်လျှင် ဘုရားထံ သွားပြီး ရှင်ရဟန်းပြု၏။ မကြာမီ အရဟတ္တဖိုလ်သို့ ရောက် လေတော့၏။

**စာမေးပွဲ အောင်နိုင်ခြင်း၏ ကျင့်စဉ် အစီအစဉ်**

၁။ ဩကာသ ကန်တော့ရန်၊
၂။ ငါးပါးသီလ ခံယူရန်၊
၃။ ဘုရားဂုဏ်တော် (နေ့စဉ် အနည်းဆုံး သက်စေ့ ပုတီး စိပ်ရန်)၊
၄။ အနန္တဂုဏ်တော် (နေ့စဉ် အနည်းဆုံး သက်စေ့ပုတီး စိပ်ရန်)၊
၅။ နတ်များ မေတ္တာပို့ အမျှဝေ စောင့်ရှောက်ခိုင်းရန်၊
၆။ အတန်းစာ နေ့စဉ် မှန်မှန် ကျက်မှတ် ကြံစည်ရန်။

**ဂုဏ်တော်တို့နှင့် ပြည့်စုံသော ဘုရားရှိခိုး သစ္စာပြုရန်**

(၁) အရဟံ၊ (၂) သမ္မာသမ္ဗုဒ္ဓေါ၊ (၃) ဝိဇ္ဇာ စရဏ သမ္ပန္နော၊ (၄) သုဂတော၊ (၅) လောကဝိဒူ၊ (၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ (၇) သတ္ထာဒေဝ မနုဿာနံ၊ (၈) ဗုဒ္ဓေါ၊ (၉) ဘဂဝါ။ ။ဤသို့ ဂုဏ် တော် ကိုးပါး ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာ

ဘုရားကို ရှိခိုးပါ၏၊ ရှိခိုးပါ၏ဟု မှန်ကန်သော စကားကို ပြောဆိုရသောကြောင့် လိုအင်ဆန္ဒ တလုံးတဝတည်း ပြည့်စုံပါစေသား။ သက်ဆိုင်ရာဆရာတို့ မေးသောပုစ္ဆာကို မှန်ကန်စွာ ဖြေဆိုနိုင်ပါစေသား။

**အနန္တငါးအင် ကျေးဇူးရှင်များကိုရှိခိုး၍ သစ္စာပြုပုံ**

(၁) ဗုဒ္ဓဂုဏော အနန္တော၊ (၂) ဓမ္မဂုဏော အနန္တော၊ (၃) သံဃဂုဏော အနန္တော၊ (၄) မာတာပိတု ဂုဏော အနန္တော၊ (၅) အာစရိယဂုဏော အနန္တော၊ ဤသို့ အနန္တငါးအင် ကျေးဇူးရှင်တို့ကို ရှိခိုးပါ၏၊ ရှိခိုးပါ၏ဟု မှန်ကန်သော စကားကိုပြောဆိုရသောကြောင့် လိုအင်ဆန္ဒ တလုံးတဝတည်း ပြည့်စုံပါစေသား။ သက်ဆိုင်ရာ ဆရာတို့ မေးသော ပုစ္ဆာကို မှန်ကန်စွာ ဖြေဆိုနိုင်ပါစေသား။

**နတ်များ မေတ္တာပို့ အမျှဝေ စောင့်ရှောက်ခိုင်းပုံ**

အကျွန်ုပ်တို့နှင့် သက်ဆိုင်ရာ နတ်များ အပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။ အကျွန်ုပ်တို့၏ ကုသိုလ်အဖို့ကို အမျှ ယူကြပါလော။ အကျွန်ုပ်တို့ကိုလည်း စာမေးပွဲအောင်မြင်အောင် အမြဲတမ်း စောင့်ရှောက်မစ ပါစေကုန်သတည်း။

၁။ ဆံရှည် ပယ်ရန်။

၂။ ကိုယ်လုံးပေါ် ဝတ်ခြင်းမှ ရှောင်ရန်။

**မှတ်ချက်။** ။ဆယ်နှစ်အောက် ငယ်၍ အထက်ပါ မစွမ်းနိုင်လျှင်........အရဟံ၊ အ–ရဟံ၊ အရ–ဟံ၊ လူမင်း

နတ်မင်း ဗြဟ္မာမင်းတို့ ပူဇော်အထူးကိုခံတော်မူထိုက်သော မြတ်စွာဘုရားကို ရှိခိုးပါ၏။ ဤသို့ ရှိခိုးရသော ကုသိုလ်ကောင်းမှုကြောင့် လိုအင်ဆန္ဒ ပြည့်စုံပါစေသား၊ စာမေးပွဲဖြေဆိုနိုင်၍ အောင်ပါစေသား။

ရန်သူတို့ကို အောင်နိုင်လိုလျှင်။ ။အထက်ပါ နည်းအတိုင်း- ဣတိပိ သော ဘဂဝါ အရဟံ(ပ)ဘဂဝါ၊ ဤသို့ ဂုဏ်ကိုးပါး ဆယ်ပါးတို့နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားကို ရှိခိုးပါ၏။ ဤသို့-ရှိခိုး ပါ၏ ဟု-မှန်ကန်သော သစ္စာစကားကြောင့် လိုအင်ဆန္ဒ ပြည့်စုံပါ စေသား။ တရားသဖြင့် ရန်ဟူသမျှ အောင်နိုင်ပါစေသား။

ဗုဒ္ဓဂုဏော အနန္တော (ပ)ပဉ္စာနန္တံ အဟံ ဝန္ဒာမိ ဤသို့ အနန္တငါးအင် ကျေးဇူးရှင် အပေါင်းကို ရှိခိုး ပူဇော်ပါ၏။ ဤသို့ ရှိခိုးပူဇော်ပါ၏ဟု-မှန်ကန်သော သစ္စာစကားကြောင့် လိုအင်ဆန္ဒ ပြည့်စုံပါစေသား။ ရန်သူ ဟူသမျှ အောင်နိုင်ပါစေသား။ အထက်ပါအတိုင်း မိမိနှင့် သက်ဆိုင်ရာ နတ်များကိုလည်း မေတ္တာပို့ အမျှဝေ စောင့်ရှောက်ခိုင်းပါ။

ရာထူး ခိုင်မြဲ တိုးတက်လိုလျှင်။ ။ ( ဘုရား ဂုဏ်။ ) ဣတိပိသော ဘဂဝါ အရဟံ(ပ)ဘဂဝါ။ ဤသို့-(ပ)ရှိခိုးပါ၏။ ဤသို့ရှိခိုး ပါ၏ ဟု-မှန်ကန်သော သစ္စာ စကားကြောင့် လိုအင်ဆန္ဒ ပြည့်စုံပါစေသား။ ရာထူး ဌာနန္တရ ခိုင်မြဲ တိုးတက်ပါစေသား။

(အနန္တ ငါးအင် ကျေးဇူးရှင်) ဗုဒ္ဓဂုဏောအနန္တော(ပ) ပဉ္စာနန္တံ အဟံ ဝန္ဒာမိ၊ ဤသို့ အနန္တ ငါးအင် ကျေးဇူးရှင်

အပေါင်းကို ရှိခိုး ပူဇော်ပါ၏။ ဤသို့ ရှိခိုး ပူဇော်ပါ၏ ဟု မှန်ကန်သော သစ္စာ စကား ကြောင့် လိုအင် ဆန္ဒ ပြည့်စုံပါစေသား။ရာထူးဌာနန္တရ တည်မြဲတိုးတက်ပါစေသား။

**စီးပွားဥစ္စာ တိုးတက် ချမ်းသာလိုလျှင်။** ။(ဘုရားဂုဏ်) ဣတိပိ သော ဘဂဝါ အရဟံ (ပ) ဘဂဝါ။ ဤသို့ (ပ) ရှိခိုးပါ၏။ ဤသို့ (ပ) လိုအင်ဆန္ဒ ပြည့်စုံပါစေသား။ ရွှေငွေ စသော ရတနာတွေ ဝင်လာမစဲ အမြဲရပါစေသား။

(အနန္တ ဂုဏ်အင် ကျေးဇူးရှင်)ဗုဒ္ဓဂုဏော အနန္တော(ပ) ပဥ္စာနန္တံ အဟံ ဝန္ဒာမိ၊ ဤသို့ (ပ) လိုအင်ဆန္ဒ ပြည့်စုံပါစေသား။ ရွှေငွေ စသော ရတနာတွေ ဝင်လာမစဲ အမြဲရပါစေသား။

အမှာ။ ။အထက်ပါ တရားသော စည်းကမ်းအတိုင်း လိုက်နာ ပြုကျင့်ပါလျှင် အတိတ်က အန္တရာယ်ပြု တတ်သော အကုသလကံ မရှိလျှင် မုချ အောင်မြင် ရမည်။ ယခုပစ္စက္ခ အကုသလကံကလည်း တားမြစ် နိုင်သည်။ သတိထား ရှောင်ပါ။

ဣတိ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓ ပဋ္ဌမဏ္ဍိတေန
အာယသ္မတာ အာစိဏ္ဏထေရေန ရစိတာ ဂိလာန ပရိတ္တ
ဘာဏနာဒိနယဒီပနီ နိဋ္ဌိတာ။

ဇူ၊ဆ၁သဃ ၅၃၇-၁၂၊

# သောတာပန္နသီလပ္ပကာသနီကျမ်း အမှားပြင်ဆင်ချက်

စာမျက်နှာ

၂၀။ ထိုအခါ နိဂဏ္ဌာတို့သည်

၂၁။ (ဂ) ငါးမျှားသမား အရိယဗာလိသိကဝတ္ထု

၂၃။ မလှုပ်မရှက်နိုင်ဖြစ်နေ့ကုန်၏

၂၉။ အလုံးစုံသောဘုရား ပစ္စေက ဗုဒ္ဓါ

၄၀။ အပုညလာဘံ

၆၀။ အရက်၏သတ္တိသည်

၆၄။ (၁) အလှူကြီးဖြစ်၍ မြတ်၏ဟု သိအပ်၏

၇၁။ ဌာနဋ္ဌ ခေါ တောံ ဘိက္ခဝေ

၇၆။ သစိတ္တံ ပစ္စ လဒ္ဓါ တော

၈၀။ ပုတ်ခတ်

၉၁။ ဩမသဝါဒသိက္ခာပုဒ်

၉၂။ ပိုး ရှ ခြပုန်း

## နောက်ဆက်တွဲ ပရိတ္တဘာဏနာဒိကျမ်း အမှား ပြင်ဆင်ချက်

စာမျက်နှာ


၁၀၁။ သမတ္တာ ပရိယာပုတာတိ
၁၁၄။ ၈-နဝင်္ဂ ပေါသထသုတ္တ ၁၉၂
၁၁၃။ ပဋိဝိရတော ဒယာပန္နော သဗ္ဗပါဏ ဘူတဟိတာ နုကမ္ပီ ဝိဟာရမိ
၁၂၁။ ပဋိဝိရတော၊ ကြဉ်ရှောင်သည်။ ဒယာပန္နော၊ သနား ခြင်းနှင့် ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။
၁၂၂။ ဝိကာလဘောဇနာ
၁၂၄။ ပရိတ်ရွတ်လာပင့်၍
၁၂၅။ တေသံယေဝ
၁၃၀။ မစ္ဆဃာတသူပါဒိံ
၁၄၁။ သမာနသံဝါသသီမသမ္မုတိ အဝိပ္ပဝါသဃီမသမ္မုတိ
၁၅၁။ သံဃာဂုဏ် (၇) တဖန်တောက်ပြန်ခြင်းမရှိ
၁၅၂။ မှန်ကန်သော
၁၅၃။ သုဂတိ
၁၇၄။ ဣတိပိ သော ဘဂဝါ
၁၇၅။ မှန်ကန်သော သစ္စာစကားကြောင့် ပဥ္စာနန္တံ အဟံ ဝန္ဒာမိ။


---

သောတာပန္နသီလပဗ္ဗကာသနိကျမ်း–နှင့်
ဝိလာနပရိတ္တဘာဏနာဒိနယဒီပနီ ကျမ်းစာအုပ်

# ကောင်းမှုရှင်များ

---

၁။ ဦးမောင်စိန်–ဒေါ်ခင်ခင်အေးမိသားစု အရိုးကုဆရာ ၁၄၄–ကျုံးကြီးလမ်း။

၂။ ဒေါ်သန်း–ဒေါ်လှ၊ မိုးညှင်းတိုက်သစ် ဘောင်ဒရီ။

၃။ ဦးမောင်မောင်–ဒေါ်ဒေါ်ညိမ်း မိသားစု လှူပုံတော် ပတ္တမြား ခြံနံပါတ် (၃၀)တာဝါလိန်း။

၄။ ဦးသန်း–ဒေါ်ခင်လှ မိသားစု အမှုံ့စက် အသောက လမ်း၊ နတ်ချောင်း။

၅။ ဦးမြဒင်–ဒေါ်စိန်ကျော့ မိသားစု ၂၇–ကီလီလမ်း။

၆။ ဦးကျင်ဝမ်–ဒေါ်သိန်းကြည်–မိသားစု လမ်း–၅၀။

၇။ ဦးထွန်းလွင်–ဒေါ်တင် မိသားစု ၅၁–လမ်း။

၈။ ဦးမြမောင် – ဒေါ်စမ်းမြင့် မိသားစု မုံ့ဖို– ဗိုလ်တထောင်။

၉။ ဦးသန်း–ဒေါ်တင်ကြည် ရွှေဆိုင် ဗိုလ်ချုပ်ဈေး။

၁၀။ ဦးလှကြိုင်–ဒေါ်ဒေါ်ကြည်ကြည် မိသားစု ၁၁၀၊ ၄၉–လမ်း။

၁၁။ ဦးချစ်လှိုင်–ဒေါ်သန်းကြည်မိသားစု ၇၇၃–မေတ္တာ လမ်း ၁၂၊ တ–ဥက္ကလာ။

၁၂။ ဦးထွန်းတင် - ဒေါ်တင်မကြီး မိသားစုံ ရွှေဆိုင် ဗိုလ်ချုပ်ဈေး။
၁၃။ ဦးမြင့်သိန်း - ဒေါ်စိန်စိန် ၃၇- သီတာလမ်း၊ ကျောက်မြောင်း။
၁၄။ ဦးမောင်မောင်ကြီး-ဒေါ်လှရီ မိသားစု ပျို့ထိပ်တင် ဇာဘော်လီ။
၁၅။ ဦးတိုင်းဝန်-ဒေါ်မြသွင် ၂၇-လမ်း။
၁၆။ ဦးမောင်အေး-ဒေါ်ခင်နု မိသားစု ၁၈၇၊ ၂၉-လမ်း။
၁၇။ ဒေါ်အေးတင်၊ ဒေါ်သိန်းတင်၊ ဒေါ်သန်းတင် ၁၆၃၊ ၄၈-လမ်း။
၁၈။ ဦးချစ်မောင် - ဒေါ်စိန်စိန် မိသားစု ၈၁-A တာမွေ။
၁၉။ ဒေါ်သန်းမေ မိသားစု ဟံဂေရီ ဝင်္ဂဘာလမ်း။
၂၀။ ဒေါ်ခင်စော့နှင့် သားမောင်ရီ ၁၁၁၊ ဗိုလ်တထောင် ဘုရားလမ်း။
၂၁။ ဦးမြင့်စိုး-ဒေါ်ချစ်ချစ် မိသားစု။ ၄င်း
၂၂။ ဦးဆင့်-ဒေါ်ပု မြောင်းကြီးလမ်း၊ ရေကျော်။
၂၃။ ဦးစိန်လှိုင် - ဒေါ်မြိုင် မိသားစု ဝတ်လုံတော်ရ ပြည်သာယာ ကျောက်ကုန်း။
၂၄။ ဦးအောင်ကျော်-ဒေါ်စိန်ရီ ၅၄၊ ဂီတမာလာလမ်း။
၂၅။ ဒေါ်ကြတာရွှေသွင် မိသားစု ၉၁၊ မင်္ဂလာလမ်း၊ တာမွေ။

၂၆။ ဦးမောင်ညိမ်း - ဒေါ်ခင်ကြိုင်မိသားစု ၉၀-A ဂျမားလမ်း။
၂၇။ ဦးဘမောင် သား-ဦးတင်အောင် ဒေါ်အမာကြည် မိသားစု ၁၄၊ သင်္ဂဟာလမ်း။
၂၈။ ဦးစန်းမောင်-ဒေါ်နွဲ့ မိသားစု ၈၀၊ ၁၂၄-လမ်း။
၂၉။ ဒေါ်မြရင်နှင့်သားသမီးမြေးများ၂၇-ကီလီ ၅-လမ်း။
၃၀။ ဒေါ်ညိမ်းသင်နှင့် ညီမများ ၁၂၅၊ လှုစ္စလမ်း။
၃၁။ ဦးအုံးရွှေ-ဒေါ်စိန်ဟံ မိသားစု ၃၁၈၊ ကန္နားလမ်း ကြည့်မြင်တိုင်။
၃၂။ ဦးရန်ကင်း-ဒေါ်မြမြ မိသားစု ၇၆၊ လမ်းမတော်။
၃၃။ ဗိုလ်ကြီးသောင်း-ဒေါ်မြခင်မိသားစု ၄၂၊မင်းလမ်း စမ်းချောင်း။
၃၄။ ဦးတင်အေး-ဒေါ်မြကြည် မိသားစု စမ်းချောင်း။
၃၅။ (ကွယ်လွန် ဦးဘသောင်း) ဒေါ်စောခင် မိသားစု ဆင်နှစ်ကောင် ဆေးပြင်းလိပ်။
၃၆။ ဦးရွှေဇံ-ဒေါ်သိန်းညွန့် မိသားစု ၄၄၀၊ သိမ်ဖြူ ဆင်ဒေါင်း။
၃၇။ ဦးစိန်မောင် သွားဆရာဝန် သိမ်ဖြူလမ်း။
၃၈။ ဦးစိန်ထွန်း-ဒေါ်သုံ မိသားစု အမှတ် ၄၊ ၂-လမ်း၊ လှတ်လပ်ရေးရပ်ကွက်။
၃၉။ ဦးအုံးလှိုင်-ဒေါ်မမလေး အောင်ဘောဂလဘက်ရေဆိုင် ၂၆၅၊ ဗျိုင်းရေအိုးစင်။

၄၀။ ဒေါ်ဖုံ(မိုးကုတ်ကျောင်းအမ)မိသားစု ၄၇၊သုခိတာ ဂူတ္တလစ်။

၄၁။ ဦးသောင်းရွှေ-ဒေါ်သန်းတင် သဇင်ပန်း ဆေးလိပ်ရုံ ဂူတ္တလစ်။

၄၂။ ဦးစံလှိုင်-ဒေါ်သိန်းတင် ဝိမုတ္တိသုခတိုက်ကျောင်း မိုးကုတ်။

၄၃။ ဦးလှကြီး-ဒေါ်ချင်းမိသားစု စက်မှုလက်မှုရပ်ကွက်။

၄၄။ ဒေါ်စိန်မေနှင့်သားများ ဗိုလ်ဗထူးလမ်း၊ တာမွေ။

၄၅။ ဦးအုံးဖေ- ဒေါ်စော မိသားစု ဗိုလ်ဗထူးလမ်း၊ တာမွေ။

၄၆။ ဦးလှဖေ-ဒေါ်သိန်းညွန့် မိသားစု ဗိုလ်လကျ်ာလမ်း၊ တာမွေ။

၄၇။ ဦးမောင်မောင်-ဒေါ်သန်းကြည် ဗိုလ်လကျ်ာလမ်း၊ တာမွေ။

၄၈။ ဒေါ်ကြွေနှင့် ညီမများ ဗိုလ်လကျ်ာလမ်း၊ တာမွေ။

၄၉။ မောင်တင်မြင့် - မသိုက် မိသားစု ဗိုလ်လကျ်ာလမ်း၊ တာမွေ။

၅၀။ ဦးထွန်းအောင် ဒေါ်လွန်းမိသားစု ဗိုလ်ဗထူးလမ်း၊ တာမွေ။

၅၁။ ဒေါ်ရွှေမှုံ မောင်အောင်သိန်း-မသန်းကြွယ်မိသားစု ဗိုလ်မင်းခေါင်။

၅၂။ ဦးဘတွေ-ဒေါ်သောင်း ၂၆၊ ဗိုလ်ထွန်းလင်းလမ်း။

၅၃။ ဒေါ်ဟုန် သားသမီးမြေးများ အမှတ်၇၊ ၁၅၈–လမ်း၊ တာမွေ။
၅၄။ ဦးအင်းဟုတ်–ဒေါ်စက်တင် မိသားစု ကျိုက္ကစံလမ်း။
၅၅။ ဦးဘိုးထောင်–ဒေါ်စီ သား– ရဝေထွန်း ရွှေနှင်းဆီ မှုံတိုက်၊ တာမွေ။
၅၆။ ဦးကိုကိုကြီး – ဒေါ်ခင်စီ မိသားစု ၁၆၇–လမ်း၊ တာမွေ။
၅၇။ ဦးသောင်းထွန်း–ဒေါ်ခင်နု မိသားစု ၁၆၅–လမ်း၊ တာမွေ။
၅၈။ ဒေါ်ဆွဲ မောင်နှမတစု မဂျစ်လမ်း၊ တာမွေ။
၅၉။ ဦးဘသိန်း–ဒေါ်ငွေစော ပုဇွန်တောင်။
၆၀။ ဦးထွန်းခိုင်–ဒေါ်အေးချစ် မိသားစု ၅၊ မြခွါညို ပုဇွန်တောင်။
၆၁။ ဦးမောင်မောင်တင်– ဒေါ်ကျင်ယုံ မိသားစု ပွဲစားတန်း၊ ပုဇွန်တောင်။
၆၂။ ဦးဘငွေ–ဒေါ်နက်မိသားစု ပွဲစားတန်းပုဇွန်တောင်၊
၆၃။ ဒေါ်ခင် သမီး မရင်မေ ခြောက်ထပ်မြေ။
၆၄။ ဦး သံ ဝ ရ ပိဋက ကျောင်း၊ ခြောက် ထပ် ကြီး ဘုရားကြီးတိုက်။
၆၅။ ဒေါ်စိန်ရင်၊ ဒေါ်မြစိန် ရေလည်ကျွန်း၊ ဟသ်ာတမြို့။
၆၆။ ဦးဘဆိုင်–ဒေါ်စိန်နု မိသားစု အင်္ဂလိပ်ကျောင်း လမ်း၊ ခရမ်းမြို့။

၆၇။ ဦးညွန့်မောင် - ဒေါ်ညွန့်ရီ သား မောင်ကံမော်
ဥ၊ သစ္စာလမ်း၊ တ-ဥက္ကလာ။

၆၈။ ဒေါ်အုံးမြစ် ကျောင်းဆရာမကြီး ရွှေ၁၊ ခရမ်းမြို့။

၆၉။ ဦးဝိလာသ သာသနဟိတ ခြောက်ထပ်ကြီး။

၇၀။ ဦးရေခဲ- ဒေါ်ခင်လှိုင် မိသားစု ၂/၁၆၄၈၊ တိုးချဲ့
၁-ရပ်ကွက်၊ သာကေတ။

၇၁။ ဦးအုံးဖေ-ဒေါ်စိန်းမြ မိသားစု ၁၅၃၊ ၃-ရပ်ကွက်။
သာကေတ။

၇၂။ ဦးချန်ထွန်း-ဒေါ်ပို မိသားစု ၆/၁၃ ၃-ရပ်ကွက်၊
သာကေတ။

၇၃။ ဦးလှိုင်ပေါ် - ဒေါ်သန်းတင့် ၂၁၀၊ နဝရတ်လမ်း၊
(၈)ရပ်ကွက်၊ သာကေတ။

၇၄။ ဦး သောင်း ညွန့် - ဒေါ် တင် တင် စိုး သို့မီး ပပမိုး
ရွှေတောင်ကြီးထိဆိုင်။

၇၅။ ဦးလှရွှေ-ဒေါ် အုံး မိသားစု ဆရာဖြစ်သင်ကျောင်း
အနီး၊ ကျောက်ကုန်း။

၇၆။ ဦးကျော်ထွန်း - ဒေါ်မြသွင် ဒို့ရွှေတောင်ဆံစက်
ပုဇွန်တောင်။

၇၇။ ဦးမြင့်သိန်း - ဒေါ်အေးကြည် ခြသေ့်မင်း သစ်စက်၊
တ-ဥက္ကလာ။

၇၈။ ဒေါ်ရင်နု အမှတ် ၂၆၊ ဗိုလ်နန္ဒနီလမ်း၊ ဂွတ္တာလစ်။

၇၉။ သမီးစန္ဒာမင်းမြင့် ရည်စူး၍ ဦးမင်းထွေး - ဒေါ်
မြင့်မြင့်ဖြူ၊ မင်းမနိုင်။

၈၀။ ဦးအောင်ချစ်–ဒေါ်နှင်းငွေ ပဒေသာလမ်း၊အပိုင်း၁၂၅၈၊ ဘောက်ထော်။
၈၁။ ဒေါ်ခေမာနှင့် မိတ်ဆွေတစု ရွှေမင်းဝံ။
၈၂။ ဒေါ်ငွေလှိုင် တိုက် ၂၀၃၊ လမ်း ၃၀။
၈၃။ ဒေါ်စိန်းကြည်–မိသားစု ၁၃–လမ်း။
၈၄။ ဦးညိမ်းမောင်–ဒေါ်သန်း ဒလမြို့။
၈၅။ ဦးဇာနဒ္ဓဝံသ သာသနရိပ်သာ၊ အိမ်မဲမြို့။
၈၆။ ဒေါ်မှတ်ကြီး အမှတ် ၆–ဈေးလမ်း အောက်ပုဇွန်တောင်။
၈၇။ ဒေါ်အေးညွန့် ဆိုင်အမှတ် ၁၅– အုံးငှက်ပျောအောက်ပုဇွန်တောင်။
၈၈။ ဒေါ်ကြည် ဆိုင်အမှတ် ၁၂၀– အုံးငှက်ပျောအောက် ပုဇွန်တောင်။
၈၉။ ဦးဗိုလ်အောင်–ဒေါ်ဝင်းစိန် မိသားစု ရိုးကြီးခရမ်း။
၉၀။ ဦးစိန်ထွန်း–ဒေါ်ဟန်တင် သွဲ့ မသက်သက်မော်တက္ကသိုလ်စက်မှုအထည်အလိပ်မှုး။

——